# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နယုန်လပြည့်ကျော် (၂) ရက် ၊ တနင်္ဂနွေနေ့ ၊ (4-6-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၃၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုပဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း စစ်တွေမြို့အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ ဆိပ်ကမ်းများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းတင်ချနေမှုများ ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများက စစ်တွေမြို့အတွင်း လမ်းဘေးဝဲယာတစ်လျှောက်ရှိ အမှိုက်များနှင့် သစ်ပင်သစ်ကိုင်းများ ရတ်ထွင်ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇွန် ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ ဆိပ်ကမ်းများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများတင်ချနေမှု၊ စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသပေးနေမှုနှင့် မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်များ ထောက်ပံ့ဖြန့်ခွဲပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ဦးစွာ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့သည် စစ်တွေမြို့ ကျောင်းကြီးလမ်းရပ်ကွက် ကျောင်းကြီးလမ်းနှင့် မင်းဘာကြီးလမ်းဘေးဝဲယာတစ်လျှောက်ရှိ အမှိုက်များနှင့် သစ်ပင်သစ်ကိုင်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူစုစုပေါင်းအင်အား ၆၀၀ ကျော်ဖြင့် **စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်ပုဒ်ပြိုင်ပွဲများအတွက် ဆုရသူများစာရင်း ထုတ်ပြန်ကြေညာ**

စာမျက်နှာ - ၁၈


ပွဲကောက်ရေတံခွန်

(BE.FALLS)

အပန်းဖြေစခန်း



Sky Cable Carကိုဖွင့်လှစ်ပြီးဖြစ်တဲ့အတွက် Sky Cable Car စီးနင်းရင်း ပြင်ဦးလွင် ပန်းမြို့တော်၏သဘာဝပတ်ဝန်းကျင်အလှများကို ကြည့်ရှုခံစားနိုင်ပြီဖြစ်ပါသည်။

ရတနာပုံ
၂၀၂၃ ခုနှစ် ဇွန် ၄ ရက်

အယ်ဒီတာ့အာဘော်

# ဝမ်းပျက်ဝမ်းလျှောရောဂါ သတိပြုကာကွယ်

ဝမ်းပျက်ဝမ်းလျှောရောဂါသည် မိုးကာလတွင် အဖြစ်များလေ့ရှိသည်။ အဆိုပါရောဂါသည် နှစ်စဉ် မိုးတွင်းကာလရောက်တိုင်း ကူးစက်ပြန့်ပွားသည့် ရောဂါဖြစ်သည်။ ထို့ပြင် ရာသီမရွေးလည်း ဖြစ်ပွားတတ်ပြီး အထူးသဖြင့် မိုးတွင်းကာလတွင် အဖြစ်များသောကြောင့် သတိပြုကာကွယ်ကြရမည်ဖြစ်သည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေမြောင်းများပိတ်ဆို့ပြီး လမ်းများပေါ်တွင် ရေဆိုး ရေညစ်များနှင့်အတူ မိုးရေလျှံတက်မှုဖြစ်ပွားလေ့ရှိသည်။ ရေပြန်ကျသွားသောအခါ အညစ်အကြေးအနည်အနှစ်များ တင်ကျန်ရစ်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါကို ဖြစ်စေတတ်သော ကူးစက်ရောဂါပိုးမွှားများ ပေါက်လာပြီး ဝမ်းပျက်ဝမ်းလျှောရောဂါကိုဖြစ်စေသည်။ ရောဂါပိုးသည် ကူးစက်ခံရသူ၏ အူလမ်းကြောင်းသို့ အဆိပ်ဓာတ်တစ်မျိုးထုတ်လွှတ်ကာ ခန္ဓာကိုယ်အတွင်းရှိ အရည်ဓာတ်နှင့် ဆားဓာတ်များကို အချိန်တိုအတွင်း လျင်မြန်စွာဆုံးရှုံးစေသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါသည် မသန့်ရှင်းသည့် အစားအစာများ၊ မသန့်ရှင်းသည့် သောက်သုံးရေများ၊ အမှည့်လွန်သစ်သီးများ၊ ယင်နားစာများ၊ လက်လုပ်ချဉ်များ၊ သန့်ရှင်းမှုအားနည်းသော လမ်းဘေးအစားအစာများ စသည်တို့ကို စားသုံးမိသောကြောင့် ဖြစ်ပွားစေသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုသည် ကိုယ်ခံအားနည်းသော ကလေးငယ်များ၊ သက်ကြီးရွယ်အိုများတွင် ဖြစ်ပွားပါက အသက်အန္တရာယ်စိုးရိမ်ရပေသည်။

ကမ္ဘာပေါ်တွင် နှစ်စဉ် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ သုံးသန်းမှ ငါးသန်းထိ ဖြစ်ပွားလေ့ရှိပြီး ၎င်းတို့အနက် တစ်သိန်းခန့်သည် ဝမ်းရောဂါကြောင့် သေဆုံးရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။ အလားတူ မြန်မာနိုင်ငံရှိ အသက် ငါးနှစ်အောက် ကလေးများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုများကြောင့် ထူးခြားဖြစ်စဉ်တစ်ရပ်အနေဖြင့် မြန်မာနိုင်ငံရှိ အသက်ငါးနှစ်အောက်ကလေးငယ်များ သေဆုံးသူအရေအတွက်၏ ၁၀ ရာခိုင်နှုန်းခန့်သည် ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့်ဖြစ်ကြောင်း ၂၀၁၃ ခုနှစ်တွင် သုတေသနပြုခဲ့သော စစ်တမ်းများအရ သိရသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါ၏ ရောဂါလက္ခဏာများအနေဖြင့် ဝမ်းအရည်များအဆက်မပြတ်သွားခြင်း၊ အော့အန်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ အစာစားချင်စိတ်မရှိခြင်း၊ ကြွက်တက်ခြင်း စသည့်ရောဂါလက္ခဏာများဖြစ်သည်။ ကြိုတင်ကာကွယ်သည့်အနေဖြင့် အစာမစားမီနှင့် အစားအစာမပြင်ဆင်မီအချိန်တိုင်း၊ အညစ်အကြေးနှင့် အမှိုက်သရိုက်များ ကိုင်တွယ်ပြီးချိန်တိုင်း၊ နှာချေးချောင်းဆိုးပြီးချိန်တိုင်းတို့တွင် လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောကြရမည်ဖြစ်သည်။ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေချိန်တွင်လည်း ဓာတ်ဆားရည်ကို အဆက်မပြတ်သောက်ပေးခြင်းဖြင့် ကာကွယ်နိုင်ပေသည်။

သို့ဖြစ်ရာ ဝမ်းပျက်ဝမ်းလျှောရောဂါသည် မိုးကာလတွင် ဖြစ်ပွားမှုများပြီး မသန့်ရှင်းသည့် အစားအစာများ၊ သောက်သုံးရေ၊ ယင်နားစာများ၊ အမှည့်လွန်သစ်သီးများကြောင့်ဖြစ်ပွားတတ်သည်။ ထို့ကြောင့် အဆိုပါအစားအစာများကိုရှောင်ကြဉ်၍ ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရန် အသိသတိတို့ဖြင့် ဂရုပြုကာကွယ်ကြရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဇွန် ၃**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၃၂၁၉၄၄ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နယ်စုံဒေသက ဘုရားဖူးတွေ လာရောက်ဖူးမြော်ကြပါတယ်။ လိုဏ်ဂူတော်အတွင်းကိုလဲ ဘုရားဖူးတွေ ဝင်ရောက်လေ့လာကြပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးတွေ ထားရှိပေးထားပြီး ဘုရားဖူးတွေကလဲ ဝင်ရောက်လိမ်းခြယ်ကြပါတယ်။ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပါတယ်။ စနေ၊ တနင်္ဂနွေတို့၊ လပြည့်၊ လကွယ်တို့ဆိုရင် ဘုရားဖူးဦးရေ ပိုတိုးပါတယ်"ဟု ဝေဠုဝန်ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ ညနေထိ ဘုရားဖူး ၂၅၆၅ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူးဦးရေ ၃၁၈၈၁၀ လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၅၆၉ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# ပြည်ပကဝယ်ယူမှုများခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း စမုန်စပါးနှင့် စမုန်နက်များ ဈေးကောင်းရရှိနေ

**မန္တလေး ဇွန် ၃**

ပြည်ပက ဝယ်ယူမှုများခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း စမုန်စပါးနှင့် စမုန်နက်များ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

မန္တလေးဈေးကွက်အတွင်း စမုန်စပါးဈေးနှုန်းမှာ ပြီးခဲ့သည့်နှစ် ကာလတူအချိန်က တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ သာရှိခဲ့သော်လည်း ယခုရက်ပိုင်းအတွင်း တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ ရှိကြောင်း၊ စမုန်နက်ဈေးနှုန်းမှာလည်း ပြီးခဲ့သည့်နှစ် ကာလတူအချိန်က တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ သာ ရှိခဲ့သော်လည်း ယခုရက်ပိုင်းအတွင်း တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ ရှိကြောင်း သိရသည်။

"မန္တလေး ဈေးကွက်ထဲမှာ စမုန်စပါးနဲ့ စမုန်နက်တွေ သိသိသာသာ ဈေးကောင်းလာတယ်။ ပြည်ပ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဒီပစ္စည်းတွေကို ဟင်းခတ်အမွှေးအကြိုင်အဖြစ် ဟင်းချက်ရာမှာ မပါမဖြစ် ထည့်သွင်းအသုံးပြုကြတယ်။ ဒါ့ပြင် ဆေးဝါးဖော်စပ်တဲ့နေရာမှာလဲ အသုံးပြုကြတယ်လို့ သိရတယ်။ အခုချိန်လဲ ဝယ်ယူမှုတွေရှိပါတယ်။ ဒီနှစ်က အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ ပြည်ပကို တင်ပို့ရသလို ပြည်တွင်းမှာလဲ အသုံးတည့်ပါတယ်။ ဒါကြောင့် စမုန်စပါးနဲ့ စမုန်နက်သီးနှံကို တောင်သူတွေ တိုးချဲ့ စိုက်ပျိုးသင့်ပါတယ်"ဟု စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြသည်။

စမုန်စပါးနှင့် စမုန်နက်သီးနှံကို ပြည်ပပို့ကုန်အဖြစ် အဓိကတင်ပို့ရောင်းချပြီး မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌သာ ဆောင်းသီးနှံအဖြစ် အဓိက စိုက်ပျိုးကြကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

# မတ္တရာမြို့နယ် စိန်ပန်းကုန်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ဧရာဝတီလင်းပိုင် ၁၆ ကောင် ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိ

**မန္တလေး ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စိန်ပန်းကုန်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ဧရာဝတီလင်းပိုင် ၁၆ ကောင် ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ဧရာဝတီမြစ်အတွင်း ရေများချိန်ကာလဖြစ်သောကြောင့် အစာပေါများစွာ ရရှိနိုင်မည့်နေရာများသို့ ဧရာဝတီလင်းပိုင်များ အုပ်စုလိုက်ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိကြောင်း၊ ဧရာဝတီလင်းပိုင်များသည် မေလအတွင်းက မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးတွင် အုပ်စုလိုက်နေထိုင်ကျက်စားလျက်ရှိကြောင်း၊ ယခုအခါ မတ္တရာမြို့နယ် စိန်ပန်းကုန်းကျေးရွာအနီးတွင် ဧရာဝတီလင်းပိုင်များ အုပ်စုလိုက် နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

"ဧရာဝတီမြစ်ထဲမှာရှိတဲ့ ဧရာဝတီလင်းပိုင်တွေရဲ့ အခြေအနေတွေ သွားပြီးကြည့်ဖြစ်တယ်။ သားပေါက်တွေ ထပ်ပေါက်တာရှိလား၊ သေဆုံးတာတွေရှိလားဆိုတာ ၄ွန် ၂ ရက် မနက်ပိုင်းလောက်က စက်လှေနဲ့သွားကြည့်ဖြစ်တယ်။ အခုလတ်တလောတော့ ဧရာဝတီလင်းပိုင်တွေ သားပေါက်တာအပြင် သေဆုံးတာတွေလဲ မတွေ့ရှိခဲ့ပါဘူး။ လတ်တလောမှာတော့ မတ္တရာမြို့နယ် စိန်ပန်းကုန်းကျေးရွာအနီးမှာ ဧရာဝတီလင်းပိုင် ၁၆ ကောင်လောက် အုပ်စုလိုက်ပြောင်းရွှေ့နေထိုင်ကျက်စားတာကိုတွေ့မြင်ခဲ့ရပါတယ်"ဟု ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြသည်။

ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးဇရိယာဖြစ်သည့် မန္တလေးမှ ကျောက်မြောင်းကြားတွင် နေထိုင်ကျက်စားလျက်ရှိသည့် ဧရာဝတီလင်းပိုင်များကိုလည်း ရေလုပ်သားများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မကာအိုနှင့် ကန်တုံဒေသတို့တွင် ကျင်းပမည့် ကုန်အမှတ်တံဆိပ်ထုတ်ကုန်ပြပွဲ၌ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသမည်

**ရန်ကုန် ဇွန် ၃**

မကာအိုနှင့် ကန်တုံဒေသတို့တွင်ကျင်းပမည့် ကုန်အမှတ်တံဆိပ်ထုတ်ကုန်ပြပွဲ၌ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာ အောင်ဝင်းက ပြောပြ၍ သိရသည်။

မကာအိုမြို့ရှိ Galaxy International Convention Center ၌ ဇူလိုင် ၂၇ မှ ၃၀ ရက်ထိ (၁၅) ကြိမ်မြောက်ကျင်းပမည့် မကာအိုနှင့် ကန်တုံဒေသကုန်အမှတ်တံဆိပ်ထုတ်ကုန်ပြပွဲ (Guangdong and Macao Branded Products Fair 2023) သို့ တက်ရောက်မည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်ဦးရေ ၄၀ ခန့်ရှိကြောင်း သိရသည်။

"မကာအိုနဲ့ ကန်တုံဒေသကုန်အမှတ်တံဆိပ်ထုတ်ကုန်ပြပွဲမှာ မြန်မာနိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေလဲ ပါဝင်ပြသသွားမှာဖြစ်ပါတယ်။ မြန်မာစီးပွားရေးလုပ်ငန်းရှင်တွေအတွက် ပြပွဲစီစဉ်သူတွေက ပြခန်းပေါင်း ၂၀ လောက် လျာထားပြင်ဆင်ထားတယ်လို့ သိရပါတယ်။ ပြခန်းတစ်ခန်းအတွက် မကာအိုဒေါ်လာ ၁၄၀၀ သွင်းရမှာဖြစ်ပါတယ်။ ပြပွဲစီစဉ်သူတွေကတော့ ခွင့်ပြုထားပါတယ်။ ပြခန်းတစ်ခန်းစီအတွက် လာရောက်ပြသမဲ့ ကုန်စည်တွေ သယ်ယူပို့ဆောင်စရိတ်အနေနဲ့ မကာအိုဒေါ်လာ ၃၀၀၀ ပံ့ပိုးပေးမယ်လို့လဲ သိရပါတယ်။ မြန်မာလုပ်ငန်းရှင်တွေအတွက် နိုင်ငံတကာက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ချိတ်ဆက်တွေ့ဆုံမှုတွေ ရရှိနိုင်မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာ အောင်ဝင်းက ပြောပြသည်။

အဆိုပါပြပွဲတွင် နိုင်ငံပေါင်း ၁၂၀ ခန့်မှ ကုမ္ပဏီနှင့်အဖွဲ့အစည်းပေါင်း ၄၀၀ ကျော်က ထုတ်ကုန်များကို ခင်းကျင်းပြသသွားမည်ဖြစ်ပြီး စုစုပေါင်းပြခန်းပေါင်း ၇၀၀ ခန့် ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ASH



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မဝိတာဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၆၂ လမ်း၊ ၁၂၆ လမ်းနှင့် ၁၂၇ လမ်းကြားနေ ဦးဝင်းမောင်-ဒေါ်ခင်ဌေးယမင်းဇော်မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# မအူပင်မြို့မှ ရန်ကုန်မြို့သို့ မေလအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၂၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**မအူပင် ဇွန် ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့မှ ရန်ကုန်မြို့သို့ မေလအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၂၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မအူပင်မြို့ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဥမ္မာအောင်ထံမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့်ဧပြီလက မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၁၄၅၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး မေ ၁ ရက်မှ မေ ၃၁ ရက်ထိ တစ်လအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၂၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် မတ်ပဲများကို မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး လုပ်ငန်းရှင်များက ဝယ်ယူပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ရန်ကုန်မြို့ကို မတ်ပဲတွေ မေလထဲမှာ တင်ပို့မှုအားကောင်းခဲ့တယ်။ လက်ရှိလဲ ဒေသထွက်ပဲတွေကို ရန်ကုန်ဘက်က အဝယ်လိုက်နေပါတယ်။ မတ်ပဲတွေကို ပြည်ပဈေးကွက်က ပြန်လည်ဝယ်ယူမှု အားကောင်းလာတာကြောင့် ရန်ကုန်ဘက်ကလဲ ဝယ်ယူမှုအားကောင်းလာတာဖြစ်တယ်။ ဒေသထွက်ပဲတွေ၊ စပါးတွေကို ဒီဘက်ကကုန်သည်ပွဲရုံလုပ်ငန်းရှင်တွေက ရန်ကုန်မြို့ကို တင်ပို့ရောင်းချတာဖြစ်တယ်။ မတ်ပဲနဲ့ ပဲတီစိမ်းတွေကိုတော့ ပြည်ပဈေးကွက်အနေနဲ့ တရုတ်နိုင်ငံဘက်ကို အများဆုံး တင်ပို့ရောင်းချတာပါ။ အခု ပြည်ပဈေးကွက်ကလဲ တော်တော် အဝယ်လိုက်လာတယ်လို့ သိရပါတယ်"ဟု မအူပင်မြို့ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်ဥမ္မာအောင်က ပြောပြသည်။

မအူပင်မြို့မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချခဲ့သည့် မတ်ပဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စဉ့်ကူးမြို့နယ် ကျောက်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**စဉ့်ကူး ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကျောက်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဇွန် ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ကျောက်တိုင်ကျေးရွာ၌ စီမံကိန်းစာရင်းဇယားများဖြည့်သွင်းထားရှိမှုအခြေအနေများနှင့် စီမံကိန်းပံ့ပိုးရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကျောက်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၄၅ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**

# မိုင်းဖြတ်မြို့နယ် ဝမ်နောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေး

**မိုင်းဖြတ် ဇွန် ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ဝမ်နောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို ဇွန် ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာအုပ်ပါလမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့် အတိုး၊ အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၈၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဝမ်နောင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် ၁၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၂၆၉ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၈၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဝင်းမာ**



# သစ္စာရှိဖောက်သည်များရှာဖွေပါ

မျိုးသူ(ကုန်သွယ်မြင့်)

ကုန်ပစ္စည်းတစ်ခုကိုရောင်းချပြီဆိုလျှင် သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းကိုလုပ်ကိုင်ပြီဆိုလျှင် ဖောက်သည်များများရှိရေးနှင့် သစ္စာရှိသောအထူးဖောက်သည်များများရှိရေးသည် အလွန်အရေးကြီးသည်။ ဆိုင်တစ်ဆိုင်အောင်မြင်သည်ဆိုလျှင် ထိုဆိုင်ရောင်းချသည့်ပစ္စည်းကို အခြားသူများက လိုက်လံရောင်းချတတ်ကြသည်။ ယခင်ဆိုင်ကဲ့သို့ မိမိက လိုက်လံတုပရောင်းချသော်လည်း အောင်မြင်ခြင်းမရှိတတ်သည်ကို တွေ့ရတတ်သည်။

အောင်မြင်သောဆိုင်ဆိုသည်မှာ သစ္စာရှိဖောက်သည်များကြောင့် အောင်မြင်နေခြင်းဖြစ်သည်။ သူ၏ဖောက်သည်များကို ကောင်းစွာဆွဲဆောင်စည်းရုံးထားနိုင်ခြင်းသည်သာ သူ၏ သော့ချက်ဖြစ်သည်။ အောင်မြင်မှုကိုဆုံးဖြတ်နိုင်ခြင်းသည် ဆိုင်၏ ဆက်ဆံရေး၊ ဝန်ဆောင်မှု၊ အရည်အသွေးနှင့် သစ္စာရှိဖောက်သည်များအပေါ် လေးလေးစားစားဆက်ဆံခြင်းများက ကုန်ပစ္စည်းအမျိုးအစားထက် ပိုမိုအရေးပါတတ်သည်။ ဖောက်သည်များတိုးပွားရေးသည် စီးပွားရေးလုပ်ငန်းတိုးချဲ့နိုင်ခြင်းနှင့်များစွာဆက်စပ်နေသည်။ ထို့ကြောင့် ကျွန်တော်တို့သည် သစ္စာရှိဖောက်သည်များ တိုးပွားရေးကို အစဉ်သတိပြုနေရန်လိုသကဲ့သို့ ရှိပြီးဖောက်သည်များ မလျော့ပါးရေးကိုလည်း သတိပြုနေရန်လိုအပ်ပါသည်။

**သစ္စာရှိဖောက်သည်ဆိုသည်မှာ**

ဖောက်သည်၏ သစ္စာရှိခြင်းကိုဖော်ပြသည့်အချက်မှာ ပြိုင်ဘက်များကြားတွင် မိမိဆိုင်ကိုစဉ်ဆက်မပြတ်ဝယ်ယူအားပေးတတ်ခြင်းပင်ဖြစ်သည်။ များသောအားဖြင့် သစ္စာရှိဖောက်သည်နှင့် ဆိုင်ရှင် သို့မဟုတ် ဆိုင်တို့ကြားတွင် ထူးခြားသောဆက်ဆံရေး သို့မဟုတ် ရှည်ကြာသောဆက်ဆံရေးမျိုးရှိတတ်သည်။ သစ္စာရှိဖောက်သည် မိမိဆိုင် သို့မဟုတ် မိမိလုပ်ငန်းနှင့်ပတ်သက်၍ အကောင်းမြင်စေသည့်ကိစ္စမျိုး ကြိမ်ဖန်များစွာဖြစ်တည်ခဲ့ခြင်းဖြစ်သည်။ ကောင်းသောအတွေ့အကြုံများ ဖောက်သည်နှင့် ပိုင်ရှင်ကြားတွင် အများအပြားရှိခြင်းသည် ထူးခြားချက်ပင်ဖြစ်သည်။ ယုံကြည်မှုခိုင်ခိုင်မာမာဖြစ်ထွန်းနေခြင်းပင်ဖြစ်သည်။ အခြားသောပြိုင်ဘက်များ၊ ရောင်းချသူများတွင် ဝယ်သူမည်မျှပင်ရှိစေကာမူ သစ္စာရှိဖောက်သည်မှာ ပစ္စည်းကို ဝယ်နေကျဆိုင်ကသာ ဝယ်ယူတတ်ကြသည်။ ထို့ပြင် ကောင်းသတင်းကိုလည်း နီးစပ်ရာဆွေမျိုးသားချင်းများ၊ မိတ်ဆွေသူငယ်ချင်းများကို ဖြန့်ဝေပေးတတ်သည်။ တစ်နည်းအားဖြင့် သစ္စာရှိဖောက်သည်က ကုန်ပစ္စည်းကို မှန်မှန်ဝယ်ယူတတ်သည်သာမက ယုံကြည်မှုအပြည့်ဖြင့် အခြားသောသူများကို ကြော်ငြာပေးသောအလုပ်ကိုလည်း အခမဲ့ဆောင်ရွက်ပေးတတ်သည်။ ထို့ကြောင့် လုပ်ငန်းရှင်နှင့် ဖောက်သည်တို့ကြားတွင် ခိုင်မာသောသံယောဇဉ်ကြိုးကို ယုံကြည်မှုဖြင့် တည်ဆောက်ထားတတ်သည်ကိုတွေ့နိုင်သည်။ အချို့သောဖောက်သည်များသည် အခြားပြိုင်ဘက်များနှင့် အခြားမိတ်ဆွေများက မည်မျှပင်ပြောစေကာမူ မိမိဝယ်ယူနေကျ Brand ကိုသာ စွဲစွဲမြဲမြဲနှစ်ပေါင်းများစွာကြာအောင် ဝယ်ယူအားပေးနေတတ်သည်။

ဌာနကြီးတစ်ခုမှ အကြီးဆုံးပုဂ္ဂိုလ်ကြီးတစ်ဦးသည် ဆေးလိပ် အထူးသဖြင့် ဆေးပေါ့လိပ်ကို နာမည်တစ်မျိုးတည်းဖြင့် အရည်အသွေးတစ်မျိုးတည်းကိုသာ နှစ်ပေါင်းများစွာကြာမြင့်အောင်သုံးစွဲခဲ့သည်။ ထိုဆေးလိပ်ထုတ်လုပ်သူကလည်း ဌာနအကြီးအကဲကြိုက်နှစ်သက်ပြီး နှစ်ပေါင်းများစွာကြာအောင် အားပေးခဲ့သောအလတ်စားဆေးပေါ့လိပ်အမျိုးအစားကို ထုတ်လုပ်ခြင်းမရှိတော့သည့်တိုင်အောင် အဆိုပါ ဌာနအကြီးအကဲ သို့မဟုတ် သစ္စာရှိဖောက်သည်အတွက် အလတ်စားဆေးပေါ့လိပ်ကို သီးခြားထုတ်လုပ်ပေးခဲ့သည်ကို တွေ့ခဲ့ရသည်။ ထိုဆေးလိပ်လုပ်ငန်းရှင်၏ သစ္စာရှိဖောက်သည်ကို များစွာတန်ဖိုးထားပြီးဆက်ဆံသည့်နမူနာကို မှတ်သားအတုယူဖွယ်ဖြစ်သည်။

မည်သည့်အတွက် သစ္စာရှိဖောက်သည်အဖြစ်ရောက်ရှိသည်ကိုစဉ်းစားမည်ဆိုလျှင် ဖောက်သည်နှင့်ကုမ္ပဏီတို့သည် အကြိမ်များစွာထိတွေ့ဆက်ဆံမှုရှိကြပြီး ဖောက်သည်၏ မျှော်လင့်ထားသည့်အခြေအနေကို အကြိမ်များစွာ ကုမ္ပဏီဘက်က ဖြည့်စွမ်းနိုင်သည့်အတွက်ဖြစ်သည်ဟုဆိုနိုင်သည်။ သစ္စာရှိဖောက်သည်၏ ၈၃ ရာခိုင်နှုန်းက တံဆိပ်ပေါ်တွင် စွဲမြဲစွာအားပေးရခြင်းမှာ အဆိုပါတံဆိပ်ကို ယုံကြည်မှုရှိခြင်းနှင့် ကျေနပ်နှစ်သက်ခြင်းကြောင့်ဖြစ်သည်ဟုဆိုသည်။

**ဘာကြောင့်အရေးကြီး**

ဖောက်သည်များ၏ သစ္စာရှိစွာအားပေးမှု၊ ဝယ်ယူမှုသည် စီးပွားရေးလုပ်ငန်းကို မောင်းနှင်သောအားပင်ဖြစ်သည်။ အကျိုးသက်ရောက်မှုများစွာကို ဖြစ်ထွန်းစေနိုင်သည်။ သစ္စာရှိဖောက်သည်များသည် ပျော်ရွှင်ကျေနပ်စွာဖြင့် အားပေးသူများဖြစ်ပြီး ထိုသူတို့မရှိလျှင် လုပ်ငန်းသည် ရှင်သန်နိုင်ခြင်းမရှိဘဲ ကျဆုံးမည်သာဖြစ်သည်။ ဖောက်သည်အသစ်များမှာ ဈေးနှုန်းကြောင့်သာဝယ်ယူခြင်းမျိုးဖြစ်တတ်ပြီး သစ္စာရှိဖောက်သည်ကဲ့သို့ မိမိ၏ကုန်ပစ္စည်းကို ပုံအောဝယ်ယူအားပေးခြင်းမျိုးပြုလုပ်မည်မဟုတ်ပေ။ သို့ရာတွင် အသစ်အသစ်သောဝယ်ယူသူများမှသည် သစ္စာရှိဖောက်သည်များထိဖြစ်လာရေးအတွက်လည်း ကုမ္ပဏီလုပ်ငန်းရှင်က ကြိုးစားပြုရမည်ဖြစ်ပြီး မိမိကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် ဝန်ဆောင်မှုကောင်းမွန်သည်ဆိုသည်ကို သစ္စာရှိဖောက်သည်များက အာမခံကြမည်ဖြစ်သည်။ ထို့ပြင် သစ္စာရှိဖောက်သည်များသည် ရေရှည်ဝယ်ယူသူများဖြစ်သဖြင့် လုပ်ငန်းကို ရေရှည်ထိန်းသိမ်းထားရန်အတွက် သစ္စာရှိဖောက်သည်များ မရှိမဖြစ်လိုအပ်သည်။ သူတို့သည် လုပ်ငန်းကိုဖွံ့ဖြိုးတိုးတက်ရန်နှင့် အကျိုးအမြတ်ကောင်းမွန်စေရန် ကူညီမည့်သူများဖြစ်ကြသည်။ အချိန်နှင့် အကြိမ်များစွာ အားပေးဝယ်ယူသူများသည်နှင့်အမျှ လုပ်ငန်းကို ရေရှည် အကျိုးအမြတ်တိုးပွားစေပြီး တိုးတက်လာမည်ဖြစ်သည်။

ဥပမာအားဖြင့် ခွက်တစ်ခုထဲသို့ ရေစီးဝင်နေသည့်အခါ တဖြည်းဖြည်းရေမျက်နှာပြင်သည် မြင့်တက်လာသည်ကို တွေ့နိုင်သည်။ အလားတူပင် ဖောက်သည်များတိုးပွားလာပြီး သစ္စာရှိဖောက်သည်များဖြစ်လာသည်နှင့်အမျှ ခွက်ထဲတွင်ရေများလာသကဲ့သို့ ဖြစ်လာပါမည်။ ဖောက်သည်များလာသည်နှင့်အမျှ လုပ်ငန်း၏အကျိုးအမြတ်လည်း တိုးပွားလာမည်ဖြစ်သည်။ အဆိုပါခွက်တွင် အပေါက်တစ်ခုရှိနေပါက ရေများဖြည့်နေသော်လည်း တိုးပွားမလာဘဲ အပေါက်မှရေများပြန်လည်ဆုံးရှုံးနေမည်ဖြစ်သည်။

အလားတူပင် ဖောက်သည်များကို ရေရှည်တည်တံ့နေအောင် ထိန်းသိမ်းမထားနိုင်ပါက ဖောက်သည်ဆုံးရှုံးမှုများနှင့်ရင်ဆိုင်ရပြီး အကျိုးအမြတ်လည်း တိုးတက်လာမည်မဟုတ်ပေ။ ထို့ကြောင့် သစ္စာရှိဖောက်သည်ဟူသော ရေရှည်အားပေးဝယ်ယူသည့်ဖောက်သည်များတိုးပွားလာရန်လိုအပ်သည်။ ဖောက်သည်များအကျိုးအတွက်ကိုလည်း အချိန်ပြည့်စဉ်းစားဆောင်ရွက်ပေးခြင်းနှင့် အကျိုးအမြတ်ကိုရယူရာတွင်လည်း သစ္စာရှိဖောက်သည်အတွက်ပါ ထည့်သွင်းစဉ်းစားပေးရမည်ဖြစ်သည်။ အကျိုးအမြတ်သည် မိမိလုပ်ငန်းတစ်ခုတည်းအတွက်မဟုတ်ဘဲ မိမိတို့၏ဖောက်သည်များအတွက်ပါသက်ဆိုင်သည်ဟု တွေးခေါ်စဉ်းစားပြီး ဆောင်ရွက်ပေးရန်လိုအပ်သည်။ သို့မှသာ အကျိုးအမြတ်သည် Win-Win အခြေအနေကိုရရှိပြီး ရေရှည်ဆက်ဆံရေးနှင့် ဖောက်သည်ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ အကျိုးအမြတ်ကို မိမိအတွက်သာ မကြည့်ရန်လိုအပ်သည်။ မိမိသာအမြတ်များပြီး မိမိကုန်ပစ္စည်းကိုဝယ်ယူကာ ပြန်ရောင်းမည့်ဖောက်သည်များအတွက်လည်း သင့်လျော်သောအမြတ်ကျန်ရေးကို ဦးစားပေးရန်လိုအပ်သည်။ ဖောက်သည်ကို မသတ်ရန် လိုအပ်ပါသည်။

သစ္စာရှိဖောက်သည်များတိုးပွားရန် ဆောင်ရွက်နိုင်သည့် နည်းလမ်းခုနစ်သွယ်ရှိသည်။ လုပ်ငန်း၏ တန်ဖိုးများကို ပျံ့နှံ့အောင်ဆောင်ရွက်ခြင်း၊ ထူးခြားသောဝန်ဆောင်မှုကိုပြုလုပ်ပေးခြင်း၊ ဝယ်ယူသူကိုချီးမြှင့်သည့် စကားလုံးများဖြင့် ကျေးဇူးတင်ကြောင်းဖော်ပြခြင်း၊ ဖောက်သည်ကို ရုတ်တရက်အံ့အားသင့်ကျေနပ်အောင်ဆောင်ရွက်ပေးခြင်းနှင့် သစ္စာရှိဖောက်သည်များအတွက် တုံ့ပြန်မှုပေးခြင်း၊ နက်ရှိုင်းသောဆက်သွယ်မှုလမ်းကြောင်းဖန်တီးပေးခြင်း၊ ဝယ်ယူသွားသည့် ကုန်ပစ္စည်းများအပေါ် စားသုံးသူတုံ့ပြန်ချက်တောင်းခံခြင်းနှင့် ဖောက်သည်၏ အတွေ့အကြုံကိုစဉ်ဆက်မပြတ်ရယူပြီး တိုးတက်အောင်ပြုပြင်ခြင်းများဖြစ်သည်။

**လုပ်ငန်း၏တန်ဖိုးများကို ပျံ့နှံ့အောင်ဆောင်ရွက်ခြင်း**ဆိုသည်မှာ သစ္စာရှိဖောက်သည်များ မရှာဖွေမီ မိမိကုန်ပစ္စည်းများ၏ ကောင်းမွန်သောအားသာချက်များကို သေချာစွာရှာဖွေပြီး ပိုမိုထင်ရှားအောင်ဆောင်ရွက်ရမည်ဖြစ်သည်။ လုပ်ငန်း၏တန်ဖိုး (Value) ကို ဝယ်ယူသူတိုင်းသိရှိနိုင်စေရန် ဖော်ပြနိုင်ရပါမည်။ ကျယ်ပြန့်အောင်ဆောင်ရွက်ရန်လိုအပ်သည်။ အခြားသောပြိုင်ဘက်ရောင်းချသူများနှင့်ယှဉ်ပါက မိမိလုပ်ငန်း၏ ပိုမိုကောင်းမွန်သာလွန်သောတန်ဖိုးများရှိကြောင်းကို ဝယ်ယူသူများသိရှိနားလည်လက်ခံလာစေရန်ဆောင်ရွက်နိုင်ရပါမည်။ အရည်အသွေးမှန်ကန်ခြင်း၊ အလေးချိန်မှန်ကန်ခြင်း၊ ဝန်ဆောင်မှုကောင်းမွန်စွာပေးခြင်း စသည့်အချက်များမှ လုပ်ငန်းတန်ဖိုးများကို ဖော်ဆောင်ပြသရပါမည်။ တစ်ခါဆက်ဆံရာသက်ပန်ဖြစ်ရန်လိုအပ်ပြီး တစ်ခါဆက်ဆံ ဆယ်ခါလန်ဆိုသည်မျိုးမဖြစ်ရန်လိုသည်။ တစ်ခါတစ်ရံတွင် လုပ်ငန်း၏ ဝန်ဆောင်မှု၊ ဝန်ထမ်းများ၊ အရောင်းစာရေးများ၏ဆက်ဆံရေးစသည်များသည် လုပ်ငန်း၏တန်ဖိုးများဖြစ်နိုင်သည်။ သစ္စာရှိဖောက်သည်အများစုသည် ကုန်ပစ္စည်းကိုဝယ်ယူရာတွင် ကုန်ပစ္စည်းအရည်အသွေးထက် ယုံကြည်မှုကိုအခြေခံပြီး ဝယ်ယူကြခြင်းဖြစ်သည်ကိုသတိပြုပြီး ယုံကြည်မှုမပျက်ပြားစေရန် အထူးသတိပြုရပါမည်။

**ထူးခြားသောဝန်ဆောင်မှုကို ပြုလုပ်ပေးခြင်း**ဆိုသည်မှာ အသစ်ရောက်လာသောဝယ်ယူသူများဖြစ်စေ၊ ရှိပြီးဖောက်သည်များဖြစ်စေ အကောင်းဆုံးနှင့် အစဉ်အမြဲထူးခြားနေသောဝန်ဆောင်မှုများကို ပြုလုပ်ပေးနိုင်ရေးစဉ်းစားဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ လုပ်ငန်း၏ Website ထဲသို့ ပထမဆုံးလာရောက်လေ့လာသောပစ္စည်းဝယ်ယူမည့်သူသည် ထူးခြားသောမည်သည့်ဝန်ဆောင်မှုမျိုးရှိသည်ကို သိရှိလိုတတ်သည်။ မေးခွန်းများကိုဖြေကြားရာတွင်ပင် မျှော်လင့်ထားသောအချက်အလက်များမပါဝင်ပါက စိတ်ပျက်သွားမည်ဖြစ်သည်။ စိတ်ထဲကမျှော်လင့်သည့်အတိုင်း ဝန်ဆောင်မှုမပေးနိုင်ဟုယူဆသည်နှင့် ဝယ်ယူမည့်အစီအစဉ်လည်းပျက်ပြယ်သွားမည်ဖြစ်သဖြင့် အကောင်းဆုံးဝန်ဆောင်မှု၊ အခြားရောင်းချသူများနှင့်မတူသော ဝန်ဆောင်မှုမျိုးရမည်ဟူသော မျှော်လင့်ချက်မပျက်စေရန် ဆောင်ရွက်နေရန်လိုအပ်သည်။ ဝယ်ယူမည့်သူ၏ အဓိကမျှော်လင့်ချက်သည် မြန်ခြင်း၊ ကောင်းခြင်း၊ သက်သာခြင်းဟူသောအချက်များဖြစ်သဖြင့် အဆိုပါမျှော်လင့်ချက်များအတိုင်း အတတ်နိုင်ဆုံးဖြည့်ဆည်းပေးရပါမည်။ အချို့ဝယ်ယူသူများသည် အခြားသောယှဉ်ပြိုင်ဘက်ရောင်းချသူများထံမှ မိမိထံသို့ ပြောင်းရွှေ့လာခြင်းမှာ ပြိုင်ဘက်လုပ်ငန်းရှင်ထံမှ ဆိုးရွားသောဝန်ဆောင်မှုပုံစံကြောင့်ရောက်ရှိလာခြင်းဖြစ်တတ်သည်။ သို့ဖြစ်၍ မိမိလုပ်ငန်းမှ တူညီသောကုန်ပစ္စည်းမျိုးကိုပင် ဝန်ဆောင်မှုကောင်းကောင်းပေးနိုင်လျှင် သစ္စာရှိဖောက်သည်များတိုးပွားလာမည်ဖြစ်ပါသည်။

**ဝယ်ယူသူကိုချီးမြှင့်သည့် စကားလုံးများဖြင့် ကျေးဇူးတင်ကြောင်းဖော်ပြခြင်း**ကို ဆောင်ရွက်ခြင်းဖြင့်လည်း သစ္စာရှိဖောက်သည်များ တိုးပွားစေသည်။ လူမှုရေးမီဒီယာများတွင် ဖောက်သည်များနှင့်အတူပါဝင်ရင်းဖောက်သည်များကို ချီးမြှင့်သည့်စကားများ၊ ချီးကျူးစကားများ၊ ဖောက်သည်များ၏ မွေးနေ့ဆုတောင်းများ စသည်တို့ကိုပြုလုပ်ခြင်းတို့သည်လည်း သစ္စာရှိဖောက်သည်များကို တိုးပွားစေသည်။ ဂုဏ်သိက္ခာတက်စေသည့် ချီးကျူးစကားများသည် ဝယ်ယူသူကိုကျေနပ်နှစ်သက်မှုပေးနိုင်ပြီး စိတ်ထဲတွင် စွဲထင်ကျန်နေရစ်တတ်သည်။ ထူးခြားသည့်ချီးမြှင့်မှုမျိုးသည် ဖောက်သည်များအတွက် မှတ်တိုင်များအဖြစ်စွဲကျန်ကာ သစ္စာရှိဖောက်သည်ဖြစ်လာစေသည်။ မိမိကုန်ပစ္စည်း၏Brand Ambassador အဖြစ် ရောက်ရှိလာနိုင်သည်။

**ဖောက်သည်ကို ရုတ်တရက်အံ့အားသင့်ကျေနပ်အောင်ဆောင်ရွက်ပေးခြင်းနှင့် သစ္စာရှိဖောက်သည်များအတွက် တုံ့ပြန်မှုပေးခြင်း**ဖြင့်လည်း ဆွဲဆောင်နိုင်သည်။ ဖောက်သည်တိုးပွားစေသည်။ သစ္စာရှိဖောက်သည်များအတွက် အစီအစဉ်များကို ဖန်တီးထားရှိရပါမည်။ ဥပမာအားဖြင့် လာရောက်စားသောက်သည့်အခါ အမှတ် (Point) ပေးသည့်စနစ်မျိုးဖြစ်သည်။ ဥပမာ-ဖုန်းတစ်လုံးကိုဝယ်ယူမည်ဆိုပါက အမှတ်ပေးသည့်စနစ်ကိုထားရှိပြီး နောက်ထပ်ပစ္စည်းတစ်ခုဝယ်ယူသည့်အခါ ပစ္စည်းတန်ဖိုးအား အမှတ်အရေအတွက်ကိုလိုက်ပြီး ဈေးလျှော့ပေးသည့်စနစ်မျိုးဖြစ်သည်။ ယခုအခါ ဖောက်သည်များကို မဲဖောက်ပေးခြင်း၊ မထင်မှတ်လောက်သည့် တန်ဖိုးကြီးခရီးများသွားနိုင်ရန် စီစဉ်ပေးခြင်း၊ လက်ဆောင်များဖန်တီးပေးခြင်းစသည့် သစ္စာရှိဖောက်သည်အစီအစဉ်များကို သေချာရေးဆွဲဆောင်ရွက်ပြီး ဖောက်သည်တိုးမြင့်ရေးကို ဆောင်ရွက်လျက်ရှိရပါမည်။

**နက်ရှိုင်းသောဆက်သွယ်မှုလမ်းကြောင်း ဖန်တီးပေးခြင်း**သည်လည်း သစ္စာရှိဖောက်သည်များကိုတိုးပွားစေသည်။ ဖောက်သည်များနှင့် ဆက်ဆံရေးသည် စီးပွားရေးအရောင်းအဝယ်တွင်သာမကဘဲ လူမှုရေးရာနယ်ပယ်များတွင်ပါ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ဆက်သွယ်မှုလမ်းကြောင်း၊ ဆက်ဆံရေးလမ်းကြောင်းသည် ပို၍ပို၍ နက်ရှိုင်းလေးနက်လာစေသည်။

> ❖ **အခြားသော ပြိုင်ဘက်များ၊ ရောင်းချသူများတွင် ဝယ်သူမည်မျှပင် ရှိစေကာမူ သစ္စာရှိဖောက်သည်မှာ ပစ္စည်းကိုဝယ်နေကျဆိုင်ကသာ ဝယ်ယူတတ်ကြသည်။ ထို့ပြင် ကောင်းသတင်းကိုလည်း နီးစပ်ရာဆွေမျိုးသားချင်းများ၊ မိတ်ဆွေသူငယ်ချင်းများကို ဖြန့်ဝေပေးတတ်သည်။ တစ်နည်းအားဖြင့် သစ္စာရှိဖောက်သည်က ကုန်ပစ္စည်းကို မှန်မှန်ဝယ်ယူတတ်သည်သာမက ယုံကြည်မှုအပြည့်ဖြင့် အခြားသောသူများကို ကြော်ငြာပေးသောအလုပ်ကိုလည်း အခမဲ့ဆောင်ရွက်ပေးတတ်သည်။** ❖

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်းလည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မေလအတွင်း သစ်သီးဝလံ ၂၄ တန် တင်သွင်းခဲ့

**နေပြည်တော် ဇွန် ၃**

မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မေလအတွင်း သစ်သီးဝလံ ၂၄ တန် တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်ပြီး မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် မြိတ်မြို့ကို မော်တော်ယာဉ်ဖြင့် သုံးနာရီအတွင်း မောင်းနှင်သွားလာနိုင်သောကြောင့် ထိုင်းနိုင်ငံမှ သစ်သီးဝလံများကို မြိတ်မြို့သို့ သုံးနာရီအတွင်း အရောက်ပို့ဆောင်နိုင်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း စားသုံးသူများမှာ လတ်ဆတ်သော သစ်သီးဝလံများကို ဝယ်ယူစားသုံးနိုင်သည့်အပြင် သစ်သီးဝလံတင်သွင်းရောင်းချသူများအနေဖြင့်လည်း သယ်ယူချိန်နည်းပါးသဖြင့် သစ်သီးဝလံ ထိခိုက်ပျက်စီးမှုနည်းပါးကြောင်း သိရသည်။

ထို့ကြောင့် မြိတ်ဒေသအတွက် လိုအပ်သည့် သစ်သီးဝလံများကို မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်သွင်းဆောင်ရွက်လျက်ရှိရာ မေလအတွင်း ထိုင်းနိုင်ငံမှ သစ်သီးဝလံ ၂၄ တန် တင်သွင်းခဲ့ကြောင်း၊ မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းမှ အများဆုံးတင်သွင်းနေသည့် သစ်သီးဝလံများမှာ ပန်းသီး၊ လိမ္မော်သီး၊ ရေငန်းသီး၊ ပိန္နဲသီးနှင့် လောင်ဂန်သီး စသည့်သစ်သီးဝလံများဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါသစ်သီးဝလံများကို ထိုင်းနိုင်ငံပေါက်ဈေး ပန်းသီးတစ်ကီလိုဂရမ်လျှင် ၁၉ ဒသမ ၄၄ ဘတ်၊ လိမ္မော်သီး တစ်ကီလိုဂရမ်လျှင် ၉ ဒသမ ၆၉ ဘတ်၊ ရေငန်းသီးတစ်ကီလိုဂရမ်လျှင် ၆ ဒသမ ၄၅ ဘတ်၊ လောင်ဂန်သီးတစ်ကီလိုဂရမ်လျှင် ၆ ဒသမ ၈၁ ဘတ် ဈေးနှုန်းများဖြင့် တင်သွင်းလျက်ရှိကြောင်း သိရသည်။

မြိတ်ဒေသသို့ ထိုင်းနိုင်ငံမှ သစ်သီးဝလံများကို တင်သွင်းဆောင်ရွက်နေသကဲ့သို့ ထိုင်းနိုင်ငံသို့ ပင်လယ်ရေထွက်ပို့ကုန်၊ လယ်ယာပို့ကုန်နှင့် အခြားသောပို့ကုန်များကိုလည်း ပြန်လည်တင်ပို့ရောင်းချပေးလျက်ရှိကြောင်း၊ မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းမှ အဓိကတင်ပို့ရောင်းချပေးနေသည့် ပို့ကုန်များမှာ ကြက်သွန်နီ၊ ငှက်ပျောသီး၊ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်းမည်းအရှင်၊ အခြားရေထွက်ကုန်များ၊ တံမြက်စည်းနှင့် အခြားပို့ကုန်ပစ္စည်းများဖြစ်ကြောင်း၊ အဆိုပါပို့ကုန်ပစ္စည်းများအနက် ကဏန်းမည်းအရှင်များကို မေ ၁ ရက်မှ မေ ၂၃ ရက်အတွင်း ကီလိုဂရမ် ၁၈၇၀၀ ထိ တင်ပို့ ရောင်းချပေးခဲ့ကြောင်း သိရသည်။ SKL



➤ စာမျက်နှာ ၄ မှအဆက်

ဥပမာ-အသင်းအဖွဲ့တစ်ခုတွင် အတူတကွပါဝင်၍ ပူးပေါင်းဆောင်ရွက်ကြခြင်း၊ အလှူအတန်းများကိုပူးပေါင်းဆောင်ရွက်ကြခြင်း၊ အားကစားလုပ်ဆောင်မှုများကို အတူတကွလုပ်ကိုင်ခြင်း၊ ခရီးသွားခြင်းများကိုလည်း အတူတကွသွားရောက်ခြင်း စသည့်လူမှုရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ဆက်သွယ်ရေးလမ်းကြောင်းကိုဖန်တီးနိုင်သည်။ Facebook ကဲ့သို့မီဒီယာများတွင်အုပ်စုများထူထောင်ထားပြီး ကြော်ငြာများ၊ လက်ဆောင်ပေးခြင်းကဏ္ဍများ၊ ဖန်တီးပြီးသစ္စာရှိဖောက်သည်များကို ရှာဖွေနိုင်သည်။ ထို့ပြင် စားသုံးသူများနှင့် ဖောက်သည်များထံမှ ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများအတွက် တုံ့ပြန်မှုများကို ရရှိနိုင်သည်။

**ဝယ်ယူသွားသည့်ကုန်ပစ္စည်းများအပေါ် စားသုံးသူတုံ့ပြန်ချက်တောင်းခံခြင်း**သည်လည်း အရေးကြီးသောကိစ္စတစ်ခုဖြစ်သည်။ စားသုံးသူတုံ့ပြန်ချက်သည် ဈေးကွက်ဖော်ဆောင်ရေးမဟာဗျူဟာတွင် အရေးပါသောကိစ္စတစ်ခုဖြစ်သည်။ ဈေးကွက်များတွင် စားသုံးသူများကြိုက်နှစ်သက်မှုရှိ၊ မရှိ၊ လက်ခံမှုရှိ၊ မရှိတို့ကိုသိရှိနိုင်ပြီး အားနည်းချက်များကိုပြုပြင်ခြင်း၊ အားသာချက်များကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်နိုင်ခြင်းကြောင့် စားသုံးသူတုံ့ပြန်ချက်များသည် လုပ်ငန်းအောင်မြင်ရေးတွင် အရေးပါသည်။ ထိုအထဲတွင် သစ္စာရှိဖောက်သည်များ၏ တုံ့ပြန်မှုသည် အလေးထားဆောင်ရွက်ပေးရမည့် ကိစ္စများပင်ဖြစ်ပြီး မိမိလုပ်ငန်းနှင့်ကုန်ပစ္စည်းများအပေါ် အမှန်တကယ် စေတနာ၊ မေတ္တာဖြင့် ဝေဖန်သုံးသပ်ပေးခြင်းဖြစ်သည့်အတွက် အလေးထားရဆုံးတုံ့ပြန်မှုများဖြစ်သည်။ သစ္စာရှိဖောက်သည်များ၏ လိုလားချက်များသည် မိမိတို့ကုန်ပစ္စည်းအတွက် အပေါင်းလက္ခဏာဆောင်သောကိစ္စများသာဖြစ်သည်ဟု ခံယူထားရပါမည်။

**ဖောက်သည်၏အတွေ့အကြုံကို စဉ်ဆက်မပြတ်ရယူပြီး တိုးတက်အောင်ပြုပြင်ခြင်း**ဖြင့်လည်း သစ္စာရှိဖောက်သည်များ တိုးတက်စေနိုင်သည်။ ဖောက်သည်များ၏ အတွေ့အကြုံများကို ဆွေးနွေးလက်ခံပေးခြင်းသည် ဖောက်သည်ကိုအလေးထားရာကျစေသကဲ့သို့ ဖောက်သည်များ၏ ဝေဖန်ချက်များသည် တိုးတက်စေသောနည်းလမ်းများသာဖြစ်သည်။ ဖောက်သည်များလာရောက်ခြင်းမရှိသည့်ကာလများတွင်လည်း ဖောက်သည်ကို ချိတ်ဆက်ထားခြင်းဖြင့် ဖောက်သည်၏အတွေ့အကြုံကိုရယူနိုင်ပြီး မိမိလုပ်ငန်းနှင့်သက်ဆိုင်ခြင်းမျိုးမရှိဘဲ လုပ်ငန်းနှင့်မပတ်သက်သည့်တိုင်အောင် လူမှုရေးနယ်ပယ်တွင်လည်း ဆက်ဆံမှုကောင်းအောင်ဆောင်ရွက်ခြင်းသည်လည်း လုပ်ငန်းအပေါ် တိုးတက်စေနိုင်သည်။ အရေးကြီးသည့်ပြိုင်ဘက်များ၏ သတင်းအချက်အလက်များကို သစ္စာရှိဖောက်သည်များထံမှ ရရှိနိုင်သည်။

သစ္စာရှိဖောက်သည်များကို တိုးပွားအောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ပစ္စည်းရောင်းအားသည်လည်း စဉ်ဆက်မပြတ်တိုးတက်လာမည်ဖြစ်သည်။ သစ္စာရှိဖောက်သည်များလာသည်နှင့်အမျှ ကုန်ပစ္စည်းအသစ်များထုတ်လုပ်သည့်တိုင်အောင် ဈေးကွက်အခြေအနေကို စိုးရိမ်ရန်မလိုဘဲ ကောင်းစွာထုတ်လုပ်နိုင်မည်ဖြစ်သည်။ အိုင်ဖုန်းကိုကြည့်လျှင် တစ်နှစ်တစ်ကြိမ်ထုတ်လုပ်နေသော်လည်း နှစ်စဉ်ဝယ်ယူအားပေးနေသည့် သစ္စာရှိဖောက်သည်များစွာရှိသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် မိမိတို့၏ကုန်ပစ္စည်းများရောင်းချရာတွင် ရောင်းသူစိတ်ကြိုက်ဖန်တီးနိုင်သည့် ဈေးကွက်မျိုးကိုရရှိနိုင်ရန်အတွက် သစ္စာရှိဖောက်သည်များတိုးပွားရေးအတွက် အဓိကထားဆောင်ရွက်သွားရန်လိုအပ်ကြောင်း တင်ပြလိုက်ရပါသည်။

## ပန်းမော်ဆရာတော်သို့ ကန်တော့ပန်း

- ပြည်မြန်မာတွင် လမင်းသွင်သို့
  အစဉ်ထွန်းလင်းခဲ့ပါသည်။

- ပြည်မြန်မာတွင် နေမင်းသွင်သို့
  အစဉ်ဝင်းပခဲ့ပါသည်။

- ဂုဏ်ရည်များစွာ ပြည့်စုံစွာဖြင့်
  မဟာထက်လွန် ဉာဏ်တံခွန်က
  မိုးစွန်ဖောက်သော မြတ်ထေရ်ရှင်။

- စာပေသင်ကြား တပည့်များကို
  ဆင့်ပွားပေါက်မြောက် ခရီးရောက်အောင်
  ချီးမြှောက်ခဲ့သော မြတ်ထေရ်ရှင်။

- စာပေကျမ်းဂန် အဘိဓာန်ကို
  ဝေဖန်ထောက်ရှု မြုပြုစုလျက်
  တောင်ထုနှယ်မောက် မြတ်ထေရ်ရှင်။

- သံဃာဝန်ဆောင် လွှဲမရှောင်ဘဲ
  စွမ်းဆောင်ကြိုးပမ်း သံဃာ့လမ်းကို
  ဖြောင့်တန်းစေသော မြတ်ထေရ်ရှင်။

- မှန်စွာခတ်နှိပ် ဘွဲ့တံဆိပ်ပွား
  များမှုများကို မပိုလိုဘိ
  ခံယူရှိသော မြတ်ထေရ်ရှင်။

- သာသနာကျိုး ထမ်းသယ်ပိုးရင်း
  လူ့ပြည်တွင်းမှ မယွင်းနတ်ရွာ
  ပြောင်းစံရာဝယ် လနေကွယ်ပျောက်
  အမှောင်ရောက်သို့ မြေနှောက်ငလျင်
  လှုပ်သည့်သွင်နှယ် မျက်ရည်သွယ်လျက်
  ပူကြွယ်ပန်းပွင့် အလွမ်းမြင့်ပြီ
  ထပ်ဆင့်ကန်တော့ မဝပါဘုရား။ ။

**မန်းတင့်မော်**

# ပဲခူးမြို့နယ် လက်ပံခုန်ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပဲခူး ဇွန် ၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် လက်ပံခုန်ကျေးရွာအုပ်စု လက်ပံခုန်ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ လက်ပံခုန်ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းရန် မှာကြားခဲ့သည်။

လက်ပံခုန်ကျေးရွာ၌ အရှည်ပေ ၁၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်းဖြင့် ကျေးရွာနေပြည်သူများကိုယ်တိုင် ယခုနှစ် မေလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အေးမြတ်**




## သမ္မတ ရာထူးသက်တမ်းသစ်အတွက် လက်ရှိသမ္မတ အာဒိုဂန် ကျမ်းသစ္စာကျိန်ဆိုမည်

**အင်ကာရာ ဇွန် ၃**

မေ ၂၈ ရက် သမ္မတရွေးကောက်ပွဲ ဒုတိယအကျော့၌ အနိုင်ရရှိထားသည့်လက်ရှိတူရကီသမ္မတ အာဒိုဂန်သည် ယနေ့တွင် တူရကီသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုရန် စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီးချိန်တွင် သမ္မတအာဒိုဂန်သည် အစိုးရအဖွဲ့သစ်လူစာရင်းကို ထုတ်ပြန်ကြေညာဖွယ် ရှိကြောင်း သိရသည်။

တူရကီနိုင်ငံ၏ ရာထူးသက်တမ်းအကြာဆုံးလက်ရှိတာဝန်ထမ်းဆောင်ဆဲ ခေါင်းဆောင်ဖြစ်သည့်သမ္မတအာဒိုဂန်သည် မေ ၂၈ ရက် ဒုတိယအကျော့ရွေးကောက်ပွဲတွင် ထောက်ခံမဲရာခိုင်နှုန်း ၅၂ ဒသမ ၂ ရာခိုင်နှုန်းထိရယူနိုင်ခဲ့သည်။

သမ္မတအာဒိုဂန်၏ သမ္မတရာထူးသက်တမ်းသစ် ကျမ်းသစ္စာကျိန်ဆိုပွဲကို အင်ကာရာမြို့ရှိ တူရကီလွှတ်တော်အဆောက်အအုံ၌ ကျင်းပမည်ဖြစ်သည်။

ရွေးကောက်ပွဲ ရလဒ်များအရ ပေါ်ထွက်လာသော လွှတ်တော်သစ်သည် ဇွန် ၂ ရက်တွင် အစည်းအဝေးများစတင်ကျင်းပနေပြီဖြစ်ပြီး သမ္မတအာဒိုဂန်က ကျမ်းသစ္စာဆိုပြီးချိန်တွင် ရာထူးသက်တမ်းသစ်ကို တရားဝင်စတင်မည်ဖြစ်သည်။

သမ္မတသစ် ကျမ်းသစ္စာကျိန်ဆိုပွဲပြီးဆုံးပြီးနောက် နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်း ၇၈ ခုတို့မှ ထိပ်တန်းတာဝန်ရှိသူများ တက်ရောက်မည့် အခမ်းအနားတစ်ခုကို သမ္မတနန်းတော်၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

KKO



## အမေရိကန်လွှတ်တော်နှစ်ရပ်အစည်းအဝေး၌ အိန္ဒိယဝန်ကြီးချုပ် မိုဒီ မိန့်ခွန်းပြောကြားမည်

**ဒေလီ ဇွန် ၃**

ဇွန် ၂၂ ရက်တွင် ကျင်းပမည့် အမေရိကန်လွှတ်တော်နှစ်ရပ်ပူးတွဲအစည်းအဝေး၌ အိန္ဒိယဝန်ကြီးချုပ် မိုဒီ မိန့်ခွန်းပြောကြားမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဇွန် ၂၂ ရက် လွှတ်တော်နှစ်ရပ်ပူးတွဲအစည်းအဝေး၌ မိန့်ခွန်းပြောကြားရန် အိန္ဒိယဝန်ကြီးချုပ် မိုဒီကို အမေရိကန်အောက်လွှတ်တော်နှင့် အထက်လွှတ်တော် ခေါင်းဆောင်များက ဖိတ်ကြားထားခြင်းဖြစ်သည်။

လွှတ်တော်နှစ်ရပ် ပူးတွဲအစည်းအဝေး၌ မိန့်ခွန်းပြောကြားရန် ဖိတ်ကြားမှုသည် အမေရိကန်နိုင်ငံ၏ ပြည်ပခေါင်းဆောင်များအတွက် အမြင့်ဆုံးဂုဏ်ပြုမှုတစ်ရပ်ဖြစ်သည်။

ဇွန် ၂၂ ရက်တွင်ကျင်းပမည့် လွှတ်တော်နှစ်ရပ်ပူးတွဲအစည်းအဝေးမိန့်ခွန်းသည် အိန္ဒိယဝန်ကြီးချုပ်အတွက် ဒုတိယမြောက်ကွန်ဂရက်လွှတ်တော်မိန့်ခွန်းဖြစ်သည်။

လွှတ်တော်နှစ်ရပ် ပူးတွဲအစည်းအဝေး၌ မိန့်ခွန်းပြောကြားခြင်းဖြင့် ဝန်ကြီးချုပ်မိုဒီအနေဖြင့် အိန္ဒိယနိုင်ငံနှင့် ပတ်သက်သည့် ၎င်း၏အမြင်များနှင့်နိုင်ငံတကာဘုံပြဿနာများဆိုင်ရာအမြင်များကို မျှဝေခွင့်ရမည်ဖြစ်ကြောင်း အမေရိကန်လွှတ်တော်ခေါင်းဆောင်များ၏ ဖိတ်ကြားစာ၌ ဖော်ပြထားသည်။

သမ္မတဂျိုးဘိုင်ဒင် ဦးဆောင်သည့် အမေရိကန်အစိုးရအဖွဲ့သည် တရုတ်နိုင်ငံကို အားပြိုင်ရေးအတွက် အိန္ဒိယနိုင်ငံနှင့်ဆက်ဆံရေးမြှင့်တင်ရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

KKO

## ရုရှားချေချင်းညာအထူးတပ်များ ယူကရိန်းအရှေ့ပိုင်း၌ ထိုးစစ်တစ်ခုဆင်နွှဲ



**မော်စကို ဇွန် ၃**

ယူကရိန်း အရှေ့ပိုင်းဒေသရှိ မာရင်ကာမြို့အနီးတွင် အက်ခ်မက်အမည်ရှိ ချေချင်းညာအထူးတပ်ဖွဲ့တပ်ဖွဲ့က ထိုးစစ်တစ်ခုဆင်နွှဲနေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏အဆိုကိုကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဝဂ္ဂနာ ပုဂ္ဂလိကလက်နက်ကိုင်အုပ်စုကဲ့သို့ပင် ချေချင်းညာတပ်များသည်လည်း ရုရှား၏ယူကရိန်းထိုးစစ်များ၌ အဓိကပါဝင်နေသောစစ်အင်အားစုဖြစ်သည်။

အက်ခ်မက် အထူးတပ်ဖွဲ့များသည် တန်ပြန်ထိုးစစ်တစ်ခုအတွက် ပြင်ဆင်သည့်အနေဖြင့် တပ်နေရာရွှေ့ပြောင်းမှု ပြုလုပ်ထားကြောင်း အက်ခ်မက်တပ်မှူး အယ်လ်လော်ဒီနော့ဗ်က ဇွန် ၁ ရက်တွင်ပြောကြားထားသည်။

သို့သော် ချေချင်းညာတပ်များ မည်သည့်နေရာ၌ ရှိနေသည်ကို အက်ခ်မက်တပ်မှူးက ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

ချေချင်းညာ ခေါင်းဆောင် ရမ်ဇန်ကာဒီရော့ဗ်သည် ရုရှားသမ္မတပူတင်၏ အဓိကမဟာမိတ်တစ်ဦးဖြစ်သည်။

ချေချင်းညာ အထူးတပ်များ ထိုးစစ်ဆင်နွှဲမည့် နေရာဖြစ်သော မာရင်ကာမြို့မှာ ယူကရိန်းအရှေ့ပိုင်း ဒွန်းနက်ခ်ဒေသ၌ တည်ရှိသည့်မြို့ဖြစ်ကြောင်း သိရသည်။ KKO

## စီအိုင်အေအကြီးအကဲ ဝီလျံဘန်းခ် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ဟုဆို

**ဝါရှင်တန် ဇွန် ၃**

အမေရိကန်အစိုးရ ဗဟိုစုံစမ်းထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ) ညွှန်ကြားရေးမှူး ဝီလျံဘန်းခ်သည် ပြီးခဲ့သည့်လအတွင်း တရုတ်နိုင်ငံသို့သွားရောက်၍ သက်ဆိုင်ရာ တရုတ်တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဇွန် ၂ရက်တွင် ဖော်ပြခဲ့သည်။

စီအိုင်အေ ညွှန်ကြားရေးမှူး ဝီလျံဘန်းခ်သည် ပြီးခဲ့သည့်လအတွင်း တရုတ်နိုင်ငံသို့သွားရောက်၍ သက်ဆိုင်ရာတရုတ်တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံလုံခြုံရေး အဖွဲ့အစည်းများကြား ဆက်သွယ်ရေး လမ်းကြောင်းများ ဆက်ဖွင့်ထားရေး ဆွေးနွေးခဲ့ကြောင်း အမေရိကန်အစိုးရသတင်းအရင်းအမြစ်များက ရိုက်တာသတင်းဌာနသို့ ဇွန် ၂ ရက်တွင် ထုတ်ဖော် ပြောကြားထားကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာနေချိန်တွင် အမေရိကန်အစိုးရသည် နှစ်နိုင်ငံဆက်သွယ်ရေးလမ်းကြောင်းများဖွင့်ထားနိုင်ရေးနှင့် အဆင့်မြင့်တာဝန်ရှိသူများကြား တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရေးအတွက် ကြိုးစားလျက်ရှိသည်။

စီအိုင်အေ အကြီးအကဲရာထူးမရယူမီ ဝါရှင့်သံတမန်တစ်ဦးဖြစ်ခဲ့ဖူးသောဝီလျံဘန်းခ်သည်စီအိုင်အေအကြီးအကဲအဖြစ် အရေးကြီးသောပြည်ပခရီးစဉ်အများအပြား သွားရောက်ခဲ့ဖူးသည်။

စီအိုင်အေ တာဝန်ရှိသူများ၏ အရေးကြီးသည့်ခရီးစဉ်များနှင့်ပတ်သက်၍ ပုံမှန်သတင်းထုတ်ပြန်မှုမရှိသည့် စီအိုင်အေအဖွဲ့က ဝီလျံဘန်းခ်၏ တရုတ်ခရီးစဉ်သတင်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာတုံ့ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

တရုတ်နှင့် အမေရိကန်နိုင်ငံတို့ကြား နှစ်နိုင်ငံဆက်ဆံရေးသည် တရုတ်(ထိုင်ပေ) ပြဿနာနှင့် တောင်တရုတ် ပင်လယ်ပြဿနာ အပါအဝင် ပြဿနာအမျိုးမျိုးတို့ကြောင့် တင်းမာလျက်ရှိကြောင်း သိရသည်။

KKO

## အိန္ဒိယနိုင်ငံ၌ ရထားမတော်တဆမှုဖြစ်ပွား အနည်းဆုံးလူ ၂၆၁ ဦးသေဆုံး၍ ဦးရေ ၉၀၀ ခန့် ဒဏ်ရာရရှိ

**ဒေလီ ဇွန် ၃**

အိန္ဒိယနိုင်ငံ၌ ဇွန် ၂ ရက်က ရထားသုံးစင်းပါဝင်သော ရထားမတော်တဆမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူပေါင်း ၂၆၁ ဦး သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဩဒိရှပြည်နယ် ဘာလာဆိုးခရိုင်အတွင်း ဖြစ်ပွားခဲ့သော အဆိုပါရထား မတော်တဆမှုအတွင်း ဒဏ်ရာရရှိသူအရေအတွက်မှာ ဦးရေ ၉၀၀ ခန့်ရှိကြောင်း သိရသည်။



အဆိုပါရထား မတော်တဆမှုအတွင်း ခရီးသည်တင်ရထားတစ်စင်းသည် လမ်းချော်၍ရပ်ထားသည့်ကုန်တင်ရထားအား ဝင်တိုက်ခဲ့ပြီး အခြားခရီးသည်တင်ရထားတစ်စင်းက လမ်းချော်သောရထားကို ထပ်တိုက်ခဲ့ခြင်းဖြစ်ကြောင်း ဩဒိရှပြည်နယ် တာဝန်ရှိသူများက ပြောကြားခဲ့သည်။


ရထားမတော်တဆမှုဖြစ်ပွားခဲ့ပြီးနောက် အိန္ဒိယကယ်ဆယ်ရေးသမားများသည် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ညလုံးပေါက်လုပ်ဆောင်ခဲ့ပြီး ယနေ့တွင်လည်း ဆက်လက်ပြုလုပ်နေဆဲဖြစ်သည်။

ပျက်စီးနေသည့် ရထားတွဲများထဲတွင် ပိတ်မိနေသူအများအပြား ရှိနေကြဖွယ်ရှိရာ သေဆုံးသူနှင့် ဒဏ်ရာရသူအရေအတွက် ထပ်တိုးလာနိုင်ကြောင်း ဩဒိရှပြည်နယ် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

၁၉၈၁ ခုနှစ်ကလည်း အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်၌ ခရီးသည်တင်ရထားတစ်စင်း တံတားပေါ်မှ တစ်ဆင့် မြစ်ထဲထိုးကျခဲ့ရာ လူပေါင်း၈၀၀ သေဆုံးခဲ့ရဖူးကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ ကတ်ပလာအာကာသရေဒီယိုတယ်လီစကုပ်က နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်နှစ်စင်းကို ရှာဖွေတွေ့ရှိခဲ့



**ဝါရှင်တန် ဇွန် ၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ကတ်ပလာ အာကာသရေဒီယိုတယ်လီစကုပ်က ရယူခဲ့သည့် နောက်ဆုံးသတင်းအချက်အလက်များကို သိပ္ပံပညာရှင်များက လေ့လာစိစစ်ခဲ့ရာ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်နှစ်စင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၂ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်နှစ်စင်းကို K2-416b နှင့် K2-417b ဟူ၍ သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

၎င်းဂြိုဟ်နှစ်စင်းသည် နက်ပကျွန်းအငယ်စားအုပ်စုဝင် ဂြိုဟ်များဖြစ်ကြပြီး အနီရောင်ကြယ်သိမ်နှစ်စင်းကို ဗဟိုပြုလှည့်ပတ်နေကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

K2-416b နှင့် K2-417b ဂြိုဟ်များသည် ကတ်ပလာတယ်လီစကုပ် နောက်ဆုံးရယူထားသော အချက်အလက်များထဲမှ တွေ့ရှိထားသည့် နှစ်စင်းတည်းသော ဂြိုဟ်များဖြစ်ကြသည်။

ကတ်ပလာအာကာသရေဒီယိုတယ်လီစကုပ်သည် မစ်ရှင်သက်တမ်းမကုန်ဆုံးမီ ၂၀၁၈ ခုနှစ်အတွင်း အထက်ပါနောက်ဆုံးသတင်းအချက်အလက်များကို ရယူပေးခဲ့ခြင်းဖြစ်သည်။

၂၀၀၉ ခုနှစ် မတ်လတွင် လွှတ်တင်ခဲ့သော ကတ်ပလာ အာကာသရေဒီယိုတယ်လီစကုပ်သည် ကြယ်ပေါင်း ၁၅၀၀၀၀ တို့ကို လေ့လာခဲ့ပြီး နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ် ၂၆၆၀ ကျော်ကို ရှာဖွေအတည်ပြုပေးနိုင်ခဲ့ကြောင်း သိရသည်။

KKO


## နာဆာ၏ ဂျိမ်းစ်ဝက်အာကာသရေဒီယိုတယ်လီစကုပ်က ရောမတတ်ငွေ့ဂြိုဟ်ကြီးတစ်စင်း၏ လေထုလွှာအတွင်း ရေငွေ့များရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဇွန် ၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျိမ်းစ်ဝက် အာကာသရေဒီယိုတယ်လီစကုပ်သည် ရောမတတ်ငွေ့ဂြိုဟ်ကြီးတစ်စင်း၏ လေထုလွှာအတွင်း ရေငွေ့များရှာဖွေတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၂ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဓာတ်ငွေ့ဂြိုဟ်မှာ ကမ္ဘာမြေနှင့် အလင်းနှစ် ၄၀၀ ခန့်အကွာတွင် တည်ရှိသော WASP-18b ဂြိုဟ်ဖြစ်ကြောင်း သိရသည်။

WASP-18b ဂြိုဟ်သစ်အရွယ်အစားအရ ကြာသပတေးဂြိုဟ်ထက် ၁၀ ဆ ပိုကြီးပြီး WASP-18 အမည်ရှိကြယ်ကို မိုင်ပေါင်း ၁ ဒသမ ၉ သန်းအကွာမှ အနီးကပ်လှည့်ပတ်နေကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။



၎င်းဂြိုဟ်၏ မျက်နှာပြင်အပူချိန်မှာ ၂၇၀၀ ဒီဂရီဆဲလ်စီယပ်စ်ထိရှိရာ ရေမော်လီကျူးအများစု ပြိုကွဲသွားနိုင်သော အပူချိန်မျိုးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဂျိမ်းစ်ဝက် အာကာသရေဒီယိုတယ်လီစကုပ်အနေဖြင့် WASP-18b ဂြိုဟ်လေထုလွှာအတွင်း၌ ကျန်ရှိသဲရေမော်လီကျူးများကို ရှာဖွေတွေ့ရှိနိုင်ခဲ့ကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

WASP-18b ဂြိုဟ်ကို ဂျိမ်းစ်ဝက်အပြင် ဟက်ဘယ်၊ ချန်ဒရာနှင့် စပစ်ဇာကဲ့သို့နာဆာအာကာသရေဒီယိုတယ်လီစကုပ်များကလည်း လေ့လာခဲ့ဖူးကြောင်း သိရသည်။

KKO

## အင်္ဂါဂြိုဟ်နှင့်ကြာသပတေးဂြိုဟ်အပြင်ရှိ ဂြိုဟ်သိမ်တစ်စင်းပေါ်သို့ ၂၀၃၄ ခုနှစ်တွင် အာကာသယာဉ်တစ်စင်းစေလွှတ်ရန် ယူအေအီးက စီစဉ်ထား

**ဒူဘိုင်း ဇွန် ၃**

အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်အပြင်ရှိ ဂြိုဟ်သိမ်တစ်စင်းပေါ်သို့ ၂၀၃၄ ခုနှစ်တွင် အာကာသယာဉ်တစ်စင်းစေလွှတ်ရန် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)က စီစဉ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၂ ရက်တွင် ရေးသားတင်ပြထားသည်။

မိမိတို့အနေဖြင့် MBR အိတ်စ်ပလိုယာအမည်ရှိ အာကာသယာဉ်ကို ကြာသပတေးဂြိုဟ်နှင့်အင်္ဂါဂြိုဟ်ကြား ဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေအတွင်းရှိ ဂြိုဟ်သိမ်များဆီသို့ စေလွှတ်မည်ဖြစ်ကြောင်း ယူအေအီး အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါမစ်ရှင်အတွင်း MBR အိတ်စ်ပလိုယာ အာကာသယာဉ်သည် ဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေအတွင်းရှိ ဂြိုဟ်သိမ်ခြောက်စင်းကို အနီးကပ်ဖြတ်သန်းမည်ဖြစ်သည်။

ထို့ပြင် MBR အိတ်စ်ပလိုယာသည် ဂျပ်စတီးရှားအမည်ရှိဂြိုဟ်သိမ်ပေါ်သို့ ဂြိုဟ်ဆင်းယာဉ်ငယ်တစ်စင်း စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

ဂျပ်စတီးရှားဂြိုဟ်သိမ်မျက်နှာပြင်ပေါ်တွင် ဇီဝမော်လီကျူးများတည်ရှိနေနိုင်သည်ဟု နိုင်ငံတကာသိပ္ပံပညာရှင်များက ယုံကြည်ထားကြောင်း သိရသည်။

ယူအေအီးအာကာသအေဂျင်စီသည် ၂၀၁၄ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့သည့် အာကာသအေဂျင်စီဖြစ်ရာ ကမ္ဘာ့သက်တမ်းအနုဆုံး အာကာသအေဂျင်စီ ဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## နှလုံးရှုတ်တရက်ဖောက်မှုကြောင့် စိတ်ကျန်းမာရေးပြဿနာများ ပေါ်ထွက်နိုင်ခြေမြင့်မားလာနိုင်ဖွယ်ရှိ

**နယူးယောက် ဇွန် ၃**

နှလုံး ရှုတ်တရက်ဖောက်မှုကြောင့် နောင်လာမည့်ကာလများအတွင်း စိတ်ကျန်းမာရေးပြဿနာများ ပေါ်ထွက်နိုင်ခြေမြင့်မားလာနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဇွန် ၂ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များသည် နှလုံးဖောက်မှုနှင့် ဦးနှောက် ကျန်းမာရေးတို့ကြား ဆက်စပ်မှုကိုဖော်ထုတ်ရေးအတွက် နှစ်ပေါင်း ၅၀ အတွင်းပြုလုပ်ခဲ့သော လေ့လာချက်များမှပေါ်ထွက်လာသည့် ရလဒ်များကို ပြန်လည်ဆန်းစစ်ခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ နှလုံးဖောက်မှုသည် စဉ်းစားဆင်ခြင်နိုင်စွမ်း ရှုတ်တရက်ကျဆင်းမှုနှင့် ဆက်စပ်မှုမရှိကြောင်း သိရသည်။

သို့ရာတွင် နှလုံးရှုတ်တရက်ဖောက်ပြီးနောက်ပိုင်းကာလများအတွင်း ဦးနှောက်ကျန်းမာရေးကျဆင်းမှုပုံမှန်ထက်ပိုမြင့်မားလာတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကမ္ဘာတစ်ဝန်းရှိ လူအများအပြားမှာ နှလုံးဖောက်နိုင်ခြေမြင့်မားသူများဖြစ်ကြရာ နှလုံးဖောက်ပြီးနောက်ပိုင်း ဦးနှောက်ကျန်းမာရေးကျဆင်းမှုကို နောက်ဆက်တွဲအဖြစ် ရင်ဆိုင်ရနိုင်သည်ဟု သုတေသန ပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

နှလုံးအတွင်းသို့ သွေးဝင်ရောက်မှု ရှုတ်တရက်ကျဆင်းချိန် သို့မဟုတ် ပြတ်တောက်ချိန်များ၌ နှလုံးရှုတ်တရက်ဖောက်မှု ဖြစ်ပွားတတ်ကြောင်း သိရသည်။

KKO

## ကိုဗစ်-၁၉ ကူးစက်ပြီးနောက် စိတ်ဖိအားဝင်ခြင်း ခံစားခဲ့ရသောလူနာများ၌ ဦးနှောက်ရောင်ရမ်းနေတတ်

**အော့တဝါ ဇွန် ၃**

ကိုဗစ်-၁၉ ရောဂါကူးစက်ပြီးနောက် လအတန်ကြာထိ တွေးတောဆင်ခြင်နိုင်မှုကျဆင်းခြင်း၊ စိတ်ဖိအားဝင်ခြင်းများ ဆက်ခံစားခဲ့ရသော လူနာများ၌ ဦးနှောက်ရောင်ရမ်းနေတတ်ကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဇွန် ၂ ရက်တွင် ရေးသားတင်ပြထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီးနောက် အာရုံနှောင့်ဆဲလ်ပြဿနာများနှင့် ရေရှည်ကြုံခဲ့ရသူများတွင် ဦးနှောက်ရောင်ရမ်းနေတတ်ကြောင်း ကနေဒါ တာဝန်ရှိသူများက ပြောကြားသည်။

ကနေဒါ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မူလကိုဗစ်-၁၉ ရောဂါကူးစက်မှုမှာ ပြင်းထန်ခဲ့ခြင်းမရှိသည့်တိုင် စိတ်ကျန်းမာရေးပြဿနာများ ဆက်ခံစားနေရသူများတွင်လည်း ဦးနှောက်ရောင်ရမ်းနေတတ်သည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားပြီးနောက် အာရုံနှောင့်ဆဲလ်ပြဿနာများ ဆက်ခံစားနေရသူများမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီးနောက် လအတန်ကြာမှသည် တစ်နှစ်ထိ ဦးနှောက်ရောင်ရမ်းနေတတ်ကြောင်းလည်း ကနေဒါ သုတေသန ပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။

ကနေဒါသုတေသနပညာရှင်များသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီးနောက် အာရုံနှောင့်ဆဲလ်ပြဿနာများရှိခဲ့သည့် လူနာပေါင်း ၂၀ တို့၏ ဦးနှောက်များကိုဓာတ်မှန်ရိုက်လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

ကနေဒါသုတေသနပညာရှင်များ၏အဆိုအရ အထက်ပါလူနာအားလုံး၏ ဦးနှောက်များအတွင်း ရောင်ရမ်းမှုကိုစေ့ဆော်ပေးတတ်သည့် TPSO ခေါ် ပရိုတင်းတစ်မျိုး ပုံမှန်ထက်မြင့်မားနေတတ်ကြောင်း သိရသည်။

KKO






# ပြင်သစ်လိဂ်-၂ ပြိုင်ပွဲဖြစ်သည့် ဘော်ဒိုးနှင့်ရိုဒက်ဇ်အသင်းတို့ပွဲစဉ်တွင် ပရိသတ်တစ်ဦး၏ တိုက်ခိုက်မှုကြောင့် ပြိုင်ပွဲကိုရပ်ဆိုင်းခဲ့ရ



**ပဲရစ် ဇွန် ၃**

ပြင်သစ်လိဂ်-၂ နောက်ဆုံးပွဲစဉ်အဖြစ် ဘော်ဒိုးအသင်းနှင့် ရိုဒက်ဇ်အသင်းတို့ ကစားခဲ့သည့် ပွဲစဉ်၌ ပွဲကစားချိန် ၂၂ မိနစ်အရောက်တွင် ဘော်ဒိုးအသင်းပရိသတ်တစ်ဦးက ဦးဆောင်ဂိုးသွင်းယူခဲ့သည့် လူးကပ်ဘူအာဒက်ကို တိုက်ခိုက်ခဲ့သည့်အတွက် ပြိုင်ပွဲကိုရပ်ဆိုင်းခဲ့ရသည်ဟု ESPNသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လိဂ်-၂ ပြိုင်ပွဲအမှတ်ပေးဇယားတွင် ဘော်ဒိုးအသင်းသည် အမှတ်ပေးဇယားအဆင့်(၂)မှ မက်ဇ်အသင်းနှင့် ရမှတ်တူဂိုးကွာခြားချက်ဖြင့် အဆင့်(၃)တွင် ရောက်ရှိနေသောကြောင့် ယခုပွဲစဉ်ကိုဂိုးပြတ်အနိုင်ရခဲ့ပါက လီဂူးဝမ်းပြိုင်ပွဲသို့ တိုက်ရိုက် တန်းတက်ခွင့်ရရှိမည့် အခွင့်အရေးကို ပိုင်ဆိုင်မည်ဖြစ်သောကြောင့် ပွဲစကတည်းက အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့သော်လည်းပွဲကစားချိန် ၂၂ မိနစ်အရောက်တွင် ရိုဒက်ဇ်အသင်း ကွင်းလယ်ကစားသမား လူးကပ်ဘူအာဒက်၏ ဦးဆောင်ဂိုးကြောင့် မျှော်လင့်ချက်ပျောက်ဆုံးခဲ့သည်။

သို့သော် အဆိုပါသွင်းဂိုးသွင်းယူနိုင်ခဲ့သည့် လူးကပ်ဘူအာဒက်အနေဖြင့် အောင်ပွဲခံမှုပြုလုပ်နေချိန်တွင် ဘော်ဒိုးအသင်းပရိသတ်တစ်ဦးက ကွင်းအတွင်းဝင်ရောက်၍ ၎င်းကိုတိုက်ခိုက်ခဲ့ရာ ကစားသမားအနေဖြင့် မြေပြင်သို့လဲကျခဲ့သောကြောင့် ကွင်းလယ်ဒိုင် ရိန်းမီလီက ပြိုင်ပွဲကိုရပ်နားခဲ့ပြီး လူးကပ်ဘူအာဒက်အနေဖြင့်လည်း ဆေးအဖွဲ့၏အကူအညီဖြင့် ကွင်းအတွင်းမှ ထွက်ခွာခဲ့ရသည်။

အဆိုပါဖြစ်စဉ်ကို ပြင်သစ်ဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီကစစ်ဆေးမှုများပြုလုပ်နေပြီးလာမည့် တနင်္လာနေ့တွင် အစည်းအဝေးပြုလုပ်၍ ပြိုင်ပွဲနှင့်ပတ်သက်သည့်ဆုံးဖြတ်ချက်ချမှတ်မည်ဟု ထုတ်ပြန်ခဲ့သည်။

လက်ရှိ အမှတ်ပေးပြိုင်ပွဲပြီးဆုံးချိန်တွင် မက်ဇ်အသင်းကရမှတ် ၇၂ မှတ်ဖြင့် ဒုတိယနေရာသို့ရောက်ရှိခဲ့ပြီး တိုက်ရိုက်ဝင်ခွင့်ရရှိရန်သေချာနေသကဲ့သို့ ဘော်ဒိုးအသင်းအနေဖြင့် ပြိုင်ပွဲကိုဆက်လက်ကစားခွင့်ရခဲ့ပါကလည်း မက်ဇ်အသင်းကိုလိုက်မီရန် ငါးဂိုးပြတ်အနိုင်ရမှသာ တိုက်ရိုက်ဝင်ခွင့် ရမည်ဖြစ်ပြီး ပြိုင်ဘက်ရိုဒက်ဇ်အသင်းကလည်း ဘော်ဒိုးကိုအနိုင်ရပါက တန်းဆင်းဇုန်ကလွတ်မြောက်၍ လိဂ်-၂ တွင် ဆက်လက်ကစားခွင့်ရရှိမည့် အခွင့်အရေးကို ပိုင်ဆိုင်မည်ဖြစ်ကြောင်း သိရသည်။

ML

# ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ ယူကရိန်းကစားသမား စဗစ်တိုလီနာ တက်ရောက်

**ပဲရစ် ဇွန် ၃**

ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ တတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာနှင့် ရုရှားတင်းနစ်မယ်ဘလင်ကိုဗာတို့ယှဉ်ပြိုင်ကစားခဲ့ရာ စဗစ်တိုလီနာက (၂-၆၊ ၆-၂၊ ၇-၅) ရလဒ်ဖြင့်အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ကြောင်း WTA က ယနေ့တွင် ဖော်ပြခဲ့သည်။

စဗစ်တိုလီနာနှင့် ဘလင်ကိုဗာတို့၏ပွဲစဉ်သည် အကြိတ်အနယ်ရှိသည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီးပွဲကစားချိန်မှာ ၂ နာရီ ၂၀ မိနစ်ထိကြာမြင့်ခဲ့ကာ စဗစ်တိုလီနာအနေဖြင့် နောက်မှလိုက်ကစားပြီး အနိုင်ရလဒ်ကိုစွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

မီးဖွားပြီးနောက် တင်းနစ်လောကသို့ ပြန်လည်ဝင်ရောက်လာခဲ့သည့် စဗစ်တိုလီနာအနေဖြင့်ရလဒ်ကောင်းခဲ့သော်လည်း နောက်မှလိုက်ကစားခဲ့ရပြီး အထွေးနေသည့် အခြေအနေဖြစ်ခဲ့သည်။

သို့သော် စဗစ်တိုလီနာသည် စတုတ္ထအဆင့်တွင် ရုရှားတင်းနစ်မယ်တစ်ဦးပင်ဖြစ်သည့် ကာဆက်ကီနာနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ကာဆက်ကီနာသည် တတိယအဆင့်တွင် အမေရိကန်တင်းနစ်မယ် ပေတန်စတင်းကို (၆-၀၊ ၆-၁)ရလဒ်နှင့်အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

စဗစ်တိုလီနာက "နိုင်ပွဲတစ်ပွဲထပ်ရခဲ့လို့ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ နောက်ထပ်ယှဉ်ပြိုင်ခွင့်ရတော့မယ်။ နောက်ထပ်ယှဉ်ပြိုင်ရမဲ့ပွဲစဉ်မှာလဲ ရလဒ်ကောင်းရယူနိုင်မယ်လို့မျှော်လင့်ပါတယ်။ ရလဒ်ကောင်းရဖို့အတွက်လဲအကောင်းဆုံးကြိုးစားသွားမယ်။ ဒါပေမဲ့လဲ ဒုတိယအဆင့်နဲ့ တတိယအဆင့်က ပထမပွဲငယ်တွေမှာ ကျွန်မအနေနဲ့ ရလဒ်ကောင်းရဖို့ ရုန်းကန်ခဲ့ရတယ်။ အထွေးနေခဲ့ပြီးတော့ နောက်ကနေလိုက်ကစားခဲ့ရတယ်။ နောက်ကနေလိုက်ကစားရတာက အရမ်းပင်ပန်းသလို ဖိအားလဲများပါတယ်။ ဘယ်လိုအခြေအနေတွေပဲကြုံကြုံ အနိုင်ရလဒ်ကိုစွမ်းဆောင်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# ပီအက်စ်ဂျီအသင်းမှထွက်ခွာမည်ဟု ဝါရင့်ခံစစ်ကစားသမား ရာမို့စ်အတည်ပြုကြေညာ

**ပဲရစ် ဇွန် ၃**

ပီအက်စ်ဂျီအသင်းဝါရင့်ခံစစ်ကစားသမား ရာမို့စ်က ယခုနှစ်ဘောလုံးရာသီအကုန်တွင် ပီအက်စ်ဂျီအသင်းနှင့် လမ်းခွဲမည်ဟု အတည်ပြု ကြေညာခဲ့ကြောင်း ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၇ နှစ်ရှိ ရာမို့စ်သည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းမှ ပီအက်စ်ဂျီအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ယခုလကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သည့်အတွက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ရရှိမည်ဖြစ်သည်။

ရာမို့စ်က "မကြာခင်ကျွန်တော့်ရဲ့အစိတ်အပိုင်းတစ်ခုကို နှုတ်ဆက်ပါတော့မယ်။ အသင်းမှာရှိခဲ့တဲ့အချိန်မှာ အားပေးခဲ့ကြတဲ့အသင်းပရိသတ်တွေကို ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော်မကြာခင် ပီအက်စ်ဂျီအသင်းနဲ့ ပရိသတ်တွေကို နှုတ်ဆက်ရတော့မှာပါ"ဟု ပြောကြားခဲ့သည်။

ပီအက်စ်ဂျီအသင်းက လာမည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းကို ကြီးကြီးမားမား အပြောင်းအလဲပြုလုပ်မည် ဖြစ်သည့်အတွက် အသင်းမှ ကစားသမားအများစုကို ထွက်ခွာခွင့်ပြုပေးမည်ဖြစ်ပြီး အစောပိုင်းကလည်း မက်ဆီနှင့်နေမာတို့ကို ထွက်ခွာခွင့်ပေးထားသကဲ့သို့ ယခုအခါရာမို့စ်ကိုပါ အလွတ် ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

# ယခုနှစ်ဘောလုံးရာသီ စီးရီးအေတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ကာဗာရက်ရှီလီယာ ဆွတ်ခူး

**ရောမ ဇွန် ၃**

၂၀၂၂-၂၀၂၃ ဘောလုံးရာသီအတွက် စီးရီးအေတစ်နှစ်တာ အကောင်းဆုံးဆုများကို ပေးအပ်ချီးမြှင့်ခဲ့ရာ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို နာပိုလီအသင်း တောင်ပံကစားသမား ကာဗာရက်ရှီလီယာက ဆွတ်ခူးခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကာဗာရက်ရှီလီယာ သည် အကောင်းဆုံး ကစားသမားဆုအတွက် တောင်ပံကစားသမား လီအို၊ အင်တာမီလန်ကစားသမား မာတီနက်ဇ်၊ အသင်းဖော်တိုက်စစ်မှူး အိုစီမန်တို့နှင့် ယှဉ်ပြိုင်ခဲ့ရသော်လည်း ၎င်းတို့ကိုကျော်ဖြတ်၍ အကောင်းဆုံးဆု ဆွတ်ခူးနိုင်ခဲ့ပြီး အဆိုပါဆုကို ဆမ့်ဒိုးရီးယားအသင်းနှင့် အိမ်ကွင်းပွဲစဉ်မတိုင်မီ လက်ခံရယူမည်ဖြစ်ပြီး တစ်နှစ်တာအကောင်းဆုံးနည်းပြဆုကို နည်းပြ စပယ်လက်တီက ရရှိခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ တောင်ပံကစားသမားသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက ဂျော်ဂျီယာကလပ် ဒိုင်နမိုဘာတူမီအသင်းမှ နာပိုလီအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၁၀ သန်းဝန်းကျင်ဖြင့် ရောက်ရှိခဲ့ပြီးနောက် အမှတ်ပေးပြိုင်ပွဲ ၃၃ ပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၁၂ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၀ ကြိမ်ထိပြုလုပ်ကာ အသင်းကို ၃၃ နှစ်ကြာ ဝေးကွာနေသည့် စီးရီးအေချန်ပီယံဆုဖလားရရှိရန် အဓိကနေရာမှပါဝင်ခဲ့သောကြောင့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။



နာပိုလီအသင်းသည် ယခုနှစ်ဘောလုံးရာသီ စီးရီးအေပြိုင်ပွဲတွင် ဒုတိယနေရာမှ ဖိအားပေးနေသည့် လာဇီယိုအသင်းကို ရမှတ်ဖြတ်တောက်နိုင်ခဲ့သဖြင့် ပြိုင်ပွဲပြီးဆုံးရန် ခြောက်ပွဲအလိုကပင် ချန်ပီယံဆုကို ရယူနိုင်ခဲ့ပြီး အသင်းသမိုင်းတစ်လျှောက်တွင် ချန်ပီယံဆုဖလားကို သုံးကြိမ်မြောက်ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ML

## အားကစားသတင်း အတိုအထွာများ

- နော့တင်ဟမ်အသင်းက နယူးကာဆယ်အသင်းမှ အငှားစာချုပ်ဖြင့်ခေါ်ယူထားသည့် တိုက်စစ်မှူး ခရစ်ဝုဒ်ကို အပြီးသတ်ဝယ်ယူခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- ဘိုင်ယန်မြူးနစ်အသင်းက လာမည့်နွေရာသီတွင်အသင်းမှ ထွက်ခွာရန်ပြင်ဆင်နေသည့် ခံစစ်ကစားသမား လူးကပ်ဟာနန်ဒက်စ်အတွက် ယူရို သန်း ၉၀ နှင့် ပါဗက်အတွက် ယူရို သန်း ၃၀ အလိုရှိကြောင်း တရားဝင်ပြောကြားခဲ့သည်။
- ယူရိုပါကွန်ဖရင့်လိဂ် ဗိုလ်လုပွဲစဉ်တွင် ဆုဖလားမရခဲ့ပါက ဒေးဗစ်မိုယက်ကို ရာထူးမှထုတ်ပယ်ရန် ဝက်စ်ဟမ်းအသင်းပြင်ဆင်ထားကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

ML

# WBA(Regular) လိုက်ဝိတ်တန်းချန်ပီယံ ဂါဗွန်တာဒါဗစ် ယာဉ်တိုက်မှုကြောင့် ဖမ်းဆီးထိန်းသိမ်းခံရ

**ဝါရှင်တန် ဇွန် ၃**

WBA(Regular) လိုက်ဝိတ်တန်းချန်ပီယံ အမေရိကန်လက်ဝှေ့သမားဂါဗွန်တာဒါဗစ်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ယာဉ်တိုက်မှုဖြစ်ပွားကာ လူလေးဦးကို ထိခိုက်ဒဏ်ရာရရှိစေမှုဖြင့် အမှုရင်ဆိုင်နေရသည်။




ယင်းအမှုနှင့် ပတ်သက်ပြီး အမေရိကန်တရားရုံးချုပ်က ဂါဗွန်တာဒါဗစ်ကို ဇွန် ၂ ရက်တွင် ပြစ်ဒဏ်ချမှတ်ခဲ့ပြီး ချမှတ်လိုက်သည့်ပြစ်ဒဏ်အရ ဂါဗွန်တာဒါဗစ်သည် နေအိမ်အကျယ်ချုပ် ရက်ပေါင်း ၉၀၊ စောင့်ကြည့်ကာလ သုံးနှစ်နှင့် လူမှုဝန်ထမ်းအလုပ်နာရီပေါင်း ၂၀၀ လုပ်ဆောင်သွားရမည့် ပြစ်ဒဏ် ကျခံရမည်ဖြစ်သည်ဟု Daily Star သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂါဗွန်တာဒါဗစ်၏ ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူလေးဦးတွင် ကိုယ်ဝန်ဆောင်မိခင်တစ်ဦး ပါဝင်ခဲ့ပြီး အဆိုပါ ကိုယ်ဝန်ဆောင်မိခင်သည် ခြေထောက်တွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။

အမေရိကန် တရားရုံးချုပ်က "မစ္စတာဂါဗွန်တာဒါဗစ်ဟာ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလက ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် လူလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ ပြစ်မှုထင်ရှားသဖြင့် ဂါဗွန်တာဒါဗစ်ကို နေအိမ်အကျယ်ချုပ် ရက်ပေါင်း ၉၀၊ စောင့်ကြည့်ကာလ သုံးနှစ်နဲ့ လူမှုဝန်ထမ်းအလုပ် နာရီပေါင်း ၂၀၀ ပြုလုပ်ဖို့ ပြစ်ဒဏ်ချမှတ်လိုက်ပါတယ်"ဟု ထုတ်ပြန်ခဲ့သည်။

ဂါဗွန်တာဒါဗစ်၏လုပ်ရပ်နှင့် ပတ်သက်ပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ကိုယ်ဝန်ဆောင်မိခင်ဖြစ်သူ ဂျိုင်ရယ်က "အဲ့ဒီတုန်းက ကျွန်မခြေထောက်မှာ ဒဏ်ရာပြင်းပြင်းထန်ထန်ရခဲ့တယ်။ ကျွန်မသမီးလေးလဲပါတယ်။ ကျွန်မနဲ့ကျွန်မသမီးလေး အိမ်ပြန်ဖို့လိုတယ်။ ကျွန်မမှာ ကိုယ်ဝန်ကြီးနဲ့ ခြေထောက်ကလဲ ဒဏ်ရာရနေတယ်လို့ ကျွန်မသူ့ကို ပြောခဲ့တယ်။ ဒါပေမဲ့လဲ သူဘက်က ကျွန်မကို ဘာမှကူညီပေးခဲ့တာမျိုး မရှိပါဘူး။ ကားတိုက်မိပြီးတော့ ကျွန်မအနားကိုတောင်ရောက်မလာခဲ့ဘဲ မောင်းပြေးသွားတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# Memorial Tournament ပြိုင်ပွဲ အမှတ်ပေးဇယားကို ဂျက်စတင်ဆု ဦးဆောင်

**ဒပ်ဘ်လင် ဇွန် ၃**

အမေရိကန် အိုဟိုင်းယိုးပြည်နယ် ဒပ်ဘ်လင်မြို့တွင် ကျင်းပနေသည့် Memorial Tournament ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်ဆုက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကိုဦးဆောင်နေကြောင်း GA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျပန်ဂေါက်သီးရိုက် ကစားသမားမတ်ဆူယာမာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ကန်တလေနှင့် လစ်စကိုင်းတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ဂျက်စတင်ဆုသည် နောက်ဆုံးနေ့၏နောက်ဆုံးကျင်းတွင် Birdie ရိုက်ချက် ရယူနိုင်ခဲ့ခြင်းကြောင့်လည်း ချန်ပီယံဟောင်းများဖြစ်ကြသည့် မတ်ဆူယာမာကိုတစ်ချက်အသာဖြင့် ဦးဆောင်ထားနိုင်သလို ချန်ပီယံဆုကို နှစ်ကြိမ်တိုင်တိုင် ဆွတ်ခူးထားသည့် ကန်တလေအား နှစ်ချက်အသာဖြင့် ဦးဆောင်ထားနိုင်ခဲ့သည်။

ဂျက်စတင်ဆုက "နောက်ဆုံးနေ့ရဲ့ပထမကျင်းမှာ Par ရနိုင်တဲ့ စွမ်းဆောင်ရည်တွေ ပြသနိုင်ခဲ့ပါတယ်။ ပထမကျင်းမှာကတည်းက ရလဒ်ကောင်းတွေ စွမ်းဆောင်နိုင်ခဲ့တဲ့အတွက် ယုံကြည်မှုတွေပိုရှိလာခဲ့တယ်။ ဒီလိုခက်ခဲတဲ့ပြိုင်ပွဲမျိုးမှာ ဒုတိယနေ့အပြီး ခုနစ်ချက်ဒါမှမဟုတ် ရှစ်ချက်ထက်လျော့ရိုက်နိုင်ဖို့ဆိုတာမလွယ်ပါဘူး။ ဒီလိုရလဒ်မျိုးရတာဟာ ကောင်းမွန်တဲ့ရလဒ်တစ်ခုကို ရယူနိုင်တယ်လို့ သတ်မှတ်နိုင်တယ်။ ဒီဂေါက်ကလပ်ဟာကစားရခက်တဲ့ ဂေါက်ကလပ်ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်တွေရဲ့ရလဒ်ကိုကြည့်တာနဲ့ ကစားရခက်တဲ့ ဂေါက်ကလပ်ဆိုတာ သိလာလိမ့်မယ်။ အကြိတ်အနယ်လဲရှိတဲ့ အတွက်ကြောင့် ပြိုင်ပွဲရဲ့နောက်ဆုံးနေ့ထိကို ခက်ခက်ခဲခဲကစားရမဲ့ အခြေအနေဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# မန်ယူအသင်းက အတ္တလန်တာအသင်းမှ ဟိုက်လန်းကိုခေါ်ယူရန်အတွက် တရားဝင်ဆွေးနွေးမှုများပြုလုပ်



**မန်ချက်စတာ ဇွန် ၃**

မန်ယူအသင်းက နွေရာသီကစားသမားအပြောင်းအရွှေ့ကာလ မတိုင်မီ အသင်းတိုက်စစ်ပိုင်းအတွက် အတ္တလန်တာအသင်းနှင့် ခြေစွမ်းပြသနိုင်ခဲ့သည့် လူငယ်တိုက်စစ်ကစားသမား ဟိုက်လန်းကို ခေါ်ယူရန်အတွက် တရားဝင်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိနေသည်ဟု မန်ချက်စတာညနေခင်း သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက စီရော်နယ်ဒိုနှင့်လမ်းခွဲခဲ့ပြီးနောက် အသင်းတိုက်စစ်ပိုင်းအတွက် ထိပ်တန်းကစားသမားခေါ်ယူမှုမပြုလုပ်ခဲ့ဘဲ ဘန်လေအသင်းမှ ဝက်ဟို့စ်ကိုသာ ကာလတိုစာချုပ်ဖြင့် အင်အားဖြည့်တင်းခဲ့ခြင်းဖြစ်သည်။

သို့သော် နည်းပြတန်ဟတ်က လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် လိုအပ်ချက်များရှိနေသည့်အသင်းတိုက်စစ်ပိုင်းအတွက် အင်အားဖြည့်တင်းမှုများပြုလုပ်မည်ဖြစ်ပြီး ရာသီဝက်စာချုပ်ဖြင့် ခေါ်ယူထားသည့် ဝက်ဟို့စ်ကို ထပ်မံစာချုပ်ချုပ်ဆိုမည်မဟုတ်သကဲ့သို့ မာရှယ်ကိုလည်း မဖြစ်မနေရောင်းချပြီး ထိပ်တန်းကစားသမား ခေါ်ယူမှုပြုလုပ်မည်ဖြစ်သည်။

မန်ယူအသင်းနည်းပြတန်ဟတ်က ဟိုက်လန်း၏ခြေစွမ်းပိုင်းနှင့် ပတ်သက်ပြီး ကြိုက်နှစ်သက်မှုရှိသည့်အတွက် ပြီးခဲ့သည့်ရက်ပိုင်းကတည်းက နည်းပြတန်ဟတ်က ဟိုက်လန်းထံ တိုက်ရိုက်ဆက်သွယ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ယခုအခါ မန်ယူအသင်းတာဝန်ရှိသူများက အတ္တလန်တာအသင်းတာဝန်ရှိသူများနှင့် တိုက်ရိုက်ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။

STA

# ရီးရဲလ်မက်ဒရစ်အသင်းက ကိုင်ဟာဗက်ကိုခေါ်ယူရန် ချဲလ်ဆီးအသင်းနှင့် ဆွေးနွေးမှုပြုလုပ်

**မက်ဒရစ် ဇွန် ၃**

ရီးရဲလ်မက်ဒရစ်အသင်းနည်းပြ အန်ဆယ်လော့တီသည် တိုက်စစ်ပိုင်းဖြည့်တင်းရန်အတွက် ချဲလ်ဆီးအသင်းတိုက်စစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် ကိုင်ဟာဗက်ကို ခေါ်ယူရန် ချဲလ်ဆီးအသင်းနှင့် ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် လာမည့်နွေရာသီတွင် တိုက်စစ်မှူး ဘင်ဇီမားကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရန်သေချာနေသောကြောင့် တိုက်စစ်ပိုင်းအတွက် ကစားသမားသစ်တစ်ဦးရှာဖွေလျက်ရှိရာ ချဲလ်ဆီးအသင်းတိုက်စစ်ကစားသမား ကိုင်ဟာဗက်ကို ယူရို ၇၅ သန်းဖြင့်ခေါ်ယူရန်စီစဉ်နေပြီး ချဲလ်ဆီးအသင်းနှင့် ဆွေးနွေးမှုပြုလုပ်နေသော်လည်း ချဲလ်ဆီးအသင်းက ကစားသမားအတွက် ယူရိုသန်း ၁၀၀ ထိ အလိုရှိနေကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် လာမည့်နှစ်တွင် ဥရောပပြိုင်ပွဲကစားခွင့်ရရှိမည်မဟုတ်သဖြင့် နည်းပြသစ်ပိုချက်တီနိုအနေဖြင့်လည်း ကိုင်ဟာဗက်ကို တားဆီးရန်မဖြစ်နိုင်တော့သည့်အပြင် ကစားသမားကိုယ်တိုင်ကလည်း ရီးရဲလ်မက်ဒရစ်အသင်းတွင် ကစားခွင့်ရရှိရန်ကြိုးပမ်းနေသောကြောင့် ချဲလ်ဆီးအသင်းတာဝန်ရှိသူများက ဘဏ္ဍာရေးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ရောင်းချရန်ဆုံးဖြတ်ခဲ့ပြီး ပြောင်းရွှေ့ကြေးနှင့် ပတ်သက်၍ တရားဝင်ဆွေးနွေးမှုပြုလုပ်လျက်ရှိကြောင်း သိရသည်။

ML






# အာဆင်နယ်အသင်းက အိုဒီဂတ်ကိုသက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် လာမည့်ရက်သတ္တပတ်အတွင်း ဆွေးနွေးမည်

**လန်ဒန် ဇွန် ၃**

အာဆင်နယ်အသင်းက အသင်းမှ အဓိကကွင်းလယ်ကစားသမား အိုဒီဂတ်ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်အတွက် လာမည့်ရက်သတ္တပတ်အတွင်း ဆွေးနွေးမည်ဟု အတည်ပြု ကြေညာခဲ့ကြောင်း Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၄ နှစ်ရှိ အိုဒီဂတ်သည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းမှ အငှားစာချုပ်ဖြင့်ကစားခဲ့ပြီးနောက် အသင်းနှင့်အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် အာဆင်နယ်အသင်းက ရာသီအကုန်တွင် အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အိုဒီဂတ်သည် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူအကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့ကာ အသင်းကိုအကောင်းဆုံး ဦးဆောင်နိုင်ခဲ့သူဖြစ်သည်။

အိုဒီဂတ်သည် ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်အသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၃၇ ပွဲထိပါဝင်ကစားခဲ့ပြီး ၁၅ ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ခုနစ်ကြိမ် ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့ကာ ပရီးမီးယားလိဂ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင်ပါဝင်နိုင်ခဲ့သူဖြစ်သည်။

အာဆင်နယ်အသင်းနှင့်အိုဒီဂတ်တို့စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့ပြီး ဥရောပထိပ်တန်းအသင်းကြီးများကလည်း အိုဒီဂတ်ကို ခေါ်ယူရန်စောင့်ကြည့်လျက်ရှိနေသည့်အတွက် အာဆင်နယ်အသင်းက လက်မလွှတ်လိုသောကြောင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်ဖြစ်ကာ လာမည့်ရက်သတ္တပတ်အတွင်း အပြီးသတ်ဆွေးနွေး သွားမည်ဖြစ်ကြောင်း သိရသည်။ STA

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# စီးပွားဖြစ်နို့မှုန့်လုပ်ငန်းကြီးများ၏ သတိထားဖွယ်အရောင်းမြှင့်တင်ရေးနည်းဗျူဟာများ

❖ နို့မှုန့်ကုမ္ပဏီကြီးများက အကုန်အကျခံပြီး လုပ်ဆောင်ခဲ့သည့် သုတေသနကြီးများသည် နို့ကောင်းကောင်းမဝသည့် မွေးကင်းစကလေးငယ်များအတွက် အိပ်ရေးဝဝ မအိပ်ရခြင်း၊ ညဘက်အော်ငိုနေရသဖြင့် အားအင်ကုန်ခန်းခြင်း အစရှိသည့်ရောဂါများရနိုင်သည်ဟု ဖော်ထုတ်ထားသည်။ ထိုသို့သော နို့မဝခြင်းကြောင့် ဖြစ်ရသည့်ရောဂါများကို ကာကွယ်နိုင်ရန် ဖော်မြူလာဖြင့်ထုတ်လုပ်ထားသည့် နို့မှုန့်များသည် မည်မျှစွမ်းကြောင်းကိုလည်း ဖော်ထုတ်သက်သေပြထားသည်များရှိသည်။ ဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးမှုကစ၍ သန်မာထွားကျိုင်း စာတော်သည်ထိ ဖော်မြူလာနို့မှုန့်များက တာဝန်ယူနိုင်ကြောင်း ပြောဆိုကြော်ငြာလာခဲ့ကြသည်။ ❖

၂၁ ရာစုတွင် မိသားစုတစ်ခု ချောင်ချောင်လည်လည်ရပ်တည်နိုင်ရန် ခက်ခဲလာသည်။ မိသားစုအတွင်း လူကုန်အလုပ်လုပ်မှ အသက်ရှူချောင်သည်။ လက်ထပ်ပြီးစ ကြင်ဖော်များအတွက် မောင်တစ်ထမ်း၊ မယ်တစ်ရွက်ဆိုသကဲ့သို့ လင်ရော၊ မယားရော အလုပ်လုပ်မှ နောင်အနာဂတ်မိသားစုစီမံကိန်းအိပ်မက်ကို လှလှပပ မက်နိုင်မည်။ ကြွယ်ဝသည့်နိုင်ငံများတွင် အိမ်ထောင်ပြုသူ နည်းလာသည်။ အိမ်ထောင်ပြုပြန်လျှင်လည်း သားသမီးယူရန် အချိန်ယူကြသည်။ သားသမီးယူမည်ဆိုလျှင်လည်း တစ်ယောက်စ၊ နှစ်ယောက်စသာ ယူကြတော့သည်။

အပြိုင်အဆိုင်များလှသည့်ခေတ်ကြီးတွင် မိခင်လောင်းတစ်ဦးအတွက် ကိုယ်ဝန်ဆောင်မီးဖွားခွင့်သည် အလွယ်တကူမရနိုင်သည့် အခွင့်အရေးတစ်ရပ်ဖြစ်လာသည်။ မီးဖွားပြီးသည့်အခါတွင်လည်း "နို့ချိုတိုက်ကျွေးမေ့ရင်သွေး" ဖြစ်ရန်ထက် အလုပ်ကိုစောနိုင်သမျှ စောစောပြန်သွားကြရသည်။ သည်နေရာတွင် ဈေးကြီးလှသည့်နို့မှုန့်များ အကူအညီကို ယူကြရတော့သည်။

ကမ္ဘာပေါ်တွင် စီးပွားဖြစ်နို့မှုန့်ဖော်မြူလာလုပ်ငန်းကြီးက ဒေါ်လာပေါင်းဘီလီယံချီပြီး ကြီးကျယ်လှသည်။ Commercial Milk Formula (CMF) လုပ်ငန်းကြီးများဟုခေါ်ကြသည်။ ၎င်းတို့၏ဈေးကွက်နယ်နိမိတ်ချဲ့ထွင်ရေး နည်းဗျူဟာများကလည်း အတော်တာသွားလှသည်။ သားသမီးပြုစုပျိုးထောင်ရန် အချိန်နည်းပါးလှသည့်မိဘများကို ပစ်မှတ်သားကောင်အဖြစ် သဘောထားပြီး နို့မှုန့်ကြော်ငြာကြသည်။ နို့မှုန့်လုပ်ငန်းကြီးများ၏ ကြော်ငြာအားကောင်းမှုကြောင့် ယနေ့မိခင်နို့ရည်အစားထိုး စီးပွားဖြစ် နို့မှုန့်လုပ်ငန်းကြီးသည် အမေရိကန်ဒေါ်လာဘီလီယံပေါင်းများစွာ တန်ကြေးရှိသည့်လုပ်ငန်းကြီးတစ်ခုဖြစ်လာခဲ့သည်။

နို့မှုန့်ကုမ္ပဏီကြီးများက အကုန်အကျခံပြီးလုပ်ဆောင်ခဲ့သည့် သုတေသနကြီးများသည် နို့ကောင်းကောင်းမဝသည့် မွေးကင်းစကလေးငယ်များအတွက် အိပ်ရေးဝဝ မအိပ်ရခြင်း၊ ညဘက်အော်ငိုနေရသဖြင့် အားအင်ကုန်ခန်းခြင်း အစရှိသည့်ရောဂါများရနိုင်သည်ဟု ဖော်ထုတ်ထားသည်။ ထိုသို့သော နို့မဝခြင်းကြောင့် ဖြစ်ရသည့်ရောဂါများကို ကာကွယ်နိုင်ရန် ဖော်မြူလာဖြင့် ထုတ်လုပ်ထားသည့်နို့မှုန့်များသည် မည်မျှစွမ်းကြောင်းကိုလည်း ဖော်ထုတ်သက်သေပြထားသည်များရှိသည်။ ဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးမှုကစ၍ သန်မာထွားကျိုင်း စာတော်သည်ထိ ဖော်မြူလာနို့မှုန့်များက တာဝန်ယူနိုင်ကြောင်း ပြောဆိုကြော်ငြာလာခဲ့ကြသည်။

အမှန်တော့ မွေးကင်းစကလေးငယ်များအတွက် ညဘက်အော်ငိုခြင်း၊ နိုးထလာတတ်ကြခြင်း စသည့် အပြုအမူများသည် ပုံမှန်သာဖြစ်သည်။ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်ကို ရေးကြီးခွင့်ကျယ်လုပ်ပြီး နို့မှုန့်ပိုရောင်းရရေး ကြော်ငြာနေကြသည်ဟု ပညာရှင်များကဆိုသည်။ မွေးကင်းစအရွယ်မှသည် ဖြည့်စွက်စာကျွေး၍ရသည့်အရွယ်ထိ နို့မှုန့်တစ်မျိုးတည်းကိုသာ စိုက်လိုက်မတ်တတ်သုံးစွဲပါက ကလေးငယ်၏ဘဝတိုးတက်မှု တောက်လျှောက်အကျိုးဖြစ်ထွန်းသွားမည်ဟုဆိုသည်ထိ လွန်လွန်ကြူးကြူး ကြော်ငြာလာကြကြောင်း ဝေဖန်သံများ ထွက်လာသည်။

အမှန်တကယ် မိခင်နို့ရည်သည်သာ သားသမီးတို့အတွက် အကောင်းဆုံးဖြစ်ကြောင်း ပညာရှင်တို့က တစိုက်မက်မက် ပြောဆိုလာခဲ့ကြသည်မှာ အားလုံးအသိဖြစ်သည်။ မိခင်နို့ရည်၏ အကျိုးကျေးဇူးများကို ငွေကြေးကြွယ်ဝသည့် တိုင်းပြည်များတွင်ရော၊ ချို့တဲ့သည့် တိုင်းပြည်များတွင်ပါ သုတေသနများပြုလုပ်သက်သေပြနိုင်ခဲ့ပြီးဖြစ်သည်။ မိခင်နို့ရည်သည် ကလေးသူငယ် ကူးစက်ရောဂါများကို ကာကွယ်နိုင်သည်။ ကလေးသူငယ်များ ဝမ်းပျက်ဝမ်းလျှောခြင်း၊ အသက်ရှူလမ်းကြောင်းနှင့် နားပိုးဝင်ခြင်းစသည်တို့ကိုကာကွယ်နိုင်သည်။ မွေးကင်းစကလေးငယ်သေဆုံးမှုကို လျော့ကျစေနိုင်သည်။ အာဟာရချို့တဲ့မှုကိုလည်း ကာကွယ်ပေးနိုင်သည်။ ကလေးဘဝတွင်သာမက အရွယ်ရောက်လာသည့်အချိန် အဝမလွန်အောင်ထိပါ မိခင်နို့ရည်က ကာကွယ်ပေးနိုင်သည်။

ရင်သွေးအတွက်သာမက နို့ချိုတိုက်ကျွေးသူ မိခင်အတွက်လည်း ကျန်းမာရေးအကျိုးကျေးဇူးများစွာရှိသည်။ နို့တိုက်ခြင်းကြောင့် ရင်သားကင်ဆာ၊ သားဥအိမ်ကင်ဆာများဖြစ်ပွားမှု အလားအလာ ကျဆင်းသွားသည်။ ဆီးချိုနှင့် နှလုံးသွေးကြောရောဂါများဖြစ်ပွားမှုကိုလည်း ကာကွယ်ပေးနိုင်သည်။

မိခင်နို့ချိုတိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများစွာရှိမှန်းသိကြသော်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ထုတ်ပြန်ချက်အရ ယနေ့ကမ္ဘာ့မွေးကင်းစကလေးငယ်များ၏ ၅၀ ရာခိုင်နှုန်းအောက်သာလျှင် မိခင်နို့ရည်ကို သောက်စို့ခွင့်ရနေကြသည်။ မိခင်နို့ရည်အစား နို့မှုန့်ဘူးဖျော်တိုက်ရသည့်အတွက် ကမ္ဘာ့အရပ်ရပ်ဆုံးရှုံးငွေ နှစ်စဉ်အမေရိကန်ဒေါ်လာဘီလီယံ ၃၅၀ ထိရှိနေသည်။ တစ်ချိန်တည်းမှာပင် စီးပွားဖြစ်နို့မှုန့်ဖော်မြူလာလုပ်ငန်းကြီး (CMF) များအနေဖြင့် နှစ်စဉ်အကျိုးအမြတ် အမေရိကန်ဒေါ်လာ ၅၅ ဘီလီယံရရှိနေပြီး ၎င်းအမြတ်ငွေထဲမှ အမေရိကန်ဒေါ်လာ သုံးဘီလီယံကို နို့မှုန့်ကြော်ငြာလုပ်ငန်းများအတွက် အသုံးပြုကြသည်။

CMF လုပ်ငန်းကြီးများ၏ဆွဲဆောင်မှု၊ နို့မှုန့်ကြော်ငြာမှုလုပ်နည်းလုပ်ဟန်များကလည်း စိတ်ဝင်စားရန် ကောင်းသည်။ အမှန်တော့ နိုင်ငံတိုင်းလိုလိုတွင် အစားအသောက်စံချိန်စံညွှန်းများ၊ မိခင်နို့တိုက်ကျွေးရေးစီမံချက်များရှိကြသည်သာ ဖြစ်သည်။ ၎င်းစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကိုကျော်လွန်ပြီး လူသုံးများလာအောင် ထိုးဖောက်စိမ့်ဝင်ကြသည်။ ၁၉၈၁ ခုနှစ် ကမ္ဘာ့ကျန်းမာရေးညီလာခံက မိခင်နို့အစားထိုးနို့မှုန့်များအတွက် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများကို ပြဋ္ဌာန်းပေးခဲ့သည်။ စံချိန်မမီသော အရည်အသွေးနိမ့် နို့မှုန့်များဈေးကွက်အတွင်း ရောက်ရှိလာခြင်းမှ ကာကွယ်ရန်ဖြစ်သည်။

ထိုစည်းကမ်းသတ်မှတ်ချက်များအရ နို့မှုန့်များကို အများပြည်သူရှေ့မှောက်တွင် ကြော်ငြာခြင်းမပြုလုပ်ရ၊ ဆေးရုံဆေးခန်းများတွင် အရောင်းမြှင့်တင်ရေးပွဲများ မပြုလုပ်ရ၊ မိခင်နှင့်ကျန်းမာရေးဝန်ထမ်းများကို နို့မှုန့်ထုပ် အခမဲ့ပေး ကြော်ငြာခြင်းမပြုလုပ်ရ စသည့်ကန့်သတ်ချက်များ ပါဝင်သည်။ ယုတ်စွအဆုံး နို့မှုန့်ကုမ္ပဏီများအနေဖြင့် ဆရာဝန်များကိုလက်ဆောင်မပေးရ၊ ဆေးပညာနှီးနှောဖလှယ်ပွဲများတွင် စပွန်ဆာမပေးရဟူသည်ထိ တားမြစ်ပိတ်ပင်ထားသည်။

သို့သော် ၎င်းစည်းကမ်းချက်များကို အပြည့်အဝလိုက်နာလုပ်ဆောင်သည့်နိုင်ငံ ၃၂ နိုင်ငံသာ ရှိသည်ဟုဆိုသည်။ စည်းကမ်းချက်များကို လိုအပ်သလိုတည်းဖြတ်ပြုပြင်ပြီး တစ်စိတ်တစ်ဒေသလိုက်နာကျင့်သုံးသည့်နိုင်ငံ ၄၁ နိုင်ငံရှိသည်။ လုံးဝလိုက်နာဆောင်ရွက်ခြင်းမရှိသည့် နိုင်ငံ ၅၀ ရှိသည်။

နောက်ပိုင်းကာလများတွင် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးစကြီတစ်လျှောက် ဆေးဝါးနှင့်ကျန်းမာရေးလုပ်ငန်းသုံးပစ္စည်းများတင်ပို့မှုက အကျိုးအမြတ်များလာသည်။ မိခင်နို့တိုက်ကျွေးရေးနှင့် ပတ်သက်ပြီး နိုင်ငံကြီးတစ်ခုက စီးပွားရေးပိတ်ဆို့သည်ထိ အရေးယူမည်ဟု ခြိမ်းခြောက်သည့်ဖြစ်စဉ်တစ်ခုပင်ရှိခဲ့သည်။ ဖြစ်ပုံက ၂၀၁၈ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးညီလာခံကြီး၏ဆုံးဖြတ်ချက်များအတိုင်း မိခင်နို့တိုက်ကျွေးရေးအစီအမံများ လိုက်ပါဆောင်ရွက်ခြင်းမရှိပါက အီကွေဒေါနိုင်ငံအပေါ် ကုန်သွယ်ရေးပိတ်ဆို့မှုများပြုလုပ်ပြီး ပေးလက်စစစ်ရေးအကူအညီများ ရပ်ဆိုင်းမည်ဟု အမေရိကန်နိုင်ငံက ကြေညာခဲ့ခြင်းဖြစ်သည်။

CMF လော်ဘီတချို့က မီးဖွားခွင့်အလုံအလောက်မပေးနိုင်သည့်အချက်ကိုနင်းပြီး နို့မှုန့်ကောင်းကြောင်းကို အဓိပ္ပာယ်ဖွင့်တတ်ကြသည်။ မီးဖွားပြီး တစ်လ၊ တစ်လခွဲဆို မိခင်များအနေဖြင့် အလုပ်ပြန်တက်ရခြင်းများသည်။ ထိုအချိန်တွင် မိမိရင်သွေးကို အလုပ်ထိခေါ်လာပြီး မိခင်နို့တိုက်ရန် အဆင်မပြေ။ ထို့အတွက်ကြောင့်လည်း နို့မှုန့်များကို အစားထိုးသုံးစွဲသင့်ကြောင်း ဆွဲဆောင်ကြခြင်းဖြစ်သည်။

အချို့ မိခင်များကိုယ်တိုင်က မိမိရင်သွေးကို နို့မတိုက်လိုခြင်းများ ရှိသည်။ အချို့မိခင်များက ကျန်းမာရေးအရ နို့မတိုက်နိုင်ခြင်းလည်းရှိတတ်ကြသည်။ မည်သို့သောအကြောင်းနှင့်ပင် မိခင်နို့မတိုက်ဖြစ်သည်ဖြစ်စေ မိခင်နို့အစားထိုးနို့မှုန့်များ တိုက်ကျွေးခြင်း၏ ကျန်းမာရေးအချက်အလက်အမှန်များကို သိရှိနိုင်ကြရန်လိုသည်။ အချက်အလက်အမှန်များကို သိကြပါစေ။ ပြီးမှ မိသားစုနှင့် မိခင်ကိုယ်တိုင် ရွေးချယ်ကြရန်ဖြစ်သည်။ CMF များမှ ဆွဲဆောင်အချက်အလက်များကိုသာ သိရှိကြခြင်းမဟုတ်ဘဲ ကျန်းမာရေးဌာနများက ထုတ်ပြန်သည့် မိခင်နို့ရည်နှင့်ပတ်သက်သော အချက်အလက်များကိုလည်း သိရှိနိုင်ကြရန် လိုအပ်သည်။

CMF များ၏ အရောင်းမြှင့်တင်ရေးကြော်ငြာများက တစ်ခုနှင့်တစ်ခုချိတ်ဆက်ထားသည်။ အကွက်စေ့ ထောင့်စေ့သည်။ မွေးကင်းစ ကလေးငယ်ရှိသူမိသားစုများကို လွတ်ထွက်မသွားအောင် ကြော်ငြာနိုင်သည်။ ထို့အတွက်ကြောင့် ၎င်းတို့၏ဆွဲဆောင်မှုများကို မလွဲမသွေကြုံရရန် ရှိသည်။

လူတစ်ဦးချင်းစီအတွက် ကိုယ်ပိုင်အခွင့်အရေးရှိသကဲ့သို့ ကလေးငယ်များအတွက် လူ့အခွင့်အရေးဆိုသည်မှာ ရှိသည်။ မိခင်နို့ချို သောက်သုံးခွင့်သည် မွေးကင်းစ ကလေးငယ်တစ်ဦး၏ အခွင့်အရေးဖြစ်သည်။ သက်ဆိုင်ရာအစိုးရများအနေဖြင့် မိခင်နို့ချိုတိုက်ကျွေးခြင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်အမှန်များကို များများချပြနိုင်ရန် လိုအပ်သကဲ့သို့ တစ်ဖက်ကလည်း သတင်းအချက်အလက်အမှားများကို ဟန့်တားပိတ်ဆို့ပေးရန် တာဝန်ရှိသည်။ အထူးသဖြင့် ကမ္ဘာ့ကျန်းမာရေးညီလာခံကြီးက ပြဋ္ဌာန်းပေးထားသည့် မိခင်နို့ချိုတိုက်ကျွေးရေး စံနှုန်းသတ်မှတ်ချက်များအတိုင်း လိုက်ပါလုပ်ဆောင်ခြင်းဖြင့် "နို့ချိုတိုက်ကျွေး မေ့ရင်သွေး"များဖြစ်နိုင်ကြစေရေး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

**ကိုးကား**

- **Unveiling the predatory tactics of the formula milk industry from Lancet Feb,2023**

**ဒေါက်တာလွှမ်းမိုးဟန်**

# တနိုင်းမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ ကျင်းပ

**တနိုင်း ဇွန် ၃**

ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို ဇွန် ၂ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တနိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တနိုင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်ရည်ရွယ်၍ ယခုကဲ့သို့ အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းကသင်ကြားပို့ချမှုများကို သင်တန်းသူများစိတ်ပါဝင်စားစွာ မှတ်သားလိုက်နာပြီး ပြင်ပတွင် ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်သည်ထိ လေ့လာဆည်းပူးသွားရန် မှာကြားသည်။

ထို့နောက် သင်တန်းနည်းပြများက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များ၊ သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသူများထံ သင်ထောက်ကူပစ္စည်းများ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အခြေခံစက်ချုပ်သင်တန်းသို့ တနိုင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် အခြေခံလက်ချုပ်၊ စက်ချုပ်၊ လုံချည်ချုပ်နည်း၊ ကြယ်သီးဖောက်နည်း၊ ကလေးဘောင်းဘီ၊ ကလေးအင်္ကျီ၊ အမျိုးသမီးဝတ် ရင်ဖုံးအင်္ကျီစသည့်အခြေခံစက်ချုပ်နည်းအမျိုးမျိုးကို ကျွမ်းကျင်နည်းပြများက ဇွန် ၂ ရက်မှ ၃၀ ရက်ထိ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# အဓိပ္ပာယ်ရှိသောကြယ် ရုပ်ရှင်ဇာတ်ကားကို ဇွန် ၉ ရက်မှစတင်ကာ တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသမည်




**ရန်ကုန် ဇွန် ၃**

Triple Six ရုပ်ရှင်ထုတ်လုပ်ရေးကရိုက်ကူးထုတ်လုပ်သည့် အဓိပ္ပာယ်ရှိသောကြယ် ရုပ်ရှင်ဇာတ်ကားကို ဇွန် ၉ ရက်မှစတင်ကာ တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း Triple Six ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်မှုတာဝန်ခံ ဦးသန်းဌေး (Jack) က ပြောပြ၍ သိရသည်။

အဓိပ္ပာယ်ရှိသောကြယ် ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို အင်ကြင်းဟန်က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ အရှက်ဦးပွင့်သိဂီဇော်က ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"သုံးပွင့်ဆိုင် လူငယ်အချစ်ဇာတ်လမ်းဆိုပေမဲ့ ပရိသတ်စိတ်ဝင်စားမဲ့ ဇာတ်လမ်းတွေ ထည့်ထားပါတယ်။ သရုပ်ဆောင်တွေက ဝါရင့်တွေဖြစ်ပြီး ဇာတ်လမ်းက ရုပ်လုံးကြွလာတဲ့အတွက် ကိုယ်တိုင်ခံစားကြည့်စေချင်ပါတယ်"ဟု ဦးသန်းဌေးက ပြောပြသည်။

အဓိပ္ပာယ်ရှိသောကြယ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ နန်းစုဦး၊ ရွှေပုဏ္ဏမိကျော်တို့အပြင် ဇာတ်ပို့သရုပ်ဆောင်များဖြစ်သည့် ကေညီ၊ ဌက်ပျောကြော်၊ နေလင်း၊ မိုးစက် စသည့်သရုပ်ဆောင်များ၊ ညွှေသည်သရုပ်ဆောင် ဘုန်းသျှန်တို့က ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးအနုပညာရှင်များကို လစဉ်ပံ့ပိုးကြေးများ ထုတ်ပေး

**ရန်ကုန် ဇွန် ၃**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးအနုပညာရှင်ဦးရေ ၅၀ ကို လစဉ်ပံ့ပိုးကြေးများ ထုတ်ပေးလျက်ရှိရာ မေလအတွက် သက်ကြီးအနုပညာရှင်များ ပံ့ပိုးကြေးကို ဇွန်၂ ရက်ကစတင်ကာ ရုပ်ရှင်အစည်းအရုံးတွင် ထုတ်ပေးနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် သက်ကြီးအနုပညာရှင်များကိုလစဉ်ပံ့ပိုးကြေးအဖြစ် သက်ကြီးအနုပညာရှင်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ကို မပျက်မကွက် လစဉ်ထုတ်ပေးလျက်ရှိသကဲ့သို့ ရုပ်ရှင်အစည်းအရုံးဝင်အလှူအသီးသီးမှ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များကို အခါအားလျော်စွာပံ့ပိုးကြေးများ ထုတ်ပေးလျက်ရှိကြောင်း သိသည်။

"သက်ကြီးရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်အယောက် ၅၀ ကို ရုပ်ရှင်အစည်းအရုံးအနေနဲ့ လစဉ်ပံ့ပိုးပေးလျက်ရှိပါတယ်။ ဇွန် ၂ ရက်ကစတင်ပြီးတော့ မေလအတွက် ပံ့ပိုးကြေးတွေကိုထုတ်ပေးနေတာဖြစ်ပါတယ်။ အလားတူ ကျောင်းနေအရွယ်ကလေးတွေရှိနေတဲ့ရုပ်ရှင်လောကသား ကျောင်းသားမိဘတွေကို ကျောင်းဝတ်စုံနဲ့စာရေးကိရိယာတွေ ကူညီပံ့ပိုးပေးတဲ့အစီအစဉ်တွေ လုပ်ဆောင်လျက်ရှိပါတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။



ထို့ပြင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အစည်းအရုံးဝင်များကို ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးသေတ္တာ စသည့်စားသောက်ကုန်များ ပံ့ပိုးခြင်းအစီအစဉ်ကို ဆောင်ရွက်ပေးလျက်ရှိရာ မေလအတွင်းက ဆန်၊ ဆီအပါအဝင် စားသောက်ကုန်နှင့် လူသုံးကုန်များကို ဒုတိယအကြိမ်အဖြစ် ပံ့ပိုးပေးပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

ASH

# ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် Miss Grand International 2023 တွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် နီနီလင်းအိမ် သွားရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇွန် ၃**

ဗီယက်နမ်နိုင်ငံ၌ ၁၁ ကြိမ်မြောက်ကျင်းပမည့် Miss Grand International 2023 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အလှမယ် မွန်တိုင်းရင်းသူ နီနီလင်းအိမ် သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မွန်တိုင်းရင်းသူအလှမယ် နီနီလင်းအိမ်က ပြောပြ၍ သိရသည်။

အဆိုပါ Miss Grand International 2023 ပြိုင်ပွဲကို ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း ဗီယက်နမ်နိုင်ငံတွင် ၁၁ ကြိမ်မြောက် ကျင်းပသွားဖြစ်ကြောင်း၊ အလှမယ် နီနီလင်းအိမ်သည် Miss Grand International 2023 ပြိုင်ပွဲအတွက် ထိုင်းနိုင်ငံမှ Pageant Coach နည်းပြဆရာနှင့်အတူ လေ့ကျင့်ပြင်ဆင်မှုများကို ယခုလအတွင်း ထိုင်းနိုင်ငံသို့သွားရောက်ကာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"နီနီ ထိုင်းကိုသွားပြီး Catwalk Training ကို စတော့မယ်။ နီနီစကားပြောတဲ့အပိုင်းမှာ စကားဝဲတယ်။ ဟိုမှာလဲ အင်္ဂလိပ်စာကိုပဲ အဓိကပြောရတာဆိုတော့ အလှမယ်ပိုင်းနဲ့ပတ်သက်တဲ့ စကားလုံးတွေ ဘယ်လိုပြောရမလဲဆိုတာကို သွားသင်ရမယ်။ အဓိကကတော့ ပြိုင်ပွဲမှာ မြန်မာနဲ့ပတ်သက်ပြီး ယဉ်ကျေးမှုအမွေအနှစ်ကို အများကြီးချပြသွားမှာပါ။ ဟိုမှာ နိုင်ငံပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ၊ လူမျိုးပေါင်းစုံတွေ့ရမှာဆိုတော့ ပြိုင်ပွဲမှာ နီနီက ယဉ်ကျေးမှုကို အဓိကချပြချင်တယ်။ မြန်မာ့ယဉ်ကျေးမှုတွေကို သိစေချင်တယ်"ဟု အလှမယ် နီနီလင်းအိမ်က ပြောပြသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း ဗီယက်နမ်နိုင်ငံ၌ ၁၁ ကြိမ်မြောက် ကျင်းပမည့် Miss Grand International 2023 ပြိုင်ပွဲတွင် မြန်မာအပါအဝင် နိုင်ငံပေါင်း ၆၀ ကျော်မှ ကိုယ်စားပြုအလှမယ် ၆၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Batman နောက်ဆက်တွဲဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်း ဆိုင်းငံ့ထား

**နယူးယောက် ဇွန် ၃**

အမေရိကန် ဇာတ်ညွှန်းရေးဆရာများအသင်း၏ လုပ်ခလစာသပိတ်ကြောင့် The Batman နောက်ဆက်တွဲဇာတ်ကားရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းဆိုင်းငံ့ထားရကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇွန် ၂ ရက်တွင် ရေးသားတင်ပြထားသည်။

ဝါနာဘရားသားကုမ္ပဏီသည် မူလက The Batman Part-2 ကို ယခုနှစ်ကုန်ပိုင်းတွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ စတင်ရိုက်ကူးရန် စီစဉ်ထားကြောင်း၊ သို့ရာတွင် ဇာတ်ညွှန်းရေးဆရာများ သပိတ်ကြောင့် The Batman Part-2 ကို လာမည့်နှစ်မှသာ စတင်ရိုက်ကူးရန် ဝါနာဘရားသားကုမ္ပဏီက အစီအစဉ်ပြောင်းခဲ့ရကြောင်း သိရသည်။

The Batman Part-2 အတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ မတ်ရီဗ ဇာတ်ညွှန်းရေးဆရာ မက်ဆင်တွမ်လင်နှင့် ပူးတွဲရေးသား၍ ကိုယ်တိုင်ရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား ရောဘတ်ပက်တင်ဆန်နှင့် မင်းသမီး ဇိုးကရာဗစ်တို့က အဓိကဇာတ်ကောင်နေရာများ၌ သရုပ်ဆောင်မည်ဖြစ်ကြောင်း၊ The Batman Part-2 ကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။ KKO




# The Little Mermaid ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာသန်း ၂၅၀ ထိရှိလာ

**နယူးယောက် ဇွန် ၃**

The Little Mermaid ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေသည် အမေရိကန်ဒေါ်လာ သန်း ၂၅၀ ထိရှိလာပြီဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇွန် ၂ ရက်တွင် ရေးသားတင်ပြထားသည်။

ရုံတင်ပြီး သီတင်းတစ်ပတ်မပြည့်မီမှာပင် The Little Mermaid ဇာတ်ကားသည် The Little Mermaid အင်နီမေးရှင်းရုပ်ရှင်၏ကမ္ဘာတစ်ဝန်းဝင်ငွေကို ကျော်လွန်သွားပြီဖြစ်ကြောင်း သိရသည်။

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ မူလ The Little Mermaid အင်နီမေးရှင်းဇာတ်ကား(1984) ၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၁၁ သန်းထိရှိခဲ့သည်။

ဒစ္စနီးကုမ္ပဏီသည် The Little Mermaid ရုပ်ရှင်ဇာတ်ကားကို ယခုနှစ် မတ် ၂၆ ရက်က စတင်ရုံတင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဂျိုနာဟောင်ဝါကင်း၊ မင်းသမီး ဟေးဘေလီတို့က အဓိကဇာတ်ကောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး The Little Mermaid ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဒေးဗစ်မာဂျီးက ရေးသားထားကာ ဒါရိုက်တာ ရော့မာရှယ်က ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO



# 50,000 tons of maize seeds from Ayeyawady Region to be exported to customer countries



Sheafs of corn seen in a field before being threshed.

**Pathein June 3**

Ayeyawady Region Consumer Affairs Department on 2 June stated that it will slate to export 50,000 tons of maize seeds from the region to customer countries.

Maize seeds will be directly exported from Pathein Port, to reduce transport charge rather than exporting the stock from Yangon ports.

If so, export process will create chance for local growers, truck owners and labours to have job opportunities and enjoy improved socioeconomic life.

Ayeyawady Region started export of 2,700 tons of maize seeds to Thailand. On 21 May, MV M (L-19) with the loads of 2,700 tons of maize seeds departed from Ayeyawady International Industrial Port in Pathein to Khantang port of Thailand.

Moreover, plans are underway to export maize seeds to foreign countries till the weighing 50,000 tons. 336

# Plans underway to export avocado to India through border trade in 2023-24 FY

**Yangon June 3**

Arrangements are being made to export Myanmar's avocado to India through cross-border process in 2023-24 financial year, said general secretary U Kyaw Moe Min of Myanmar Avocado Growers and Exporters Association.

More than 1,000 tons of Haas avocado of Myanmar was exported to Thailand in 2022-23 financial year through land border as well as shipping. Moreover, 50 tons of avocado was also sent to Malaysia.

Furthermore, Myanmar's avocado is exported to France, the Netherlands and UAE on test, and demand is high from Thailand and UAE to purchase avocado from Myanmar. But, export process is suspended due to requirement of qualification certificate.

"This year, we decided to export avocado to India through border lands. After Myanmar's avocado has been displayed at the foreign fruit show, Indian merchants arrive in Myanmar to purchase avocado at the farms. Fuit merchants from Asia and European countries are interested in Myanmar's avocado. We export the fruit to UAE, Malaysia, Vietnam, Thailand, China and Singapore," the general secretary said.

Myanmar produces 300 to 500 tons of Haas avocado fruit per year from October to January. Avocado plants are grown in Shan State and PyinOoLwin Township of Mandalay Region as well as Tauggyi, Hopong, Nyaungshwe, Hsihseng, Kalaw, Pindaya, Ywangan, Yaksauk, Pekhon and Loilem, Lashio, Kutkai, Kyaukme, Hsipaw and Nawnghkio. ASH



Avocados stored in a warehouse.

# Myanmar, Hong Kong to promote cooperation in health, foodstuffs, electronic equipment, manufacturing sectors

**Yangon June 3**

General Secretary of UMFCCI said that Myanmar and Hong Kong decided to promote mutual cooperation in health, foodstuffs, electronic equipment and manufacturing sectors.

In order to enhance trade between Myanmar and Hong Kong, Deputy Director Mr Jason Chow and party of Bangkok branch of Hong Kong Trade Development Council – HKTDC held a meeting with Vice President of UMFCCI Dr Myo Thet and party recently.

The general secretary of the UMFCCI explained, "The federation holds meetings with Hong Kong entrepreneurs as from the last week of May through online as well as at the federation office. Hong Kong based Hong Kong Trade Development Council discussed sending Myanmar skilled labours to Hong Kong and extend health care services, foodstuff and electronic equipment manufacturing process."

HKTDC and UMFCCI discussed enhancement of cooperation as business partnership in addition to seeking the market opportunities between them. Moreover, Hong Kong-Myanmar Trade Expositions will take place and Myanmar businesspersons were invited to attend the show in Hong Kong.

ASH

# Biden says debt ceiling deal averted 'economic collapse'

**Washington June 3**

President Joe Biden has said raising the US borrowing limit averted "economic collapse", in his first Oval Office address to the nation.

He pledged to sign the bill into law on Saturday after it cruised through Congress with bipartisan support.

The Democratic president voiced rare praise for his Republican counterparts, saying they "operated in good faith".

He said a US default on its $31.4tn (£25tn) debt by Monday's deadline would have been "catastrophic".

Speeches to the nation from the Oval Office are typically reserved for major crises, such as war or natural disasters.

The White House said Mr Biden's decision to make his remarks there underscored the gravity of the situation if the debt ceiling had not been raised at the last minute.

For weeks the White House and Republicans debated details of a deal, and there was scepticism about whether the package would actually be finalised before the US government ran out of money on 5 June.

The bill passed 63-36 in the Senate on Thursday night, a day after it easily cleared the House of Representatives.

The president praised congressional leaders, including Republican Speaker of the House Kevin McCarthy and Republican Senate leader Mitch McConnell.

"They acted responsibly, and put the good of the country ahead of politics," said Mr Biden, who is running for re-election in 2024.

The deal suspends the debt limit until 1 January 2025 and caps non-defence spending, while expanding work requirements for food and healthcare assistance, amongst other provisions.

BBC

# India train crash: More than 260 dead after Odisha accident

**Delhi June 3**

At least 261 people have been killed and 1,000 are injured in a crash involving three trains in India's eastern Odisha state.

One passenger train derailed on to the adjacent track and was struck by an incoming train on Friday, also hitting a nearby stationary freight train.

A massive recovery operation is under way, after hundreds of emergency workers searched the wreckage.

The cause of India's worst train crash in over 20 years is not yet clear.

Officials say several carriages from the Coromandel Express, travelling between Kolkata (formerly Calcutta) and Chennai (formerly Madras), derailed at about 19:00 (13:30 GMT) in Balasore district after hitting a stationary goods train. Several of its coaches ended up on the opposite track.

Another train travelling in the opposite direction - the Howrah Superfast Express travelling from Yesvantpur to Howrah - then hit the overturned carriages. BBC



# Plan underway to admit 57 container ships from 15 international container shipping lines in June


Yangon port handling cargo containers.

**Yangon June 3**

The Myanma Port Authority on 29 May stated that arrangements are being made to admit 57 container ships from 15 international container shipping lines at ports in Myanmar in coming June.

As foreign customer countries trade with Myanmar through maritime trade route, international container vessels dock at international ports of Yangon monthly.

Moreover, the government arranges running of container ships from various shipping lines in order to increase export and import volumes.

Hence, plans are underway to admit 57 container ships from 15 international container shipping lines, and the schedules on extended running of shipping lines will be presented for export and import entrepreneurs, according to the press release of Myanma Port Authority under the Ministry of Transport and Communications.

It is scheduled to admit docking of 10 container ships from Sealand Maersk Asia shipping line, eight from Samudera, six from RCL, five from MSC, four from New Golden Sea (COSCO), four from SITC, four from T2, three from IAL, three from One, two each from BLPL, Ever Green, Land and Sea and PIL, one each from Bay Line and CMA-CGM in June.

The Ministry of Commerce, Myanma Port Authority, Customs Department, relevant departments and organizations as well as businesspersons are striving for ensuring regular docking of international container ships at the ports of Yangon on a monthly basis. 336

# Myanmar's pigeon pea gets high prices due to high demand of foreign countries

**Mandalay June 3**

High demand of foreign countries pulls up prices of pigeon pea in Mandalay market this season, according to the merchants from Mandalay.

Currently, pigeon pea from regions and states flow into Mandalay market. Due to favourable weather, pigeon pea faced high yield with high quality this year. In the same period of last year, pigeon was traded at K140,000 per three-basket bag, compared to K280,000 per bag this year, said U Soe Win Myint, owner of Soe Win Myint brokerage in Mandalay market.

"Myanmar people are seldom to consume pigeon pea. But, Indians prefer to eat such a bean due to different taste and free from chemical residue. Myanmar exports a large volume of pigeon pea to foreign market on a yearly basis. Myanmar's pigeon pea grasps a firm market share. This year, prices of pigeon pea are higher due to high demand of India. Moreover, Nepal, Bangladesh and Pakistan purchase pigeon pea from Myanmar as usual. India is main customer. This year's prices of bean are unprecedented. Myanmar grows pigeon pea in cold season. Now, the pea is marketable in Mandalay," he added.


Pigeon pea.

Myanmar produces red, white and strip pigeon peas. It is grown in Mandalay, Magway and Sagaing regions. Moreover, it is cultivated in Chin, Kayah and Shan States. According to the firm market share, local farmers need to extend sown acreage of pigeon pea. 185

# Mawtaung border trade post handles import of 24 tons of fruits in May

**Nay Pyi Taw June 3**

The Ministry of Commerce on 2 June stated that Mawtaung border trade post handled import of fruits weighing 24 tons in May 2023.

The trade post manages border trade measures with Thailand. It is located 120 miles from Myeik of Tanintharyi Region, as a three hours drive betwee Myaik and Mawtaung camp.

As fruits from Thailand can be transported to Myeik within three hours, consumers can consume fresh fruits. Moreover, importers can avoid loss and damage of imported fruits due to short import duration.

Fruits required for Myeik region are imported from Mawtaung border post. Hence, the camp handled import of 24 tons fruits in May.

Most of the fruits imported from the post are apples, orange, jackfruit and launggan. At present, apple fetches 19.44 baht per kilo, orange 9.69 baht and launggan 6.81 baht.

Reciprocally, Myeik region exports marine products, agricultural produce and other goods to Thailand. Moreover, the post handles export of onion, banana, fish, shrimps, live mud crab, brooms and other goods.

A total of 18,700 kilos of live mud crabs were exported from 1 to 23 May to Thailand. In the Thai market, live mud crab fetches 141.67 baht per kilo. 336

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Bangladesh increases import volume of ginger from Myanmar

**Nay Pyi Taw June 3**

As local demand is high, Bangladesh increases its import volume of ginger from Myanmar at high prices, said deputy director U Htet Aung Win of Trade Development Branch under the Myanmar Trade Promotion Organization.

It was reported that as demand is high in ginger market, Bangladesh will raise prices of ginger from Myanmar with increased import volume. Bangladesh faces declining volume of ginger and onion at home. Hence, it imports ginger and onion from Myanmar, Vietnam and China to meet the local demand.

"Currently, Bangladesh purchases ginger from Myanmar a 240-245 Taka per kilo in the retail market of Bangladesh. Such a price increases up from 200-220 Taka per kilo. Although China exports ginger to Bangladesh, the latter primarily imports ginger from Myanmar due to short transport. Bangladesh purchases 250-260 Taka per kilo from Vietnam but import volume of ginger from China and Vietnam flows lesser into Bangladesh. So, Myanmar's ginger gets good prices," said U Htet Aung Win.

At present, import charge through border trade is high, so Bangladesh imported some 3,000 tons of ginger the whole year. In coming years, Bangladesh has decided to increase import volume rather than previous years. In Myanmar, inflow of ginger to the wholescale centres declines, so prices of ginger reached K5,000 per viss in the last week of May.Myanmar exports ginger to neighbouring countries. Merchants from Aungban Township from southern Shan State send ginger to Bangladesh and India via Taungup route and some volume of stock to China and Brazil. ASH


High quality ginger.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းကို လုံခြုံရေးအာမခံချက်မပေးနိုင်ပါက NATO အစည်းအဝေးသို့ ဇီလန်စကီး တက်ရောက်မည်မဟုတ်



NATO မဟာမိတ်အဖွဲ့အနေဖြင့် ယူကရိန်းကို လုံခြုံရေးအာမခံချက်များ မပေးနိုင်ပါက ဇူလိုင်လတွင် လစ်သူရေး နီးယားနိုင်ငံ၌ ကျင်းပမည့် NATOအစည်း အဝေးသို့ ယူကရိန်းသမ္မတ ဇီလန်စကီး တက်ရောက်သွားမည်မဟုတ်ကြောင်း Financial Times က မေ ၃၁ ရက်တွင် ဖော်ပြခဲ့သည်။

ဇီလန်စကီးသည် ခိုင်မာသောလုံခြုံရေး အာမခံချက်နှင့် ဝင်ရောက်ခွင့်အတွက် လမ်းပြမြေပုံမရှိဘဲ လစ်သူရေးနီးယား အစည်းအဝေးသို့ တက်ရောက်မည် မဟုတ်ကြောင်း NATO ခေါင်းဆောင်များ ကို ရှင်းလင်းစွာ ပြောကြားခဲ့ကြောင်း သတင်းစာက ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းသည် ၂၀၂၂ ခုနှစ် စက်တင် ဘာလတွင် အမေရိကန်ဦးဆောင်သော အစုအဖွဲ့သို့ဝင်ရောက်ရန် တရားဝင် လျှောက်ထားခဲ့ပြီး အဖွဲ့ဝင်များကိုပေးအပ် သည့် စုပေါင်းကာကွယ်ရေးသည် ရုရှား နိုင်ငံကို ခုခံတွန်းလှန်နေသည့် ယူကရိန်း၏ လုံခြုံရေးအတွက် လိုအပ်သည်ဟု အခိုင် အမာ ပြောကြားခဲ့သည်။

မြောက်အတ္တလန္တိတ်စာချုပ်၏ အပိုဒ်-၅ တွင် NATO အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံကို လက်နက်ကိုင်တိုက်ခိုက်ခြင်းသည် အဖွဲ့ဝင် နိုင်ငံအားလုံးကို တိုက်ခိုက်သည်ဟုယူဆရ ကြောင်း ပြဋ္ဌာန်းထားသည်။

ယူကရိန်း၏ အဖွဲ့ဝင်ဖြစ်မှုအပေါ် Nordic နှင့် Baltic နိုင်ငံတို့အပြင် ပိုလန် တို့က အခိုင်အမာထောက်ခံထားသော် လည်း ပြင်သစ်သမ္မတ Emmanuel Macron က ယူကရိန်းနိုင်ငံကို အစွရေးနှင့် အပြည့်အဝ အဖွဲ့ဝင်နိုင်ငံတို့ကြားပေးအပ် ထားသည့် လုံခြုံရေးအာမခံချက်မျိုး ကြားချ၍ တစ်စုံတစ်ရာကမ်းလှမ်းနိုင်ကြောင်း မေ ၃၁ ရက်တွင် အကြံပြုခဲ့သည်။

အလားအလာရှိသော လမ်းပြမြေပုံ အပါအဝင် မဟာမိတ်အဖွဲ့နှင့် ယူကရိန်း တို့ကြား ပိုမိုနက်ရှိုင်းသောဆက်ဆံရေး တစ်ရပ်အဖြစ် ကမ်းလှမ်းမှုကို အမေရိကန် နှင့်ဂျာမနီတို့က ကန့်ကွက်နေကြောင်း FT သတင်းစာက အမည်မဖော်လိုသည့် အရာရှိ လေးဦး၏ပြောကြားချက်များအပေါ် ကိုးကား ၍ မေလတွင် ရေးသားဖော်ပြခဲ့သည်။

"ယူကရိန်းရဲ့ ယူရို-အတ္တလန္တိတ် ရည် မှန်းချက်တွေကို ပံ့ပိုးပေးမဲ့ နည်းလမ်းတွေ ကို ရှာဖွေသွားမှာဖြစ်ပေမဲ့ အခုအချိန် ယူကရိန်းမှာ လတ်တလောလိုအပ်ချက်တွေ က လက်တွေ့ကျတဲ့အတွက်ယူကရိန်းရဲ့ ကာကွယ်ရေးနဲ့ အဟန့်အတားစွမ်းရည် တွေကိုပဲ တည်ဆောက်ဖို့အာရုံစိုက်သင့်ပါ တယ်"ဟုဥရောပရေးရာထိပ်တန်းနိုင်ငံခြား ရေးဌာန တာဝန်ရှိသူ Dereck Hogan က ပြီးခဲ့သည့်လတွင် ပြောကြားခဲ့ဖူးသည်။

ဇူလိုင် ၁၁ ရက်မှ ၁၂ ရက်ထိ NATO မဟာမိတ်အဖွဲ့တွေ့ဆုံမှုကို လစ်သူရေး နီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ ကျင်းပမည့် NATO အစည်းအဝေး၏ ရလဒ်ကို ရုရှား၏အောင်ပွဲဟု အဓိပ္ပာယ် ဖွင့်ဆိုနိုင်လျှင် အလွန်ဝမ်းနည်းဖွယ်ကောင်း မည်ဟု လစ်သူရေးနီးယားဝန်ကြီးချုပ် အင် ဂရီဒါဆီမိုနိုက်တီက ဇွန် ၂ ရက်တွင် ပြောကြားခဲ့ကြောင်း ရိုက်တာသတင်းဌာန က ရေးသားဖော်ပြခဲ့သည်။

ရုရှားသည် NATO ၏ အရှေ့ဘက် သို့ စစ်အင်အားတိုးချဲ့မှုသည် ၎င်း၏အမျိုး သားလုံခြုံရေးကို ခြိမ်းခြောက်မှုတစ်ခုအဖြစ် ရှုမြင်ပြီး ယူကရိန်းနှင့် ပဋိပက္ခအတွက် အကြောင်းပြချက်တစ်ခုအဖြစ် အစုအဖွဲ့၏ တံခါးဖွင့်မူဝါဒကို ကိုးကားပြော ကြားထားသည်။

ယူကရိန်းနိုင်ငံ၏ ကြားနေရေးမှုသည် ယူကရိန်းနှင့်ရုရှားကြား ထာဝရငြိမ်းချမ်း ရေးအတွက် အခြေအနေကောင်းများထဲမှ တစ်ခုဖြစ်ကြောင်း ရုရှားလက်ထောက်နိုင်ငံ ခြားရေးဝန်ကြီး Mikhail Galuzin က မကြာသေးမီက ပြောကြားခဲ့သည်။

**Zelensky issues ultimatum to NATO – FT ကို ဘာသာပြန်ဆိုထားပါသည်။**

## မော်ရိုကိုနိုင်ငံက တရုတ်ထုတ် HJ-9A တင့်ဖျက်ဒုံးကျည်များ ဝယ်ယူခဲ့

မော်ရိုကိုနိုင်ငံသည် ၎င်း၏စစ်ရေး စွမ်းရည်ကိုမြှင့်တင်ရန် တရုတ်နိုင်ငံထံမှ HJ-9A တင့်ဖျက်ဒုံးကျည်ကို ဝယ်ယူခဲ့ ကြောင်း မေ ၃၁ ရက်က The Defense Post တွင် ဖော်ပြထားသည်။

နိုင်ငံ၏ (၆၇) နှစ်မြောက် တပ်မတော် နေ့အထိမ်းအမှတ် စစ်ရေးလေ့ကျင့်မှုများ တွင် အဆိုပါတင့်ဖျက်လက်နက်ကို အသုံး ပြုခဲ့ခြင်းလည်းဖြစ်သည်။

သံချပ်ကာယာဉ်များနှင့် ခိုင်ခံ့သော ဘန်ကာများကို တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် HJ-9A တင့်ဖျက် ဒုံးကျည်စနစ်တွင် ဓာတ်ပြုသံချပ်ကာကို အနက် ၁ ဒသမ ၂ မီတာထိ ထိုးဖောက် ဝင်ရောက်နိုင်သည့် Tandem ထိပ်ဖူးတစ်ခု ပါဝင်သည်။

အများဆုံးအကွာအဝေး ၅ ဒသမ ၅ ကီလိုမီတာ (၃ ဒသမ ၄ မိုင်)တွင် ပစ်မှတ် ကို ထိရောက်စွာ တိုက်ခိုက်ဖျက်ဆီးနိုင်ရန် အတွက် သီးခြားပေါက်ကွဲခဲယမ်း နှစ်မျိုး ပါရှိသည်။ ထို့ပြင် စနစ်တွင် တိုက်ခိုက်မှု စွမ်းရည် တိကျစေရန်အတွက် မီလီမီတာ လှိုင်းနှုန်းအသုံးပြုထားသည့်ရေဒါလမ်းညွှန် စနစ်ပါရှိသည်။ HJ-9A သည် ယာဉ်များ ပေါ်တွင် တပ်ဆင်နိုင်ပြီး Tripod ကို အသုံးပြု၍ စစ်မြေပြင်တွင် တပ်ဖြန့် အသုံးပြုနိုင်သောကြောင့် အမျိုးမျိုးသော တိုက်ခိုက်ရေးအခြေအနေများတွင် စွယ်စုံ အသုံးပြုနိုင်မည်ဖြစ်သည်။

မော်ရိုကိုနိုင်ငံ၏ တရုတ်ထုတ် တင့် ဖျက်ဒုံးကျည်များ ဝယ်ယူမှုသည် ဒေသ တွင်းခြိမ်းခြောက်မှုများကြားတွင် ကာကွယ် ရေးစွမ်းရည်ကိုမြှင့်တင်ရန် ၎င်း၏ကတိ ကဝတ်ကို သက်သေပြနေသည်။

အဆိုပါဝယ်ယူမှုသည် တော်ဝင် မော်ရိုကိုရေတပ်ကို နည်းပညာအဆင့်မြင့် ပြီး ခိုင်မာတောင့်တင်းသောကာကွယ်ရေး အင်အားစုအဖြစ် ပြောင်းလဲတည်ဆောက် ရန်လည်း မျှော်မှန်းထားသည်။

မော်ရိုကို စစ်ဘက်သည် HJ-9A တင့်ဖျက်ဒုံးကျည်များအပြင် အကွာအဝေး လေး ကီလိုမီတာ (၂ ဒသမ ၅ မိုင်)မှ ပစ် မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်သော HJ-8L ကဲ့သို့သော တင့်ဖျက်စနစ်များကို အသုံးပြုလျက်ရှိသည်။

တရုတ်နိုင်ငံသည် ကာကွယ်ရေးကဏ္ဍ အပါအဝင် မော်ရိုကိုနိုင်ငံနှင့်ဆက်ဆံရေး ကို အဆင့်သစ်တစ်ခုသို့ တိုးမြှင့်ရန်သန္နိဋ္ဌာန် ချမှတ်ထားသည်ဟု မကြာသေးမီက အတည်ပြု ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

၂၀၂၁ ခုနှစ်တွင် မော်ရိုကိုသည်တရုတ် ၏ တာဝေးပစ်လေကြောင်းရန်ကာကွယ် ရေးစနစ် တပ်ဆင်ထားသည့် ၎င်း၏ပထမ ဆုံး စစ်အခြေစိုက်စခန်းကို တရားဝင်ဖွင့် လှစ်ခဲ့သည်။

မော်ရိုကိုတော်ဝင်စစ်ဘက်သည် ၎င်း၏ လက်နက်တိုက်စာရင်းတွင် ခေတ်မမီတော့ သော တရုတ်ထုတ် ဒရုန်းအမျိုးအစားကို အစားထိုးရန်အတွက် အာရှစစ်အင်အား ကြီးနိုင်ငံတစ်နိုင်ငံမှ အဆင့်မြင့်စစ်ဘက် ဒရုန်းများကို ဝယ်ယူခဲ့သည်။



**Morocco Acquires Chinese HJ-9A Anti-Tank Missiles ကို ဘာသာပြန်ဆိုထားပါသည်။**

## အီရန်က Hypersonic ဒုံးကျည်ကို ပြည်တွင်း၌ အောင်မြင်စွာစမ်းသပ်နိုင်ခဲ့

အီရန်နိုင်ငံက ပြည်တွင်း၌ တီထွင် ထုတ်လုပ်ထားသည့် Hypersonic ဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ပြီး မကြာမီ ထုတ်ဖော်ပြသတော့မည်ဖြစ် ကြောင်း အစွလာမ့်တော်လှန်ရေး အစောင့်တပ်၏ လေကြောင်းနှင့်အာကာသ တပ်ဖွဲ့မှူး ဗိုလ်ချုပ်ကြီး Amir Ali Hajizadeh က ဇွန် ၁ ရက်တွင် ပြော ကြားခဲ့သည်။



အဆိုပါဒုံးကျည်သည် လေကြောင်းရန် ကာကွယ်ရေးဒုံးစနစ်များအားလုံးကို ထိုး ဖောက်ဝင်ရောက်နိုင်ပြီး ရန်သူ၏ဒုံးကျည် ကာကွယ်ရေးစနစ်များကို ချိုးဖျက်တိုက်ခိုက် နိုင်သည်ဟု Amir Ali Hajizadeh ၏ ပြောကြားချက်အပေါ် ကိုးကား၍ Tasnim သတင်းအေဂျင်စီက ရေးသား ဖော်ပြခဲ့သည်။

အီရန်နိုင်ငံထုတ် Hypersonic ဒုံး ကျည်သည် Mach 12-13 အမြန်နှုန်းဖြင့် ပျံသန်းနိုင်ပြီး ကမ္ဘာ့လေထုအတွင်းရော အပြင်ကိုပါ ထိန်းကျောင်းပျံသန်းနိုင်သည်ဟု Hajizadeh က ပြောကြားခဲ့သည်။

Hypersonic ဒုံးကျည်တစ်စင်းသည် Mach 5 ကျော်တွင် ပျံသန်းနိုင်ပြီး လေထု အတွင်းရှိ ပဲ့ထိန်းဒုံးကျည်ထက် အနိမ့် ပျံသန်းနိုင်ကာ ပစ်မှတ်ဆီသို့ ပိုမိုလျင်မြန် စွာရောက်ရှိစေသည်။

Hajizadeh က ပြီးခဲ့သည့်နှစ် နိုဝင် ဘာလတွင် အီရန်နိုင်ငံ၏ ဒုံးကျည်များ ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ ကြေညာ စဉ် အလားတူမှတ်ချက်ပြုခဲ့သည်။

အစ္စရေးကိုတိုက်ခိုက်ရန် လုံလောက် သည့် အကွာအဝေး ကီလိုမီတာ ၂၀၀၀ (၁၂၄၂ မိုင်)၊ အလေးချိန်ကီလိုဂရမ် ၁၅၅၀ (၃၄၁၇ ပေါင်) ဒုံးထိပ်ဖူးပါ တာဝေးပစ် ပဲ့ထိန်းဒုံးကျည်ကို ထုတ်ဖော်ပြသပြီး ရက်ပိုင်းအကြာတွင် နောက်ဆုံးထုတ်ပြန် ချက် ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

အီရန်၏ တာဝေးပစ် Khorram-shahr ဒုံးကျည်များတွင် နောက်ဆုံးပေါ် တိကျပဲ့ထိန်းဒုံးကျည် Kheybar သည် အမြန်နှုန်း Mach 8-12 ရှိပြီး ၁၂ မိနစ် အတွင်း ပစ်လွှတ်နိုင်ကြောင်း သိရသည်။

**Iran Says Successfully Tested Hypersonic Missile ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၈၃၀၀ စိုက်ပျိုးမည်



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ခန္တီး ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၈၃၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခန္တီးမြို့နယ်တွင် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၈၂၃၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက် ပျိုးခဲ့ရာ ဧက ၈၂၄၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌လည်း မိုးစပါးဧက ၈၃၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

“မနှစ်က ခန္တီးမြို့နယ်မှာ မိုးစပါးဧက လျာထားချက်ထက်တိုးချဲ့ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ် ခန္တီးမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါးဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားတယ်။ မိုးစပါးသတ်မှတ်လျာထားချက်ပြည့်မီအောင် လိုအပ်တဲ့နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးခဲ့တယ်။ မိုးစပါးစိုက်ပျိုးမှုက တော့ တစ်နှစ်ထက်တစ်နှစ် တိုးလာတဲ့အနေအထားမှာ ရှိပါတယ်”ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ထို့ပြင် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က မိုးသီးနှံစိုက်ပျိုးရာသီ၌ ခန္တီးမြို့နယ်တွင် မိုးစပါးတစ်ဧက လျှင် တင်း ၁၀၀ အထက်ထွက်ရှိရေး စံပြကွက်ဧက ၂၀ နှင့် မိုးစပါး(ဆင်းကေရီ-၃)မျိုးစေ့ထုတ်ကွက် ၁၀ ဧကစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ယခုနှစ် ခန္တီးမြို့နယ်တွင် မိုးစပါးစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန်နှင့် သဘာဝမြေဩဇာများ သုံးစွဲတတ်လာရန် နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မိတ္ထီလာမြို့နယ် အိုမတွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိတ္ထီလာ ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အိုမတွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်း ကာလသတ်မှတ်ချက်များ၊ ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၉၀ လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက အိုမတွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၄ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၉၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# မိုင်းလားမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းလား ဇွန် ၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားခရိုင် မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် ကျေးရွာနှစ်ရွာ၌ စီမံကိန်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ညီညီ၊ စီမံကိန်းတာဝန်ခံ ဒေါ်ဇာဇာရဲမောင်နှင့် တာဝန်ရှိသူများသည် ၂၄ မိုင် ကျေးရွာနှင့် ၂၅ မိုင် ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်းနှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းပုံစံများပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးရွာနှစ်ရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူဦးရေ ၈၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၁၃ သိန်းထိ ထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများလည်ပတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **မောင်နိုင်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၃-၆-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ရွှေဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၁၈၉၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၁၉၇၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၈၇၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၇၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၈၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား၊ကျောင်းသူများကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်

**နေပြည်တော် ဇွန် ၃**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ သံလွင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံများနှင့်စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ



သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇွန် ၃**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှကြိုတင်စုဖွဲ့ စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိအခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ အခြေခံပညာမူလတန်းလွန်ကျောင်းအတွင်း၌ အမှိုက်များရှင်းလင်းပေးခြင်းနှင့် လဲကျနေသော သစ်ပင်သစ်ကိုင်းခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ စစ်တွေမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ရွာသစ်ကေကျေးရွာအနီး၌ လမ်းဘေးဝဲယာမှ လဲကျနေသော သစ်ပင်သစ်ကိုင်း ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် မောင်တောမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ မောင်တောမြို့ရှိ အများပြည်သူအသုံးပြုလျက်ရှိသည့် ရေကန်ကြီးကို သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် သီဟိုဒေးကျေးရွာ၊ အင်းဒင်ကျေးရွာနှင့် မြို့ရှကျေးရွာတို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် သောက်သုံးရေဖြန့်ဝေပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၎င်းနောက် ကျောက်တော်မြို့နယ်သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဆေးကုသရေးအဖွဲ့များနှင့်အတူ ပူးပေါင်း၍ ခေါင်းတုတ်ကျေးရွာနှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းနောက် ကျောက်ဖြူမြို့နယ်သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျောက်ဖြူမြို့နယ် တိုးချဲ့ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ရသေ့တောင်မြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ရသေ့တောင်မြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ဖြန့်ဝေပေးလျက်ရှိသည်။

အလားတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ ဘူးသီးတောင်မြို့ ရွာမကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်း၌ အခြေပြု၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့်ပူးပေါင်းကာ ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# သန့်ရှင်းသာယာသော မြို့ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

**နေပြည်တော် ဇွန် ၃**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသော လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်လိုအပ်အရေးကြီးလှသည်။ မိမိတို့တစ်ဦးချင်းနေထိုင်ကြသည့် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေး တာဝန်ရှိသူများက မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရောဆောင်ရွက်လျက်ရှိသည့်အပြင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား၊ ကျောင်းသူများအဆင်ပြေချောမွေ့စွာပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ အခြေခံပညာကျောင်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ မြို့ ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်နှင့်ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ရခိုင်ပြည်နယ် အမ်းမြို့၌လည်းကောင်း၊စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းတို့ကိုဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်လူရွယ်များစုစည်း၍ "မြို့ရွာသန့်ရှင်းရောဂါကင်း စုပေါင်းအမှိုက်ရှင်း" စာသားတံဆိပ်ပါတူညီဝတ်စုံများ ဝတ်ဆင်ပြီး မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၁၂၆ လမ်းနှင့် ၅၁-၅၂ လမ်းရှိ အမှတ်(၂၉)အခြေခံပညာ အထက်တန်းကျောင်းအတွင်း၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများတစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ၁၀၀ ကျပ်ဖြင့် ဝယ်ယူ၍ စနစ်တကျအမှိုက်စွန့်ပစ်ခြင်းများကိုဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များနှင့်မြို့နယ်များမှတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးရေထွက်ကြီးတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

# အစိုးရဓမ္မာစရိယစာမေးပွဲအောင်စာရင်းကို ဇွန် ၇ ရက်တွင် ထုတ်ပြန်သွားမည်

**နေပြည်တော် ဇွန် ၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ ကျင်းပပြီးစီးခဲ့သော အစိုးရဓမ္မာစရိယစာမေးပွဲ အောင်စာရင်းကို နယုန်လပြည့်ကျော် ၅ ရက် ဇွန် ၇ ရက် ဗုဒ္ဓဟူးနေ့နံနက် ၆ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mmနှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့၌ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်း ဆုရရှိသူများကို ဆုများ ပေးအပ် ချီးမြှင့်စဉ်။



**နေပြည်တော် ဇွန် ၃**

အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် နယ်မြေခံသင်တန်းကျောင်းစက်ပစ်ကွင်း၌ ပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်သေနတ်ပစ်အသင်းများ တက်ရောက်ကြသည်။

ထို့နောက် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီးသေနတ်ပစ်ပြိုင်ပွဲတွင် အသင်းလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အသင်းများနှင့် ပြိုင်ပွဲတစ်ခုချင်းအလိုက် ဆုရရှိသူများကို တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါသေနတ်ပစ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ငါးသင်းဖြင့် မေ ၂၉ ရက်မှ ယနေ့ထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK $ နှင့် UAB pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကို ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၀ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၃-၆-၂၀၂၃

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ညှော်မထ | ဧမိန် | ပဲဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၅၂၀၀ | ၃၇၀၀ | ၂၂၀၀ | ၁၂၈၀၀ | ၁၃၉၀၀ | ၂၈၀၀ | ၅၀၀၀-၅၆၀၀ | ၁၄၀၀ | ၈၅၀၀ | ၁၆၀၀၀-၁၇၉၀၀ | ၈၇၀၀ | ၁၈၀၀၀-၁၉၀၀၀ | ၂၅၀ | ၃၅၀ |
| ၂ | ရန်ကုန် | ၅၆၀၀ | ၃၅၀၀ | ၃၂၀၀ | ၉၀၀၀-၁၃၀၀၀ | ၁၂၀၀၀-၁၅၀၀၀ | ၂၀၀၀-၃၀၀၀ | ၇၅၀၀-၉၀၀၀ | ၁၅၀၀-၂၈၀၀ | ၁၄၀၀၀ | ၁၂၀၀၀-၁၆၀၀၀ | ၈၀၀၀-၁၀၀၀၀ | ၂၀၀၀၀-၂၃၀၀၀ | ၂၆၀-၃၀၀ | ၃၀၀-၃၅၀ |
| ၃ | မန္တလေး | ၅၀၀၀ | ၃၂၀၀ | - | ၁၃၀၀၀ | ၁၈၀၀၀-၁၉၀၀၀ | ၂၈၀၀ | ၇၀၀၀-၇၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | - | ၁၀၀၀၀-၁၁၀၀၀ | ၂၅၀ | ၃၂၀ |
| ၄ | မြစ်ကြီးနား | ၄၇၀၀ | - | - | ၁၃၀၀၀-၁၅၀၀၀ | ၁၅၀၀၀-၁၇၀၀၀ | ၂၅၀၀ | ၅၀၀၀-၇၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀-၂၂၀၀၀ | ၇၅၀၀ | ၂၉၀၀၀ | ၃၀၀ | ၄၀၀ |
| ၅ | လားရှိုး | ၄၉၅၀ | ၂၅၀၀ | ၂၅၀၀ | ၁၂၀၀၀-၁၃၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၃၀၀၀ | ၅၀၀၀-၇၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀-၂၄၀၀၀ | ၂၅၀ | ၃၅၀ |
| ၆ | မော်လမြိုင် | ၄၆၀၀ | ၂၈၀၀ | ၂၄၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၂၂၀၀ | ၆၀၀၀-၇၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၇၅၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၃၀၀ | ၄၀၀ |
| ၇ | ကျိုင်းတုံ | ၅၃၀၀ | ၄၃၀၀ | ၃၀၀၀ | ၁၄၀၀၀-၁၆၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၃၅၀၀-၄၀၀၀ | ၄၀၀၀-၅၅၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | - | ၁၈၀၀၀-၂၀၀၀၀ | ၂၈၀ | ၃၅၀ |
| ၈ | မြိတ် | ၄၀၀၀ | ၂၉၅၀ | ၂၄၅၀ | ၁၆၀၀၀-၁၇၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၃၀၀၀ | ၈၀၀၀-၉၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၃၀၀ | ၃၅၀ |

**မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။**

# ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်



ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးစဉ်။

**နေပြည်တော် ဇွန် ၃**

တပ်မတော်အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များကို စုဖွဲ့စေလွှတ်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများ၊ စေတနာရှင်အလှူရှင်များကလှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့်ပစ္စည်းများကိုလည်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ပေးပို့သော စုစုပေါင်း ဆန်အိတ် ၃၂၀ (၁၆ တန်)ကို မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ကလေးလေဆိပ်သို့ တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ကြောင်းနှင့် စစ်တွေလေဆိပ်သို့ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများအနက် တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ကုန်များ၊ စာသင်ကျောင်းများအတွက် ကျောင်းစိမ်းဝတ်စုံများ၊ ကျောင်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ကျောပိုးအိတ်များ ၂ ဒသမ ၅ တန်ကို တင်ဆောင်၍ စစ်တွေမှ ရသေ့တောင်သို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

သဘာဝဘေးဒဏ်သင့် ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၄၆၃ ဒသမ ၂ တန်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်း ၃၁၃၄ ဦးတို့ကို ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် အဆိုပါ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်

**နေပြည်တော် ဇွန် ၃**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ ၂၉ မီတာ ကမ်းထိုးရေယာဉ် ပထမအစီးသည် ဂက်စ်မီးဖို အလုံး ၆၀ ပါ ခြောက်ဖာ၊ ဂက်စ်ဘူး အလုံး ၆၀ ပါ သုံးဖာ၊ ကြက်ဥ အလုံး ၆၀၀၀၊ ၁၃ မျိုးပါ စားသောက်ကုန် ၁၃၃၉ ဖာ၊ ကြက် အကောင် ၅၀၊ Portable Generator Set ၅၆ kw နှစ်စုံ စုစုပေါင်း ကုန်တန်ချိန် ၁၁ တန်တို့ကို ရေချမ်းပြင်ကမ်းထိုးရပ်၌တင်ဆောင်၍ အငူမော်ကမ်းထိုးရပ်သို့လည်းကောင်း၊ ၂၉ မီတာ ကမ်းထိုးရေယာဉ် ဒုတိယအစီးသည် ဆန်အိတ် ၉၉၉ အိတ် စုစုပေါင်းကုန်တန်ချိန် ၅၀ တို့ကို စစ်တွေကမ်းထိုးရပ်၌တင်ဆောင်၍ ပေါက်တောကမ်းထိုးရပ်သို့လည်းကောင်း၊ ၅၆ မီတာ ကမ်းထိုးရေယာဉ်တစ်စီးသည် မီးစက် သုံးလုံး၊ သစ်မျိုးစုံ ၆၉၆ ချောင်း၊ ဘိလပ်မြေ ၁၅၁၉ အိတ်၊ ဒီဇယ်ဆီ ငါးပီပါနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး Backhole တစ်စီး စုစုပေါင်းကုန်တန်ချိန် ၁၁၀ ဒသမ ၉၅ တန်တို့ကို စစ်တွေကမ်းထိုးရပ်နှင့် အငူမော်ကမ်းထိုးရပ်တို့၌ တင်ဆောင်၍ ရသေ့တောင် ကမ်းထိုးရပ်သို့လည်းကောင်း ယနေ့တွင် အသီးသီးပို့ဆောင်ပေးခဲ့သည်။



ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေး ပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်ပေးစဉ်။

အဆိုပါ စစ်ရေယာဉ်များမှ သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ်များကို တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံး ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် ဖားကန့်မြို့နယ် ပေါက်ကုန်းရပ်ကွက်နေ အောင်ကျော်ဦးသည် ၎င်းအသုံးပြုသည့် "Aung Kyaw Oo" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

**❖ အက်ဖ်အေဖလားဗိုလ်လုပွဲမှ**

ပင်နယ်တီ ကန်သွင်းခွင့်ရရှိခဲ့ရာ ဖာနန်ဒက်က အမှားအယွင်းမရှိ ကန်သွင်းပြီး မန်ယူအသင်းအတွက် ချေပဂိုး ရရှိခဲ့ကာ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း မန်စီးတီးအသင်းက ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၅၁ မိနစ်တွင် ဂန်ဒိုဂမ်ကပင် မန်စီးတီးအသင်းအတွက် ဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့ကာ လက်ကျန်ပွဲချိန်များတွင် မန်ယူအသင်းက ချေပဂိုးအတွက် ပြန်လည်ဖိအားပေးကစားခဲ့ပြီး ဂိုးရရှိရန်နီးစပ်ခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် သွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ပွဲပြီးဆုံးချိန်တွင် မန်စီးတီးအသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီတွင် မန်စီးတီးအသင်းက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကာ ယခုအခါ ဒုတိယမြောက် အက်ဖ်အေဆုဖလားဆွတ်ခူးနိုင်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲတက်ရောက်ထားသည့်အတွက် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပါက ၁၉၉၉ ခုနှစ်က မန်ယူအသင်းရရှိခဲ့သည့် အဓိကဆုဖလား သုံးလုံးစံချိန်ကို လိုက်မီနိုင်မည်ဖြစ်သည်။

မန်စီးတီးအသင်းသည် အက်ဖ်အေဖလားပြိုင်ပွဲတွင် ခုနစ်ကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး လီဗာပူးအသင်းနှင့် ချဲလ်ဆီးအသင်းတို့၏ ရှစ်ကြိမ်ကိုလိုက်မီရန်အတွက် တစ်ကြိမ်သာလိုအပ်တော့ကြောင်း သိရသည်။ STA

# ဂျပန်နိုင်ငံတောင်ပိုင်းတွင် တိုင်ဖွန်းမုန်တိုင်းမာဝါတိုက်ခတ်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားသဖြင့် လူတစ်ဦးသေဆုံး



**တိုကျို ဇွန် ၃**

ဂျပန်နိုင်ငံ တောင်ပိုင်းတွင် ဇွန် ၂ ရက်က တိုင်ဖွန်းမုန်တိုင်းမာဝါ တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားသဖြင့် ယနေ့ နံနက်ပိုင်းတွင် လူတစ်ဦးသေဆုံးခဲ့ကြောင်း Kyodo News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ယနေ့တွင် လူတစ်ဦးကားအတွင်း ပိတ်မိသေဆုံးခဲ့ကြောင်းနှင့် နိုင်ငံအချို့ဒေသများ၌ ကျည်ဆန်ရထားပြေးဆွဲမှုလုပ်ငန်းများကိုရပ်ဆိုင်းထားရပြီး ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါစီရင်စုရှိ လေကြောင်းခရီးစဉ်များကိုလည်း ရပ်ဆိုင်းထားခဲ့ရရာ လူသန်းပေါင်းများစွာ ခရီးသွားလာမှုနှောင့်နှေးကြန့်ကြာခြင်းများဖြစ်ပွားခဲ့ကြောင်း သိရသည်။

နိုင်ငံတောင်ပိုင်းကို ဖြတ်သန်းတိုက်ခတ်လျက်ရှိသော တိုင်ဖွန်းမုန်တိုင်းမာဝါကြောင့် ရာသီဥတုအခြေအနေမှာ ပြင်းထန်နေပြီး ဟွန်ရှူးကျွန်းတွင် မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံလျက်ရှိကြောင်း၊ ကိုချီ၊ နာရာနှင့်ဝါကာယာမစီရင်စုများအပါအဝင် အနောက်ဘက်ခြမ်းရှိ စီရင်စုခြောက်စုတွင် မိုးကြိုးမုန်တိုင်းများ ဆက်တိုက်ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

မြစ်ရေမြင့်တက်မှုကြောင့် ဂျပန်နိုင်ငံအလယ်ပိုင်း အိချိစီရင်စုရှိ တိုရိုဟာရှိဒေသနှင့် ရှိဇိုကာစီရင်စုရှိ အီဝါတာဒေသမှ ဒေသန္တရအစိုးရများက ဒေသခံများကိုအမြင့်ဆုံးသတိပေးချက်ထုတ်ပြန်ထားပြီး အဆိုပါစီရင်စုများအတွင်း နေထိုင်ကြသည့် ပြည်သူနှစ်သန်းကျော်ကို ဘေးလွတ်ရာသို့ ယာယီရွှေ့ပြောင်းနေထိုင်ကြရန် ဒေသဆိုင်ရာအာဏာပိုင်များက အကြံပြုထားကြောင်း သိရသည်။ AZH

# ဗြိတိသျှကိုလံဘီယာပြည်နယ်၌ ယခင်နှစ်ထက် ယခုနှစ်တွင် တောမီးပိုမိုလောင်ကျွမ်းခဲ့

**ဗစ်တိုးရီးယား ဇွန် ၃**

ဗြိတိသျှကိုလံဘီယာပြည်နယ်၌ ယခုနှစ် လောင်ကျွမ်းလျက်ရှိသောတောမီးသည် ယခင်နှစ်တစ်နှစ်လုံးလောင်ကျွမ်းခဲ့သော တောမီးထက် ပိုမိုလောင်ကျွမ်းခဲ့ကြောင်း ပြည်နယ်မီးသတ်တပ်ဖွဲ့အကြီးအကဲက ဇွန် ၂ ရက်က ပြောကြားခဲ့သည်ဟု Global News သတင်းဌာနက ဇွန် ၂ ရက်တွင် ရေးသားဖော်ပြထားသည်။

ဗြိတိသျှကိုလံဘီယာပြည်နယ်အရှေ့မြောက်ဘက်တွင် ယခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုကြောင့် မြေဟက်တာ ၂၃၀၀၀၀ လောင်ကျွမ်းခဲ့ပြီး ယခင်နှစ်က တောမီး လောင်ကျွမ်းမှုထက် ၁၃၅၂၃၅ ဟက်တာပိုမိုလောင်ကျွမ်းခဲ့ကြောင်း ပြည်နယ်မီးသတ်တပ်ဖွဲ့အကြီးအကဲဖြစ်သူ Matt Mac Donald က ပြောကြားခဲ့သည်။

"ကံမကောင်းစွာနဲ့ဘဲ တောမီးက ထိန်းမရသိမ်းမရအခြေအနေဖြစ်နေဆဲပါပဲ။ ပြီးခဲ့တဲ့လကုန်ပိုင်းက မိုးရွာခဲ့ပေမဲ့ မီလီမီတာ ၄၀ လောက်ပဲ ရွာသွန်းခဲ့တဲ့အတွက် တောမီးကို ပြောပလောက်အောင်ဘာမှမထူးခြားစေခဲ့ပါဘူး"ဟု Mac Donald က ပြောကြားခဲ့သည်။

ဗြိတိသျှကိုလံဘီယာပြည်နယ်အရှေ့မြောက်ဘက် ဖော့နယ်လ်ဆင်ဒေသ၏ အရှေ့တောင်ဘက်ဒွန်နီမြစ်ကြောင်း ဒေသတစ်လျှောက် မေ ၁၂ ရက်မှ စတင်လောင်ကျွမ်းခဲ့သောတောမီးလောင်ကျွမ်းမှုသည် ယနေ့ထိ ဆက်လက်လောင်ကျွမ်းလျက်ရှိပြီး တောမီးကို ကောင်းစွာထိန်းချုပ်နိုင်ခြင်း မရှိသေးသဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းနေထိုင်ကြရန်နှင့် အရေးပေါ်အခြေအနေအဖြစ် သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

ဇွန် ၂ ရက် တစ်ရက်အတွင်း၌ပင် ပြည်နယ်တစ်ဝန်းလုံးတွင် တောမီးလောင်ကျွမ်းမှုပေါင်း ၅၄ ကြိမ်ဖြစ်ပွားခဲ့ပြီး ယခင်နှစ်က မိုးခေါင်ရေရှားမှုအခြေအနေများနှင့် ယခုနှစ်ရာသီဥတုခြောက်သွေ့မှုတို့ပေါင်းစပ်ရာမှ တောမီးလောင်ကျွမ်းမှုများ ဆိုးရွားစွာဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ ဇွန်လအတွင်း မုတ်သုံမိုးရွာသွန်းမည့် အခြေအနေကိုသာ စောင့်ကြည့်နေကြရကြောင်း Mac Donald က ဆက်လက်ပြောကြားခဲ့သည်။ AZH

# ကနေဒါနိုင်ငံ ကွီဘက်ပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံလူဦးရေ ၁၀၀၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**အော့တာဝါ ဇွန် ၃**

ကနေဒါနိုင်ငံ ကွီဘက်ပြည်နယ် အရှေ့ဘက်ကမ်းခြေတွင် ဇွန် ၁ ရက်မှစ၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးသည် ဇွန် ၂ ရက်တွင် နေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်းခဲ့သဖြင့် ဒေသခံလူဦးရေ ၁၀၀၀၀ ကျော်ထိ အရေးပေါ် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း ကွီဘက်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု CBC သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ကွီဘက်ပြည်နယ် အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံများကို ကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးထားပြီး ကွီဘက်မြို့ကို တောမီးအန္တရာယ် အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း၊ တောမီးအန္တရာယ် အနီရောင်အဆင့်သတ်မှတ်ထားသည့်အတွက် ကွီဘက်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ဖက်ဒရယ်အစိုးရထံ အကူအညီတောင်းခံကာ ကနေဒါတပ်မတော်၏ အကူအညီကို တောင်းခံသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ကနေဒါ တပ်မတော်သည် ကနေဒါ အနောက်ဘက်ပိုင်းတွင် မေလကတည်းက တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေသည့်အတွက် တောမီးကို ကူညီငြှိမ်းသတ်ပေးလျက်ရှိကြောင်း၊ ယခုတစ်ဖန် ကနေဒါအရှေ့ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေသည့်အတွက် တောမီးကို ကူညီငြှိမ်းသတ်ပေးနိုင်ရေး တပ်မတော်သားများကို စေလွှတ်ပေးရဖွယ်ရှိနေကြောင်း၊ ကနေဒါနိုင်ငံအနောက်ဘက်ပိုင်း နိုဗာစကော့တီယာပြည်နယ်တွင် မေလကတည်းက တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေပြီး လက်ရှိအချိန်ထိ တောမီးကို ထိန်းချုပ်နိုင်ရန် ကြိုးစားနေဆဲဖြစ်ကြောင်း၊ ကနေဒါတပ်မတော်သားများအပြင် အမေရိကန်၊ ဩစတြေးလျ၊ နယူးဇီလန်နှင့်တောင်အာဖရိကနိုင်ငံတို့ကလည်း နိုဗာစကော့တီယာပြည်နယ် တောမီးလောင်ကျွမ်းမှုကို ကူညီငြှိမ်းသတ်ပေးလျက်ရှိကြောင်း သိရသည်။

လက်ရှိ ကနေဒါနိုင်ငံ ကွီဘက်ပြည်နယ်နှင့် နိုဗာစကော့တီယာပြည်နယ်တို့တွင် တောမီးလောင်ကျွမ်းမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ပြည်သူဦးရေ ၃၀၀၀၀ ကျော်ထိ ရှိနေပြီဖြစ်ကြောင်း ကနေဒါအရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက အတည်ပြုခဲ့သည်။

**နိုင်းဆက်**



# အင်ဒိုနီးရှားတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအတွက် ဒီရေတောများကို အသစ်စိုက်ပျိုးခြင်း၊ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်မည်

**ဂျကာတာ ဇွန် ၃**

အင်ဒိုနီးရှားနိုင်ငံတွင် ဒီရေတောများသည် ကမ္ဘာလှည့်ခရီးသည်များကိုဆွဲဆောင်နိုင်ပြီး ယခုအခါ ရာသီဥတုဖောက်ပြန်မှုကြောင့် ဒီရေတောများ ယိုယွင်းပျက်စီးလာကာ ဧရိယာပမာဏမှာလည်း သိသိသာသာလျော့ကျလာသဖြင့် ကမ္ဘာလှည့်ခရီးသည် လာရောက်လည်ပတ်မှု လျော့ကျလာနိုင်သည့်အတွက် ဒီရေတောများကို အသစ်စိုက်ပျိုးခြင်း၊ ပျက်စီးယိုယွင်းလာသည့် ဒီရေတောများကိုလည်း ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှား ဒီရေတောနှင့် သစ်တောမြေများ ပြန်လည်ထူထောင်ရေးအေဂျင်စီ(BRGM)က ထုတ်ပြန်ခဲ့သည်ဟု TOE သတင်းဌာနက ဇွန် ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

BRGM ၏ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံတွင် ဒီရေတောပမာဏ ဟက်တာ ၇၀၀၀၀၀ ထိ ပျက်စီးခဲ့ရပြီး ဒီရေတောစံချိန်တင်ပျက်စီးမှုကြောင့်လည်း ရာသီဥတုဖောက်ပြန်မှုနှုန်းမြင့်တက်လျက်ရှိကြောင်း၊ ဒီရေတောများသည် လေထုအတွင်းမှ ကာဗွန်များကို စုပ်ယူသိုလှောင်ပေးလျက်ရှိပြီး ဒီရေတောပမာဏမြင့်မားခြင်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း အထောက်အပံ့ဖြစ်စေကြောင်း သိရသည်။

"စီးပွားရေးလုပ်ငန်းတချို့ဟာ ဒီရေတောနဲ့ တိုက်ရိုက်ဆက်နွယ်နေပါတယ်။ ဒီရေတောပျက်စီးယိုယွင်းလာမှုဟာ စီးပွားရေးလုပ်ငန်းတချို့ ဖွံ့ဖြိုးတိုးတက်လာမှုကို အဟန့်အတားဖြစ်စေပါတယ်။ ဒီရေတောရှင်သန်ပေါက်ရောက်မှုဟာ လေထုအတွင်းက ကာဗွန်တွေကို စုပ်ယူသိုလှောင်ပေးတဲ့အတွက်လဲ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို အများကြီးအထောက်အပံ့ဖြစ်စေပါတယ်။ ဒီရေတောပျက်စီးယိုယွင်းလာမှုက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကိုလဲ ဆန့်ကျင်နေတဲ့အတွက် ဒီရေတောအသစ်ဖန်တီးစိုက်ပျိုးတာတွေ၊ ရှိပြီးသားဒီရေတောတွေကို ပြန်လည်ပြုပြင်ထိန်းသိမ်းတာတွေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု BRGMမှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်ဆာလာအာလသက်က ပြောကြားခဲ့သည်။

**နိုင်းဆက်**

# တရုတ်နိုင်ငံတောင်ဘက်ပိုင်းတွင် အပူချိန်မြင့်တက်ပြီး လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပေါ်နေ

**ပေကျင်း ဇွန် ၃**

တရုတ်နိုင်ငံ တောင်ဘက်ပိုင်းတွင် အပူချိန်မြင့်တက်လျက်ရှိပြီး အပူချိန်မြင့်တက်မှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်နေကြောင်း တရုတ်အမျိုးသားမိုးလေဝသ ခန့်မှန်းတိုင်းတာရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု 9 News သတင်းဌာနက ဇွန် ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ တောင်ဘက်ပိုင်းတွင် လက်ရှိအပူချိန်ပမာဏမှာ ၃၅ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေကြောင်း၊ အပူချိန်မြင့်တက်နေသဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဝေမှု ရပ်ဆိုင်းထားရကြောင်း၊ လာမည့် သုံးရက်အတွင်း အပူချိန်မြင့်တက်မှုပိုမိုဆိုးရွားလာနိုင်ပြီး အပူချိန်ပမာဏသည် ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ကာ တရုတ်နိုင်ငံအပြင် အခြားသောအာရှနိုင်ငံတချို့လည်း အပူချိန်မြင့်တက်ဖွယ်ရှိနေကြောင်း တရုတ်အမျိုးသားမိုးလေဝသ ခန့်မှန်းတိုင်းတာရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

တရုတ်နိုင်ငံတောင်ဘက်ပိုင်းဒေသများတွင် အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေသော်လည်း တရုတ်နိုင်ငံ အလယ်ပိုင်း ဟီနန်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းလျက်ရှိပြီး ဇွန် ၄ ရက်ထိ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းဖွယ်ရှိကြောင်း၊ အပူချိန်မြင့်တက်မှုပြဿနာဖြင့် ရင်ဆိုင်နေရသည့် ပြည်နယ်များအနေဖြင့် လာမည့်ရက်ပိုင်းအတွင်း မုန်တိုင်းအန္တရာယ်ဖြင့်လည်း ထပ်မံရင်ဆိုင်ရဖွယ်ရှိနေသည့်အတွက် မိုးလေဝသအခြေအနေအလိုက် ကြိုတင်ပြင်ဆင်မှု ပြုလုပ်သင့်ကြောင်း တရုတ်အမျိုးသား မိုးလေဝသ ခန့်မှန်းတိုင်းတာရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တော်တွင်လည်း ပြီးခဲ့သည့် မေ ၂၉ ရက်က နှစ်ပေါင်း ၁၀၀ အတွင်း အပူချိန်အမြင့်ဆုံး ရောက်ရှိခဲ့သည့်နေ့အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

**နိုင်းဆက်**

0w Kw M @

# မာနရှင်၏မျက်ရည်

ခင်ဖော်(သီတာကုန်းပြင်)



(၁)

"အမယ်လေး သားရယ် ဒီလိုအောက်တန်းစားတွေ နေတဲ့ရပ်ကွက်ကိုမှ လာဆော့ရတယ်လို့ ဆင်းရဲတွေ ကူးကုန်ပါ့မယ်"

အိမ်ရှေ့ဘက်မှ အမျိုးသမီးတစ်ဦး၏ ကျယ်လောင်စွာအော်ဟစ်ပြောဆိုသံကို ကြားရသည့်အတွက် ချက်လက်စဟင်းအိုးကို မီးနည်းနည်းပြန်လျှော့ပြီး အိမ်ရှေ့ဘက်ကို ကိုမင်းထိုက်ထွက်လာခဲ့သည်။

"ဩော်. . . အစ်မပါလား။ လာ အိမ်ပေါ်တက်ပါဦးခင်ဗျာ"

"ရှင် ဟိုတစ်နေ့က ကျွန်မတို့အိမ်ရှေ့က ရေမြောင်းလာဖော်ပေးတဲ့သူမဟုတ်လား"

"ဟုတ်ပါတယ်အစ်မရယ်။ ကျွန်တော်က မင်းထိုက်ပါ။ အစ်မတို့ရပ်ကွက်ထဲကိုလှည့်ပြီး ခိုင်းတာအကုန်လုပ်ပြီး အသက်မွေးနေရသူပါ"

မင်းထိုက်၏စကားကြောင့် အမျိုးသမီးသည် နှာခေါင်းတစ်ချက်ရှုံ့ကာ မျက်နှာက မတူမတန်အလိုမကျသည့်ပုံသို့ ချက်ချင်းပြောင်းလဲသွား၏။

"လာသား သွားမယ်။ နောင်ကို ဒီလိုအဆင့်မရှိအောက်တန်းစားတွေနေတဲ့ရပ်ကွက်မှာ လာမကစားနဲ့"

"ဒါက သားအခန်းထဲက သူငယ်ချင်းတွေလေ။ အောက်တန်းစားတွေမဟုတ်ပါဘူး"

"တယ် ဒီကလေး ငါလုပ်လိုက်ရ ဒီလောက်ဆင်းရဲစုတ်ပြတ်နေတဲ့လူတွေကို အောက်တန်းစားမခေါ်ဘဲ အထက်တန်းစားလို့ခေါ်ရမှာလားဟဲ့။ အမယ်လေး ပြောရင်း အော်ဂလီတွေဆန်လာပြီ သွားမယ်လာ"

အတင်းဆွဲခေါ်သွားသဖြင့် မလိုက်ချင်လိုက်ချင်နှင့် ကလေးခမျာလိုက်သွားရရှာသည်။

"ဖေဖေ"

"သားလေး"

"ဟိုအန်တီကြီးပြောသွားသလို သားတို့က အောက်တန်းစားတွေဆိုတာ ဟုတ်လားဟင်"

သားဖြစ်သူက သိမ်ငယ်သောမျက်နှာဖြင့် သူ့အဖေကို မေးနေရှာသည်။ ကိုမင်းထိုက်က သူ့သားလေးကို ရင်ခွင်ထဲဆွဲသွင်းလိုက်သည်။ ပြီးတော့မှ-

"မဟုတ်ပါဘူးသားလေးရယ်။ ဒီအန်တီကြီး အထင်မှားလို့ပြောတာပါ။ တကယ်တော့ အောက်တန်းစားဆိုတာ သူများကိုမကောင်းကြံစည်တဲ့သူ။ မတော်လောဘနဲ့ စီးပွားရှာတဲ့သူ။ မဟုတ်မမှန်တဲ့စကားကို ပြောဆိုဝံ့သူကိုပြောတာသားလေးရယ်"

မင်းထိုက်၏အဖြေစကားများကြောင့် သူ့သားလေးသည် အံ့ဩရှင်ပျသည့်အမူအရာဖြင့် သူ့အဖေကို မော့ကြည့်လိုက်၏။

"သားက အဖေအရက်သောက်ထားလို့ အောက်တန်းစားလို့ပြောတယ်ထင်နေတာ။ မဟုတ်ဘူးဆိုတော့ သားပျော်တယ်အဖေ"

သားဖြစ်သူက သူ့ခံစားချက်ကိုပြောရင်း ရေချိုးရန် ရေတွင်းဆီသို့ ရွှင်မြူးစွာပြေးထွက်သွားသည်။ မင်းထိုက်က သူ့သား၏စကားတစ်ခွန်းကြောင့် အသက်ရှူမှားလောက်အောင် စိတ်တွေတုန်လှုပ်ခဲ့ရပြီး ရှက်စိတ်နှင့်အတူ ဖြစ်ပေါ်လာသောမေးခွန်းများကြောင့် အချိန်အတော်ကြာ ထိုနေရာတွင် ရပ်နေမိသည်။

(၂)

မင်းထိုက်၏ဇနီး တင်တင်ခိုင်က ပဝ္ဂလိကဘဏ်ဝန်ထမ်း။ ပညာတတ်မျိုးရိုးက ဆင်းသက်လာသူ။ မင်းထိုက်ကအညာတရပ္ပညာမဲ့။ တင်တင်ခိုင်နှင့် မင်းထိုက်တို့အိမ်ထောင်ကျတော့ တင်တင်ခိုင်၏မိဘများက သဘောမကျသဖြင့် အမွေပြတ်စွန့်လွှတ်ခဲ့ကြသည်။ တင်တင်ခိုင်ကလည်း မောင့်မျက်နှာတစ်ရွာထင်ပြီး မင်းထိုက်နောက်ကို အားကိုးတကြီးဖြင့် မိဘစုကိုစွန့်ပစ်ကာလိုက်ခဲ့သည်။ သူတို့အိမ်ထောင်ကျပြီး သုံးနှစ်ခန့်တွင် သားလေးမြတ်မင်းခန့်ကိုမွေးသည်။ သားလေးငါးနှစ်သားရောက်သည့်အချိန်ထိ မင်းထိုက်တို့မိသားစုလေး အလွန်ပျော်စရာကောင်းခဲ့သည်။ သို့သော် မမျှော်လင့်သောကံကြမ္မာဆိုးကြီးက မင်းထိုက်တို့မိသားစုထံသို့ မဖိတ်ခေါ်ပါပဲ ရောက်လာခဲ့သည်။ ဘဏ်သို့သွားသော သူ့ဇနီး၏စက်ဘီးကို ကားတစ်စီးက ဝင်တိုက်မိခြင်းဖြစ်၏။ ထိုနေရာတွင်ပင် သူ့ဇနီးတင်တင်ခိုင်ဆုံးသည်။ မင်းထိုက် အသက်ပင်မီလိုက်ပါ။ မမျှော်လင့်ပဲကြုံရသည့်ဖြစ်ရပ်ဆိုးကြောင့် မင်းထိုက်ရူးမတတ်ဖြစ်ခဲ့ရသည်။ မင်းထိုက်တွင် ဖြေစရာဆို၍ အရက်ပဲရှိသည်ဟုထင်ကာ အရက်ကို ဖိသောက်ရင်း အရက်သမားဘဝရောက်ခဲ့ရခြင်းဖြစ်သည်။ ယခု မင်းထိုက်၏သားလေးပင် ကိုးနှစ်ထဲရောက်နေပြီ။ အဖေတစ်ခုသားတစ်ခုဘဝဖြင့် လောကအလယ် ပညာမတတ်သဖြင့် သူများခိုင်းသည့်အလုပ်ကို လှည့်လည်လုပ်ကိုင်ရင်း သားအဖနှစ်ယောက် ထမင်းနပ်မှန်အောင်စားနိုင်ခဲ့သည်။ စိတ်တွေမွန်းကျပ်လာသည့်အချိန်တိုင်း၊ ပင်ပန်းလာသည့်အခါမျိုးတွင် အရက်နှင့်အဖော်ပြုခဲ့သည်။ ညနေကလာသည့် လူကုံထံအမျိုးသမီးကြီး ဒေါ်မြနှင်းရှိန်ပြောသွားသည့် စကားများက ယခုထိ မင်းထိုက်၏နားထဲကမထွက်သေး။ အောက်တန်းစားတွေတဲ့။ လူဆင်းရဲတိုင်း အောက်တန်းစားမဟုတ်မှန်း သူသိပါသည်။ သို့သော် သူမှာ အရက်သောက်သည့် အားနည်းချက်တစ်ခုရှိသည်။ ထိုအားနည်းချက်ကြောင့် သူ့သားလေးကို လူတကာကဲ့ရဲ့မေးငေါ့ခံရမည့်အဖြစ်မျိုးရောက်ရမည်ကို မလိုလားပါ။ သူ့ကြောင့် သားဘဝကို နစ်မွန်းမခံနိုင်ပါ။ သားကို သူ့အမေလိုပညာတတ်ကြီးဖြစ်စေချင်သည်။ ထိုသို့မဟုတ်ဘဲ သူ့ကြောင့် သားဘဝပျက်စီးခဲ့ရလျှင် သူသည် တာဝန်ကျေသည့်အဖေတစ်ယောက်မဖြစ်နိုင်ပါ။ တမလွန်ကအမေဖြစ်သူလည်း စိတ်မချမ်းသာနိုင်ပါ။ ထို့ကြောင့် မင်းထိုက်အရက်မသောက်ဘဲ သားအတွက် အလုပ်ကြိုးစားတော့မည်ဟူသည့် ဆုံးဖြတ်ချက်ကို ထိုနေရာမှာတင်ချက်ချင်းချလိုက်ပါတော့သည်။

(၃)

"သားလေး ခဏလာပါဦးကွာ"

ကျောင်းသွားရန် လွယ်အိတ်ဖြင့် အိမ်အပြင်သို့ထွက်လာသောသားဖြစ်သူကို မင်းထိုက်ကခေါ်လိုက်သဖြင့် သားလေးက သူ့အနားရောက်လာသည်။

"သားလေးကို အဖေပြောစရာရှိလို့။ အဖေ့ကို အရက်ပြတ်စေချင်လား"

"ပြတ်စေချင်တာပေါ့အဖေရယ်။ အတန်းထဲမှာ သားလဲ အရက်သမားသားလို့အပြောမခံရတော့ဘူးပေါ့"

သားဖြစ်သူ၏အဖြေစကားကြောင့် မင်းထိုက်ရင်ထဲ နင့်ခနဲနေအောင်ဖြစ်သွား၏။

"အေး ဒါဆိုရင် ငါ့သားက အတန်းထဲမှာ အမြဲအဆင့်တစ်ရအောင်ကြိုးစားပေးမလား။ အဖေ အရက်မသောက်တော့ဘူး ဘယ်လိုလဲ"

"ဟာ တကယ်ပြောတာလားအဖေ။ အဖေသာ အရက်မသောက်ရင် သားနှစ်တိုင်းပထမရအောင် ကြိုးစားမယ်လို့ကတိပေးတယ်။ အဖေသာ ကတိတည်ပါစေ"

"ပေးပါတယ်သားရယ်။ တို့သားအဖနှစ်ယောက်ဟာ အောက်တန်းစားမဟုတ်ကြောင်း အဖေက အလုပ်နဲ့သက်သေပြမယ်။ ငါ့သားက စာကြိုးစားပြီးပညာတတ်ကြီးဖြစ်အောင်ကြိုးစားပြကွာ"

"ဟေး ဒါမှတို့အဖေကွ"

မင်းထိုက် အရက်ဖြတ်မည်ဆိုသောစကားကို ကြားရချိန်တွင် သားလေးက စဉ်းစားတွေဝေချိန်တောင်မပေးဘဲ ချက်ချင်းသူလုပ်နိုင်ကြောင်း သူ့အဖေကို ရဲရဲဝံ့ဝံ့ကတိပေးပြီး အားရပျော်ရွှင်သောအပြုံးပန်းများဖြင့် သူ့အဖေမင်းထိုက်၏ပါးပြင်ကို တစ်ချက်နမ်းရှိုက်ကာ ကျောင်းချိန်အမီ အိမ်ခြံဝင်းထဲက ပြေးထွက်သွားသည်။ မင်းထိုက်ကတော့ သူ့မျှော်လင့်ချက်များ ပြည့်စုံခဲ့ပြီဖြစ်သဖြင့် အားရဝမ်းသာပြေးထွက်သွားသော သူ့သားလေးကိုကြည့်ရင်း သူတို့သားအဖ၏ လှပသောအနာဂတ်ကိုဖန်တီးနိုင်ရန်အတွက် စိတ်ခွန်အားများ တဖွားဖွားဖြစ်ပေါ်မိတော့သည်။

(၄)

"ဟေ့ မင်းထိုက် အခုမနက်အလုပ်မလိုက်ဘူးလား"

"ဒီနေ့ကစပြီး မနက်ပိုင်းငါအလုပ်နားမယ် ဖိုးထိန်။ ညနေပိုင်းမှ အလုပ်လိုက်မယ်။ ငါ့အတွက် မင်းတို့ အဆင်ပြေသလိုကြည့်ပေးပေါ့ကွာ"

အလုပ်အတူအမြဲလုပ်နေကျ ဝင်းတင်၏စကားကြောင့် စက်ဘီးပြင်နေရာမှ မင်းထိုက်အလုပ်မလိုက်ဖြစ်ကြောင်း အဖြေပေးလိုက်သည်။ မင်းထိုက်၏ အဖြေစကားကြောင့် ဝင်းတင်သည် စက်ဘီးအစုတ်တစ်စီးကိုပြင်နေသည့် မင်းထိုက်ကို အံ့ဩနားမလည်သောအမူအရာဖြင့် ကြည့်နေသည်။ ယခင်ကဆိုလျှင် အလုပ်မရမှာ အရမ်းစိုးရိမ်နေသည့် မင်းထိုက်။ အလုပ်ချိန်အမီ ဦးစွာအမြဲရောက်လာတတ်သူတစ်ယောက်က ယခုအချိန်တွင်မူ နံနက်ပိုင်းအလုပ်နားမည်။ ညနေမှ ဆင်းတော့မည်ဖြစ်ကြောင်း ပြောနေသောကြောင့်ပင်ဖြစ်၏။

"နေပါအုံးကွာ မင်းကဘာကိစ္စကြောင့် မနက်ပိုင်းအလုပ်နားရတာလဲ"

"ငါမနက်ပိုင်းဈေးလိုက်ရောင်းမလားလို့ပါ။ ညနေဘက်မင်းတို့အလုပ်လဲငါလိုက်မယ်။ ငါ့သားကကြီးလာပြီလေ။ သူ့ပညာရေးအတွက် ငါအရင်လို ပေါ့ပေါ့နေလို့မရတော့ဘူး ဝင်းတင်"

ဝင်းတင်က မင်းထိုက်၏စကားများကို နားလည်သဘောပေါက်သွားသည့်ဟန်အမူအရာဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ရင်း သူတို့အိမ်ထဲက ထွက်ခွာသွားသည်။

(၅)

"မနက်ဖြန်လဲ ငါ့ဆီက ဒီအချိန်ရောက်အောင် သာလာပို့ပေး။ နင့်မှာပါလာတဲ့ အသီးအနှံတွေအားလုံး ငါတစ်ယောက်တည်းအကုန်ယူမယ် မင်းထိုက်"

နံနက် ၃ နာရီကတည်းက မြို့ပြင်စိုက်ခင်းများဆီ စက်ဘီးနှင့်သွားပြီး ဖောက်သယ်ယူခဲ့သည့် ပြောင်းဖူး၊ ဂေါ်ဖီ၊ ခရမ်းသီး၊ မုန်လာ၊ ဧရှက်သီးစိမ်း စသည့် ဟင်းသီးဟင်းရွက်များကို ရပ်ကွက်ဈေးထဲက ဈေးသည်မအုံးမြက အကုန်ယူခဲ့ပြီး နောက်နေ့တွင်လည်းဆက်ပို့ရန်ပြောလာသည့်အတွက် မင်းထိုက်၏ ပထမဆုံးဈေးရောင်းသည့်နေ့သည် အောင်မြင်သည်ဟုဆိုရမည်။ နေ့တိုင်း ရပ်ကွက်ထဲလှည့်ပြီး ကြုံရာကျပန်းလုပ်ခဲ့စဉ်က တစ်နေ့ အလွန်ဆုံးရ ငွေကျပ် ၃၀၀ မျှသာဖြစ်သည်။ ဤသည်တောင် အလုပ်လုပ်ရမှ၊ အလုပ်မရသည့်နေ့မျိုးလည်းရှိသေးသည်။ နံနက် ၇ နာရီပဲရှိသေးသည်။ သူ့ကုန်စိမ်းအရင်းငွေကိုနုတ်ပါက ငွေကျပ် ၅၀၀ အသားတင်မြတ်သောကြောင့် သူ့အတွက် အလွန်ထွက်ခြေကိုက်သည့်အလုပ်ဖြစ်ကြောင်း မင်းထိုက် သိလိုက်သည်။ သူဖောက်သည်ယူလာခဲ့သော အသီးအနှံများက နံနက်စောစောထ စိုက်ခင်းများမှ ခူးဆွတ်သော အသီးအနှံများဖြစ်သည့်အတွက် လတ်ဆတ်၍ ဈေးသည်များကြား မင်းထိုက်၏မျက်နှာသည် နေ့တိုင်းပွင့်လန်းခဲ့ရသည်။ မြို့ပေါ်စိုက်ခင်းပိုင်ရှင်များကလည်း တစ်ချိန်က သူ မြက်ရှင်း၊ မြောင်းဖော်၊ ခြံခတ်ပြုလုပ်ပေးဖူးသည့်သူများဖြစ်သောကြောင့် သူနှင့်ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်သည်။ ယခုအချိန်တွင် မင်းထိုက်တစ်ယောက် အရက်မသောက်တော့ပဲ ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေသည်ကို တွေ့မြင်ရသည့်အတွက် စိုက်ခင်းပိုင်ရှင်များက မင်းထိုက်ကို ယုံကြည်လေးစားလာကြပြီး သူတို့ခြံထွက်ပစ္စည်းများကို အကြွေးစနစ်နှင့် ကြိုက်သလောက်ယူခွင့်ပြုလာကြသည့်အတွက် မင်းထိုက်၏ ကုန်စိမ်းအရောင်းအဝယ်လုပ်ငန်းသည် စက်ဘီးဖြင့်ယူပြီး ပို့ရသည့်အဆင့်မဟုတ်တော့ဘဲ ကားနှင့်ပို့ပေးရသည်

စာမျက်နှာ ၂၅သို့ ➤

# အရှေ့အလယ်ပိုင်းရှိ အမေရိကန်လက်နက်ဈေးကွက်ကို ထိုးဖောက်လာသော တရုတ်နိုင်ငံ



တရုတ်နိုင်ငံသည် ဆော်ဒီအာရေဗျ၊ အီဂျစ်တို့နှင့် လက်နက်ရောင်းဝယ်ရေးဆိုင်ရာ အကြီးစားစာချုပ်များလက်မှတ်ရေးထိုးခြင်းအားဖြင့် အရှေ့အလယ်ပိုင်းဒေသလက်နက်ဈေးကွက်အတွင်းသို့ ထိုးဖောက်ဝင်ရောက်ရန်ကြိုးပမ်းလျက်ရှိသည်။ အဆိုပါနှစ်နိုင်ငံစလုံးသည် အစဉ်အလာအားဖြင့် လက်နက်ဝယ်ယူရေးအတွက် အမေရိကန်အပေါ် မှီခိုအားထားခဲ့ရသည်။

ဆော်ဒီအာရေဗျစစ်ဘက်စက်မှုလုပ်ငန်း(SAMI) သည် တရုတ်နိုင်ငံထုတ် Sky Saker FX80၊ CR500 အမျိုးအစား ထောင်လိုက်ဆင်းသက်နိုင်သော (VTOL) ဒရုန်းများ၊ Cruise Dragon 5 နှင့် HQ-17AE အမျိုးအစား တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ် (SHORAD) တို့ ဝယ်ယူရေးနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံမြောက်ပိုင်း စက်မှုလုပ်ငန်းကော်ပိုရေးရှင်း (Norinco) နှင့် ဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိသည်။

အီဂျစ်လေတပ်အနေဖြင့်လည်း တရုတ်နိုင်ငံ၏ ချန်ဒူးလေယာဉ်ထုတ်လုပ်ရေးအဖွဲ့ (CAIG) ထံမှ J-10C ဘက်စုံသုံးတိုက်လေယာဉ်များ ဝယ်ယူရန် စီစဉ်လျက်ရှိပြီး နှစ်ဖက်စလုံးသည် ၂၀၂၃ ခုနှစ်အတွင်း မနီလာ၌ပြုလုပ်မည့် လန်ကာဝီနိုင်ငံတကာ ပင်လယ်ရေကြောင်းနှင့်အာကာသပြပွဲ၌တွေ့ဆုံဆွေးနွေးသွားရန် သတ်မှတ်ထားသည်။ အီဂျစ်နိုင်ငံသည် J-10Cs အမျိုးအစား တိုက်လေယာဉ် ၁၂ စင်းဝယ်ယူသွားရန် စီစဉ်ထားရှိပြီး ၎င်းတိုက်လေယာဉ်များတွင် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များနှင့် တိုက်စစ်အပြုအမူရှိသော အီလက်ထရွန်နစ်ရှာဖွေရေးရေဒါ (AESA) တို့ပါဝင်သည်။

စတော့ဟုမ်းနိုင်ငံတကာငြိမ်းချမ်းရေးသုတေသနဌာန (SIPRI) ၏၂၀၂၂ ခုနှစ် အစီရင်ခံစာအရ ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ဆော်ဒီအာရေဗျသည် ကမ္ဘာ့ဒုတိယအကြီးမားဆုံးလက်နက်တင်သွင်းသည့်နိုင်ငံအဖြစ်ရပ်တည်ခဲ့ကြောင်း၊ အဆိုပါကာလအတွင်း ကမ္ဘာ့လက်နက်တင်သွင်းမှုစုစုပေါင်း၏ ၉ ဒသမ ၈ ရာခိုင်နှုန်းထိရှိခဲ့ကြောင်း၊ ၎င်းကာလအတွင်း အမေရိကန်သည် ဆော်ဒီအာရေဗျသို့ လက်နက် ၇၈ ရာခိုင်နှုန်းတင်ပို့ခဲ့ကြောင်း ဖော်ပြထားသည်။ အီဂျစ်နိုင်ငံအနေဖြင့်လည်း အလားတူကာလအတွင်း ကမ္ဘာ့ဆဋ္ဌမမြောက် လက်နက်ဝယ်ယူသူဖြစ်ကြောင်း၊ ကမ္ဘာ့လက်နက်တင်သွင်းမှုစုစုပေါင်း၏ ၄ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ပြီး ရုရှားနိုင်ငံမှ ၃၄ ရာခိုင်နှုန်းတင်သွင်းခဲ့ကြောင်း SIPRI က ဖော်ပြထားသည်။

ဆော်ဒီအာရေဗျသည် အနောက်နိုင်ငံများက လက်နက်ရောင်းချမှုအပေါ် ကန့်သတ်ချက်များလျှော့ချနိုင်ရန်အတွက် နိုင်ငံတကာနိုင်ငံရေးကွန်ရက်များနှင့်ချိတ်ဆက်နိုင်ရေး အမေရိကန်အပြင်အခြားသော နိုင်ငံများထံမှ လက်နက်ဝယ်ယူသွားရန်ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ယီမင်အရေးတွင် ဆော်ဒီအာရေဗျ၏ စစ်ရေးအရဝင်ရောက်စွက်ဖက်မှု၊ ၂၀၁၈ ခုနှစ်တွင် စာနယ်ဇင်းသမား ခါရှော့ဂျီကိုရက်စက်စွာ သတ်ဖြတ်မှုနှင့် ၂၀၂၂ ခုနှစ်အတွင်း OPEC+ ၏ ရေနံဈေးနှုန်းကြောင့် အမေရိကန်နှင့်အငြင်းပွားမှုများဖြစ်ပေါ်ခဲ့သဖြင့် ဆော်ဒီအပေါ် လက်နက်ရောင်းချရာတွင် ကန့်သတ်ချက်များဖြစ်ပေါ်ခဲ့သည်။

အမေရိကန်အနေဖြင့် အာဖဂန်နစ္စတန်မှ ဒရောသောပါးဆုတ်ခွာမှု၊ အီရတ်နှင့်ဆီးရီးယားတွင် နိုင်ငံခြားရေးမူဝါဒများယွင်းမှု၊ မဟာဗျူဟာမြောက်အာရုံစိုက်မှုကို အရှေ့အလယ်ပိုင်းဒေသမှ ပစိဖိတ်ဒေသသို့ ပြောင်းလဲလာမှုတို့ကြောင့် ဆော်ဒီအာရေဗျသည် အမေရိကန်အပြင် အခြားသောနိုင်ငံများထံမှလည်း လက်နက်တင်သွင်းသွားရန်ကြိုးပမ်းလာခဲ့သည်။

အမေရိကန်ထံမှ ဆော်ဒီအာရေဗျ၏ လက်နက်ဝယ်ယူမှုကိုနိုင်ငံရေးအရသော်လည်းကောင်း၊ ဈေးနှုန်းကြီးမြင့်မှုကြောင့်သော်လည်းကောင်း၊ ဆော်ဒီအာရေဗျ၏ မဟာဗျူဟာမြောက်လိုအပ်ချက်နှင့်အံဝင်ခွင်ကျမဖြစ်သောကြောင့်လည်းကောင်း ဝေဖန်မှုများ မြင့်တက်လျက်ရှိသည်။

အီဂျစ်နိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ရုရှားထံမှ လက်နက် ၃၄ ရာခိုင်နှုန်းခန့် ဝယ်ယူခဲ့သော်လည်း ရုရှားနိုင်ငံအနေဖြင့် အီဂျစ်နိုင်ငံကို လက်နက်အမြဲတစေရောင်းချပေးသွားမည်မဟုတ်ချေ။ ၂၀၁၃ ခုနှစ်မတိုင်မီက အမေရိကန်သည် အီဂျစ်သို့ လက်နက် ၄၇ ရာခိုင်နှုန်းတင်ပို့ခဲ့သည်။ ထို့နောက် ဗိုလ်ချုပ်ကြီးအဗ္ဗဒဲလ်ဖာတက်အယ်လ်စီစီသည် သမ္မတ မိုဟာမက်မော်စီကို အာဏာသိမ်းခဲ့ပြီးနောက်ပိုင်း အိုဘားမားအစိုးရအဖွဲ့သည် ကိုင်ရိုသို့ လေယာဉ်၊ တင့်နှင့် ဒုံးကျည်များတင်ပို့ရောင်းချမှုကို နှစ်နှစ်ကြာရပ်ဆိုင်းခဲ့ပြီး ဆက်ဆံရေးပြန်လည်တိုးတက်ကောင်းမွန်လာမှသာ ပြန်လည်ရောင်းချပေးခဲ့သည်။

အမေရိကန်က လက်နက်ရောင်းချရာတွင် ကန့်သတ်မှုများလုပ်ဆောင်လာသောကြောင့် အီဂျစ်နိုင်ငံသည် ရုရှားနှင့်ပြင်သစ်တို့ထံမှ လက်နက်အမြောက်အမြားတင်သွင်းခြင်းအားဖြင့် လက်နက်တင်သွင်းသည့်နိုင်ငံမျိုးစုံကိုရှာဖွေခဲ့သည်။ ထို့ပြင် ရုရှားနှင့် ပြင်သစ်တို့သည် အီဂျစ်၏လူ့အခွင့်အရေးချိုးဖောက်မှုကို အခြားသောရှုထောင့်မှ ကြည့်ခဲ့ကြသည်။

ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ ရုရှားနိုင်ငံအပေါ် အမေရိကန်က ပိတ်ဆို့မှုများ ချမှတ်လျက်ရှိသောကြောင့် အီဂျစ်သည် Su-35 တိုက်လေယာဉ် ၂၄ စင်း ဝယ်ယူမည့်အစီအစဉ်ကို ရပ်ဆိုင်းခဲ့ရသည်။ ထို့ပြင် ယူကရိန်းစစ်ပွဲတွင် ရုရှားလက်နက်များ၏စွမ်းဆောင်ရည်နှင့်စပ်လျဉ်း၍ အငြင်းပွားဖွယ်ရာများဖြစ်နေသည့်အတွက် အီဂျစ်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှလက်နက်များဝယ်ယူရန်လုပ်ဆောင်ခဲ့ရသည်။

တရုတ်နိုင်ငံ၏ ထိပ်တန်းတိုက်လေယာဉ်များဖြစ်သည့် J-10C သည် ရုရှားတိုက်လေယာဉ်များထက် စွမ်းဆောင်ရည်ပိုမိုသာလွန်လျက်ရှိသည်။ တရုတ်နိုင်ငံသည် တိုက်လေယာဉ်များ သုတေသနပြုတည်ဆောက်ရာတွင် နည်းပညာပိုင်းဆိုင်ရာ၌ ရုရှားထက်သာလွန်လာလျက်ရှိသည်။ ရုရှား၏ လေကြောင်းအာကာသကဏ္ဍသည် ဖွဲ့စည်းမှုနှင့်ဘတ်ဂျက်ကန့်သတ်ချက်များကြောင့် တိုးတက်မှုနှေးကွေးလျက်ရှိသည်။

ရုရှား၏ Su-35 တိုက်လေယာဉ်များသည် ခံစစ်အပြုအမူရှိသော အီလက်ထရွန်နစ်ရေဒါ (PESA) သည် J-10C နှင့် အခြားသောခေတ်မီတရုတ်တိုက်လေယာဉ်များတွင် တပ်ဆင်ထားရှိသည့် တိုက်စစ်အပြုအမူရှိသော အီလက်ထရွန်နစ်ရေဒါ (AESA) များလောက် စွမ်းဆောင်ရည်မရှိပေ။ တရုတ်နိုင်ငံသည် ပြည်တွင်းထုတ် ဂျက်အင်ဂျင်နည်းပညာတိုးတက်လျက်ရှိပြီး ရုရှားတိုက်လေယာဉ်များထက် ဒုံးကျည်စွမ်းဆောင်ရည်များ၊ ကိုယ်ပျောက်နည်းပညာနှင့် တိကျပဲ့ထိန်းလက်နက်စနစ်များတွင် ပိုမိုကောင်းမွန်သာလွန်လျက်ရှိသည်။

တရုတ်နိုင်ငံအနေဖြင့် အရှေ့အလယ်ပိုင်းဒေသတွင် အဓိကအင်အားကြီးနိုင်ငံဖြစ်လာသော်လည်း အမေရိကန်ထက်ပိုမိုလက်တွေ့ကျပြီး ထိန်းထိန်းသိမ်းသိမ်းနေထိုင်သွားလိုသောဆန္ဒရှိနေသည်။ အရှေ့အလယ်ပိုင်းဒေသတွင် တရုတ်၏လက်နက်များတင်ပို့မှုများသည် ဒေသတွင်း၌ ရပ်တည်လာမှုကို ပြသခြင်းပင်ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် မိတ်ဖက်နိုင်ငံများကို နိုင်ငံရေးနှောင်ကြိုးမပါဘဲ ခေတ်မီလက်နက်များကို ဈေးနှုန်းချိုသာစွာဖြင့် တင်ပို့ရောင်းချသွားလို

> ❖ တရုတ်နိုင်ငံသည် ပြည်တွင်းထုတ် ဂျက်အင်ဂျင်နည်းပညာတိုးတက်လျက်ရှိပြီး ရုရှားတိုက်လေယာဉ်များထက် ဒုံးကျည်စွမ်းဆောင်ရည်များ၊ ကိုယ်ပျောက်နည်းပညာနှင့် တိကျပဲ့ထိန်းလက်နက်စနစ်များတွင် ပိုမိုကောင်းမွန်သာလွန်လျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် အရှေ့အလယ်ပိုင်းဒေသတွင် အဓိကအင်အားကြီးနိုင်ငံဖြစ်လာသော်လည်း အမေရိကန်ထက် ပိုမိုလက်တွေ့ကျပြီး ထိန်းထိန်းသိမ်းသိမ်းနေထိုင်သွားလိုသောဆန္ဒရှိနေသည်။ အရှေ့အလယ်ပိုင်းဒေသတွင် တရုတ်၏လက်နက်များတင်ပို့မှုများသည် ဒေသတွင်း၌ ရပ်တည်လာမှုကို ပြသခြင်းပင်ဖြစ်သည်။ ❖

သောဆန္ဒရှိနေသည်။

လက်နက်များတင်ပို့ရောင်းချရာတွင် အစိုးရအဖွဲ့အဆင့်မြင့်အရာရှိကြီးများ၏ဆုံးဖြတ်ချက်များ လိုအပ်ပြီး ရောင်းချသွားမည့်နိုင်ငံကို လေ့ကျင့်သင်တန်းပေးခြင်းဖြင့် ကျွမ်းကျင်မှုများထူထောင်ပေးကာ တရုတ်နိုင်ငံအတွက် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဓိကအချက်အလက်များကို ရှာဖွေဖော်ထုတ်သွားနိုင်သည်။

တရုတ်နိုင်ငံသည် အမေရိကန်ကို ရန်လိုသောအပြုအမူများလုပ်ဆောင်ခြင်းမရှိဘဲ အရှေ့အလယ်ပိုင်းဒေသတွင် ဆက်ဆံရေးနှင့် ကွန်ရက်ချိတ်ဆက်မှုများ တိုးချဲ့လုပ်ဆောင်လာလျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် လက်နက်ရောင်းချမှုမှတစ်ဆင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ဝယ်ယူရန် ကြိုးပမ်းလျက်ရှိသောကြောင့် အရှေ့အလယ်ပိုင်းဒေသတွင် လက်တွေ့ကျသောချဉ်းကပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယခင်က အမေရိကန်၏ မဟာမိတ်ဖြစ်သည့် အာရပ်နိုင်ငံများသည် တရုတ်နိုင်ငံကို ၎င်းတို့၏လုံခြုံရေးမဟာမိတ်များအဖြစ် သဘောထားလာလျက်ရှိသည်။ တရုတ်နိုင်ငံသည် ဒေသတွင်းလုံခြုံရေးဆိုင်ရာသဘောတူညီချက်လက်မှတ်ရေးထိုးပြီး အရှေ့အလယ်ပိုင်းဒေသနိုင်ငံများ၏ပြည်တွင်းရေးပိုမိုခိုင်မာသောအခန်းကဏ္ဍမှပါဝင်လာလျက်ရှိသည်။ လက်ရှိလက်နက်တင်ပို့မှုသည် အရှေ့အလယ်ပိုင်းဒေသတွင် တရုတ်၏လုံခြုံရေးဆိုင်ရာထိတွေ့ဆက်ဆံမှုအခြေခံပင်ဖြစ်သည်။ စင်စစ်အားဖြင့် ထိုသို့လက်နက်များတင်ပို့ရောင်းချခြင်းသည် အရှေ့အလယ်ပိုင်းဒေသတွင် တရုတ်နိုင်ငံ၏လုံခြုံရေးနှင့် စစ်ရေးဆိုင်ရာတည်ရှိမှုကို ပိုမိုခိုင်မာအားကောင်းလာစေမည်ဖြစ်သည်။

ရုရှားအနေဖြင့် ယူကရိန်းစစ်ပွဲကို အာရုံစိုက်နေရပြီး အမေရိကန်အနေဖြင့်လည်း ယူကရိန်းသို့ စစ်လက်နက်ပစ္စည်းများ ပေးပို့ကူညီနေရသည့်အချိန်တွင် တရုတ်နိုင်ငံသည် လက်နက်တင်ပို့မှုကို အရှေ့အလယ်ပိုင်းနှင့် ဥရောပအရှေ့ပိုင်းနိုင်ငံများသို့ တိုးမြှင့်တင်ပို့လာလျက်ရှိသည်။ SIPRI အဆိုအရ တရုတ်နိုင်ငံသည် စစ်လက်နက်ပစ္စည်းများတင်ပို့ရာတွင် အမေရိကန်၊ ရုရှား၊ ပြင်သစ်တို့ပြီးလျှင် စတုတ္ထနေရာတွင် ရပ်တည်လျက်ရှိကြောင်း၊ တရုတ်ကုမ္ပဏီ ငါးခုသည် ၂၀၂၀ ပြည့်နှစ်အတွင်းလက်နက်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၈ ဘီလီယံကျော်ထိရရှိခဲ့ကြောင်း၊ တရုတ်ကုမ္ပဏီများသည် ကမ္ဘာ့လက်နက်ဈေးကွက်တွင် ဒုတိယအများဆုံးပိုင်ဆိုင်ထားကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ အီဂျစ်၊ အီရတ်နှင့် ဂျော်ဒန်နိုင်ငံတို့သို့ လက်နက်တပ်ဆင်ထားသော ဒရုန်းများတင်ပို့လျက်ရှိကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် တရုတ်နိုင်ငံအနေဖြင့် အရှေ့အလယ်ပိုင်းဒေသသို့ စစ်လက်နက်ပစ္စည်းများ ပိုမိုတင်ပို့ရောင်းချခြင်းအားဖြင့် အမေရိကန်၏ လက်နက်ဈေးကွက်ကို ထိုးဖောက်လာလျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- **China seizing US arms markets in the Middle East by Asia Times.**

**ဝင်းဇင်(သုတေသန)**

# ဒေးဒရဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အကျိုးတူလယ်ယာစနစ်ဖြင့် စပါး ဧက ၂၀၆၀၀ စိုက်ပျိုးမည်



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ဒေးဒရဲ ဇွန် ၃**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အကျိုးတူလယ်ယာစနစ်ဖြင့် မိုးစပါးဧက ၂၀၆၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အကျိုးတူလယ်ယာစနစ်ဖြင့် မိုးစပါး ဧက ၂၀၆၀၀ ကို ဇွန်လ ဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါမိုးစပါးဧက ၂၀၆၀၀ အားလုံးစိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးကုမ္ပဏီများ၊ ဒေသခံတောင်သူများက ပူးပေါင်းဆောင်ရွက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုနှစ် ဒေးဒရဲမြို့နယ်အတွင်းမှာ အကျိုးတူလယ်ယာစနစ်နဲ့ မိုးစပါးဧက ၂၀၆၀၀ စိုက်ပျိုးမှာဖြစ်ပါတယ်။ အကျိုးတူလယ်ယာစနစ်နဲ့ မိုးစပါးတွေကို စိုက်ပျိုးတဲ့အခါ ဒေသခံ တောင်သူတွေအတွက် အကျိုးကျေးဇူးများစွာရရှိပါတယ်။ ဒါကြောင့် ဒီအကျိုးတူလယ်ယာစနစ်ကိုအားပေးပါတယ်။ အကျိုးတူလယ်ယာစနစ်ဆိုတာ ကုမ္ပဏီတစ်ခုနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းလုပ်ဆောင်တာပါ။ ကုမ္ပဏီက တောင်သူတွေကို ချေးငွေထုတ်ချေးပေးတာမျိုး ဒါမှမဟုတ် မျိုးစေ့နဲ့ သွင်းအားစုတွေ ထုတ်ပေးတာတွေ ဆောင်ရွက်ပေးပါတယ်။ ဒီလိုစနစ်နဲ့ စိုက်ပျိုးတော့ နှစ်ဦးနှစ်ဖက် အဆင်ပြေပါတယ်"ဟု ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

အဆိုပါ အကျိုးတူလယ်ယာစနစ်ဖြင့် မိုးစပါးများ စိုက်ပျိုးနိုင်သည့်အတွက် တောင်သူများကုန်ကျစရိတ်သက်သာခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ အလွယ်တကူ ဝယ်ယူရရှိခြင်း၊ ထွက်ရှိလာသည့်သီးနှံများကို ကုမ္ပဏီဘက်က ပြန်လည်ဝယ်ယူပေးခြင်းကြောင့် ဈေးကွက်အတွက် စိတ်ချရခြင်း၊ စပါးများ ပြန်လည်ရိတ်သိမ်းရေးလုပ်ငန်းများ လုပ်ဆောင်သည့်အခါကုမ္ပဏီဘက်က ပူးပေါင်းဆောင်ရွက်ပေးသည့်အတွက် အချိန်ကုန်သက်သာစွာ ရိတ်သိမ်းနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# လှိုင်းဘွဲ့မြို့နယ် ဖာပွန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်မှု စစ်ဆေး

**လှိုင်းဘွဲ့ ဇွန် ၃**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမော့ကချူကျေးရွာအုပ်စု ဖာပွန်ကျေးရွာ၌ ရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက ဖာပွန်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဒေါနကြယ်စင်ကုမ္ပဏီမှ တာဝန်ရှိသူများကို သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

လှိုင်းဘွဲ့မြို့နယ် ဖာပွန်ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဆိုလာစနစ်တည်ဆောက်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်းနှင့် အခန်းဖွဲ့ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၆ ဒသမ ၇၈၉ သန်းဖြင့် ဒေါနကြယ်စင်ကုမ္ပဏီက ယခုနှစ် မေ ၂၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ အားလုံး ဆောင်ရွက်ပြီးစီးပါက ဖာပွန်ကျေးရွာရှိ အိမ်ခြေ ၂၇၅ အိမ်၊ လူ ၁၂၈၄ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းဇော်ထံမှ သိရသည်။

**အထွေး**

# ကန့်ဘလူမြို့နယ်တွင် ဆီထွက်သီးနှံဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ကန့်ဘလူ ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံဧက ၅၂၀၃၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလကစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဆီထွက်သီးနှံဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ်မှာ ဆီထွက်သီးနှံစိုက်ပျိုးမှုကတော့ တိုးတက်မှုရှိပါတယ်။ စားသုံးဆီဖူလုံရေးနဲ့ ဆီထွက်သီးနှံတိုးတက်ရေးအတွက် ဆောင်ရွက်နေပါတယ်။ မနှစ်က မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ဆီထွက်သီးနှံဧက ၅၂၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာ ဆီထွက်သီးနှံဧက ၅၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဆီထွက်သီးနှံဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၂၂၇၂ ဧက၊ နေကြာ ၀ါးဧက စုစုပေါင်း ဆီထွက်သီးနှံ ၂၂၇၇ ဧကတို့ဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

ပြီးခဲ့သည့် မိုးသီးနှံစိုက်ပျိုးရာသီက ကန့်ဘလူမြို့နယ်တွင် ဆီထွက်သီးနှံစိုက်ပျိုးနိုင်မှုအနေဖြင့် မြေပဲ ၅၁၅၉၉ ဧက၊ နှမ်း ၁၂ ဧက၊ နေကြာ ၅၆၈ ဧက စုစုပေါင်း ဆီထွက်သီးနှံ ၅၂၁၇၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဆီထွက်သီးနှံ စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် စိုက်ပျိုးရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်ထံမှ သိရသည်။ (၂၀၆)

# မိုးကုတ်မြို့နယ် ကင်းတံတားကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုးကုတ် ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကင်းကျေးရွာအုပ်စု ကင်းတံတားကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သပိတ်ကျင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်စိုး၊ မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကင်းတံတားကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးကျော်စိုးက ကွန်ကရစ်လမ်း ရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် ဆွေးနွေးမှာကြားသည်။

ကင်းတံတားကျေးရွာ၌ လမ်းအရှည်ပေ ၃၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၃၂ သိန်း စုစုပေါင်းငွေကျပ် ၁၃၂ သိန်းဖြင့် ၂၀၂၂ ခုနှစ် စက်တင်ဘာလက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး သွားလာရာတွင် အဆင်ပြေလွယ်ကူလျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဦးကျော်စိုးထံမှ သိရသည်။

**မင်းမြင့်မိုရ်**



# မလှိုင်မြို့နယ် ခေါင်းဆေးကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အငှမအကြိမ်ထုတ်ချေး

**မလှိုင် ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းဦးလှည့်ကျေးရွာအုပ်စု ခေါင်းဆေးကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ အငှမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများကို ပြောကြားသည်။

ဆက်လက်၍ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးဝင်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၀ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ခေါင်းဆေးကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၀ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# ပလတ်စတစ်ညစ်ညမ်းမှု၏သက်ရောက်မှုများနှင့်ဖြေရှင်းနည်းများ

မေဇင်ထွန်း

အရောင်အသွေးစုံလင်လှစွာဖြင့် တန်ဖိုးသင့်ပြီး လူတိုင်းဝယ်ယူအသုံးပြုနိုင်သည့် ပလတ်စတစ်ထုတ်ကုန်ပစ္စည်းများသည် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်အနှံ့တွင် လိုအပ်သူကိုလည်းဝယ်ချင်စိတ်၊ မလိုအပ်သူကိုလည်း ဝယ်ချင်စိတ်များ တဖွားဖွားဖြစ်လာအောင် ဆွဲဆောင်လျက်ရှိသည်။ ကမ္ဘာ့လူဦးရေတိုးပွားလာသည်နှင့်အမျှ လူသားတို့အသုံးပြုပြီး စွန့်ပစ်လိုက်သောအမှိုက်ပမာဏလည်း များပြားလာသည်။ ပလတ်စတစ်ညစ်ညမ်းမှုသည် ယနေ့ခေတ် ကျွန်ုပ်တို့ရင်ဆိုင်နေရသည့် အကြီးမားဆုံးသော သဘာဝပတ်ဝန်းကျင်ပြဿနာများထဲမှတစ်ခုဖြစ်သည်။ ၂၀၂၃ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင်ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ဆောင်ပုဒ်မှာ "ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ဖို့ ပူးပေါင်းဖြေရှင်းကြပါစို့-Solutions to Pollution"ဖြစ်သည်။ ၁၉၅၀ ပြည့်နှစ်က ကမ္ဘာကြီးသည် တစ်နှစ်လျှင် ပလတ်စတစ်တန်ချိန် နှစ်သန်းကျော်ထုတ်လုပ်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် တန်ချိန် ၂၄၂ သန်းထိ တိုးမြင့်လာသဖြင့် ထိုအမှိုက်ပမာဏသည် ကမ္ဘာတစ်ဝန်းလုံးရှိ စည်ပင်အမှိုက်အားလုံး၏ ၁၂ ရာခိုင်နှုန်းခန့်ဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် ပလတ်စတစ်ထုတ်လုပ်မှုသည် မက်ထရစ်တန် ၃၅၀ ထိမြင့်တက်လာခဲ့သည်။

ပလတ်စတစ်အမှိုက်များသည် ဆွေးမြည့်ပျက်စီးရန် နှစ်ရာနှင့်ချီအချိန်ယူရပြီး ပလတ်စတစ်အမှိုက်များကို အမှိုက်ပုံများတွင် စွန့်ပစ်လိုက်သောအခါ မြေပြင်မှမြေအောက်၊ မြေအောက်မှတစ်ဆင့် မြေအောက်ရေသို့ ပလတ်စတစ်တွင်ပါသော အဆိပ်ဓာတ်များက ပျံ့နှံ့သွားသည်။ ထို့ပြင် ပလတ်စတစ်အမှိုက်များသည် မိုးရွာသွန်းသောအခါ၊ လေပြင်းများတိုက်ခတ်သောအခါ မိုးရေနှင့် လေတို့၏သယ်ဆောင်မှုဖြင့် မြစ်၊ ချောင်း၊ ပင်လယ်၊ သမုဒ္ဒရာများအတွင်းသို့ ရောက်သွားသည်။ ထိုအခါ ပလတ်စတစ်တွင်ပါသည့် ဓာတုပစ္စည်းများသည် ပတ်ဝန်းကျင်သို့ပျံ့နှံ့သွားသည်။ ထို့ပြင် ပြိုကွဲရန်ခဲယဉ်းသည့် မိုက်ခရိုပလတ်စတစ်များကို ပင်လယ်သတ္တဝါများက အစားအစာများဟု ထင်မှတ်ကာ စားသုံးမိခြင်းကြောင့် ရေနေသတ္တဝါများသေဆုံးမှု၊ မျိုးသုဉ်းမှုများနှင့်ရင်ဆိုင်နေကြရသည်။

ယနေ့ခေတ် လူနေမှုဘဝတွင် နေ့စဉ်လုပ်ငန်းများ လုပ်ဆောင်ရင်း၊ ကျောင်းသွားရင်းနှင့် အလွယ်တကူ စားသုံးလိုက်သည့် အသင့်စားအစားအစာများကို စားသုံးမှုများပြားလာသော နေထိုင်မှုပုံစံအသစ်များကြောင့် တစ်ခါသုံးပစ္စည်းအမှိုက်များ များပြားလာသည်။ လွယ်လင့်တကူစားသုံးနိုင်သည့် ဆိုဒါဘူးများ၊ ရေဘူး၊ ခေါက်ဆွဲခြောက်ဘူးများကဲ့သို့သော အသင့်စားအစားအစာများကို အလွယ်တကူစားသုံးနိုင်ရန်နှင့် စားသုံးပြီးသည့်အခါတိုင်း စားပြီးရင်းစားချင်စိတ်များဖြစ်လာရန် သေချာသုတေသနပြုပြီး စီစဉ်ထုတ်လုပ်ထားသည့် ကျန်းမာရေးနှင့်မညီညွတ်သောအစားအစာများကို အလွယ်တကူစား၊ အလွယ်တကူ စွန့်ပစ်မှုများကြောင့် ပလတ်စတစ်စွန့်ပစ်အမှိုက်များ တစ်နေ့ထက်တစ်နေ့ များပြားလာကာ ကမ္ဘာတစ်ဝန်းတွင် ပလတ်စတစ်ညစ်ညမ်းမှုပမာဏ တိုးများလာသည်။ ထို့ပြင် နေ့စဉ် တစ်ကိုယ်ရေသုံးပစ္စည်းများ၊ လူ့အသုံးအဆောင်ပစ္စည်းများ၊ အလှအပရေးရာပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ထုပ်ပိုးခြင်းအပိုင်းတို့တွင်လည်း ပလတ်စတစ်သည်မပါမဖြစ်ဖြစ်လာသည်။ ပလတ်စတစ်ထုတ်ကုန်ပစ္စည်းအများစုသည် တန်ဖိုးသင့်ပြီး အကြိမ်ခံအသုံးခံသည့်အတွက် ပလတ်စတစ်ဖြင့် ပြုလုပ်ထားသော လူသုံးကုန်ပစ္စည်းများကို ပြည်သူများလွယ်လင့်တကူဝယ်ယူကာ ပျက်စီးသွားပါက အလွယ်ပင်စွန့်ပစ်လိုက်ခြင်းများကလည်း ပလတ်စတစ်ညစ်ညမ်းမှုဖြစ်စေသည့် အဓိကအကြောင်းခြင်းရာများပင်ဖြစ်ပေသည်။

အရိုးရှင်းဆုံးပြောရလျှင် ပလတ်စတစ်စများ ဇရိယာတစ်ခုအတွင်း စုပုံပြည့်နှက်လာပြီးဖြစ်လာသော ပလတ်စတစ်ညစ်ညမ်းမှုက သဘာဝပတ်ဝန်းကျင်ကို ဆိုးဆိုးရွားရွားထိခိုက်မှုဖြစ်စေသည်။ အပင်များ၊ တောရိုင်းတိရစ္ဆာန်များနှင့် လူသားများပင်လျှင် ပလတ်စတစ်ညစ်ညမ်းမှုကြောင့် ကျန်းမာရေးဆိုင်ရာပြဿနာများ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများနှင့် ရင်ဆိုင်လာရသည်။ ပလတ်စတစ်ညစ်ညမ်းမှုသည် အပင်များ၏သက်တမ်းကိုတိုစေခြင်းနှင့် ဒေသခံတိရစ္ဆာန်များကို မျိုးသုဉ်းမှုအန္တရာယ်နှင့်ရင်ဆိုင်လာရပြီး အသက်သေဆုံးသည်ထိဖြစ်စေခြင်းကို တွေ့ရပါသည်။ ပလတ်စတစ်သည် အသုံးဝင်သောပစ္စည်းတစ်ခုဖြစ်သော်လည်း ၎င်းကို အဆိပ်အတောက်ဖြစ်စေသော ဒြပ်ပေါင်းများနှင့် တာရှည်ခိုင်ခံ့အောင် ပြုလုပ်ထားသောကြောင့် ၎င်းသည် သဘာဝဇီဝဖြစ်စဉ်အတိုင်း အလွယ်တကူဖြင့် မပျက်စီးနိုင်ပေ။

ထို့ကြောင့် ပလတ်စတစ်သုံးစွဲခြင်းလျှော့ချရန်အတွက် ဈေးဝယ်သည့်အခါ စက္ကူ သို့မဟုတ် အဝတ်စဖြင့်ပြုလုပ်ထားသောအိတ်များကို ယူဆောင်သွားခြင်း၊ ပလတ်စတစ်ဖြင့် ထုပ်ပိုးထားသောပစ္စည်းများကို



ဝယ်ယူခြင်းမှရှောင်ကြဉ်ခြင်းတို့ လုပ်ဆောင်သင့်သည်။ ဤနည်းသည် ပလတ်စတစ်ညစ်ညမ်းမှုကို လျှော့ချနိုင်သည့်နည်းလမ်းများထဲမှ အထိရောက်ဆုံးနည်းဖြစ်ပြီး ဆိုးရွားသောဘေးထွက်ဆိုးကျိုးများကိုလည်း သက်သာသွားစေနိုင်ပါသည်။ ပလတ်စတစ်ညစ်ညမ်းမှုဖြစ်စေသော အကြောင်းတရားများ၊ သက်ရောက်မှုများနှင့် ဖြေရှင်းနည်းများကိုဖော်ပြရမည်ဆိုလျှင် ပလတ်စတစ်အမှိုက်များသည် နေရာတိုင်းတွင်ရှိနေသည်။ ပလတ်စတစ်ဖြင့်ပြုလုပ်ထားသော နို့ဘူးများ၊ ရေသန့်ဘူးများနှင့် အချို့သောစားသောက်ကုန်များတွင် မိုက်ခရိုပလတ်စတစ်များ၊ ပလတ်စတစ်ပုတီးစေ့အသေးလေးများပင် ပါဝင်နိုင်သည်ကို အဏုကြည့်မှန်ပြောင်းဖြင့် ကြည့်ရှုပါက မြင်တွေ့နိုင်သည်။

ပလတ်စတစ်ကို အခြေခံထုတ်လုပ်ထားသော ထုတ်ကုန်များသည် ဈေးနည်းသောကြောင့် ယနေ့ကမ္ဘာပေါ်တွင် အကျယ်ပြန့်ဆုံးနှင့် အလွန်အကျွံအသုံးပြုနေသော အရာတစ်ခုဖြစ်လာသည်။ လျင်မြန်သောမြို့ပြအသွင်ကူးပြောင်းမှုနှင့် လူဦးရေတိုးပွားမှုသည် ဈေးပေါစွာရရှိသော ပလတ်စတစ်ထုတ်ကုန်များ၏ ဝယ်လိုအားကို တိုးလာစေသည်။ ပလတ်စတစ်သည် ဈေးသက်သာသည့်ပစ္စည်းဖြစ်သောကြောင့် ကုန်ပစ္စည်းများထုပ်ပိုးရာတွင်လည်း အလွန်အသုံးဝင်လှသည်။ ပလတ်စတစ်တစ်စသည် ပြိုကွဲရန် အခြေခံအားဖြင့် အနည်းဆုံးနှစ်ပေါင်း ၄၀၀ ကျော်သည်ထိကြာတတ်သည်။ ပလတ်စတစ်တစ်စ၏ ဆွေးမြည့်မှုနှုန်းသည် အမျိုးအစားပေါ်မူတည်၍ နှစ်ပေါင်း ၅၀၀ မှ ၆၀၀ ထိ ကြာမြင့်တတ်ခြင်းဖြစ်သည်။ ထို့ကြောင့် အမေရိကန်နိုင်ငံသည် ဘေးထွက်ဆိုးကျိုးများသည့် ပလတ်စတစ်အမှိုက်များနှင့်ပတ်သက်ပြီး လျှော့ချမှုများကို တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ(EPA)၏အဆိုအရ အမေရိကန်နိုင်ငံ၏အမှိုက်ပုံများ သို့မဟုတ် ပတ်ဝန်းကျင်တွင် စွန့်ပစ်ထားသော ပလတ်စတစ်အမှိုက်များသည် အနည်းငယ်မျှသာရှိတော့ကြောင်း သိရသည်။

ပြိုကွဲရန်မလွယ်သော ပလတ်စတစ်အမှိုက်များ ပျောက်ပျက်စေရန်ရည်ရွယ်၍ မီးရှို့ခြင်းသည် လေထုကို အဆိပ်သင့်စေပြီး လေထုညစ်ညမ်းမှုကိုဖြစ်စေသည်။ ထိုညစ်ညမ်းသောလေထုသည် လူသားတို့ကို အန္တရာယ်ဖြစ်စေပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကို ဖြစ်စေနိုင်သည်။ ထိုသို့ ဆိုးကျိုးများစွာရှိသော ပလတ်စတစ်ထုတ်ကုန်ပစ္စည်းသစ်များ ထုတ်လုပ်မှုကို မလျှော့ချဘဲ နေ့စဉ်ထုတ်လုပ်လာသည်နှင့်အမျှ ပလတ်စတစ်ညစ်ညမ်းမှုစက်ဝန်းသည် ထပ်တလဲလဲဖြစ်နေပါတော့သည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းများသည် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သည့် ထုတ်ကုန်များအစား စက္ကူကဲ့သို့သောအရာများကို အစားထိုး မထုတ်လုပ်သရွေ့ ပလတ်စတစ်များ ထုတ်လုပ်ခြင်းနှင့် စွန့်ပစ်ခြင်းလုပ်ငန်းလည်ပတ်မှုသည် ဆက်လက်ရှိနေဦးမည်ဖြစ်သည်။ ပလတ်စတစ်ညစ်ညမ်းမှု၏ ရေရှည်အကျိုးသက်ရောက်မှုတချို့မှာ-

**လူ့ကျန်းမာရေးအပေါ် ပလတ်စတစ်၏ ဆိုးကျိုးများ**

လူသားတို့သည် မိုက်ခရိုပလတ်စတစ်များပြန့်ကျဲနေသည့် ပင်လယ်တွင် ကျက်စားရှင်သန်နေကြသော ရေနေသတ္တဝါများမှရရှိသည့် မသန့်ရှင်းသော ပင်လယ်စာများကို စားသုံးနေကြသည်။ သိပ္ပံပညာရှင်များ၏ လေ့လာမှုများအရ အဏ္ဏဝါမျိုးစိတ်ပေါင်း ၁၁၄ မျိုးကို ရင်ခွဲစမ်းသပ်ကြည့်ရာတွင် မိုက်ခရိုပလတ်စတစ်များကို တွေ့ရှိခဲ့ကြသည်။ ထိုသို့မိုက်ခရိုပလတ်စတစ်များကို စားသုံးမိသောရေနေသတ္တဝါများ၏ သုံးပုံတစ်ပုံခန့်ကို လူသားတို့က ပြန်လည်စားသုံးလျက်ရှိကြသည်။ ကျွန်ုပ်တို့သည် ရေသန့်ဘူးအတွင်းရှိရေကို သန့်ရှင်းသည်ဟူသောအထင်ဖြင့် သောက်သုံးကြသည်။ အမှန်မှာ ၎င်းရေဘူးများအတွင်း၌ မမြင်ရသော မိုက်ခရိုပလတ်စတစ်ပေါင်းများစွာ ပျော်ဝင်နေတတ်သည်။ တစ်နည်းဆိုရလျှင် ကျွန်ုပ်တို့သည် မိုက်ခရိုပလတ်စတစ်များကို သောက်သုံးနေသလိုဖြစ်နေသည်။ ထိုသို့ ရေသန့်ဘူးများတွင် မိုက်ခရိုပလတ်စတစ်များ ၉၀ ရာခိုင်နှုန်း ပါဝင်ကြောင်းနှင့် ရေသန့်ဘူးပေါင်း ၂၅၉ ခုတွင် ၁၇ ခုသာ မိုက်ခရိုပလတ်စတစ်ကင်းစင်ကြောင်းကို ၂၀၁၈ ခုနှစ်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က သုတေသနလုပ်ပြီး ထုတ်ဖော်ပြသခဲ့သည်။

**အစာကွင်းဆက်ကို ထိခိုက်စေသောပလတ်စတစ်အမှိုက်**

ပလတ်စတစ် စားသုံးမိခြင်းကြောင့် သေးငယ်လှသော ကုန်းနေရေနေသတ္တဝါများအဆိပ်သင့်ခြင်းသည် ၎င်းတို့အပေါ် အစာအာဟာရအတွက် မှီခိုနေရသော တိရစ္ဆာန်ကြီးများတွင် အစာကွင်းဆက်ပြဿနာများကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် ပလတ်စတစ်အမှိုက်ညစ်ညမ်းမှုသည် အစားအသောက်ကွင်းဆက်တစ်လျှောက်တွင် ပြဿနာများစွာကိုဖြစ်စေနိုင်သည်။

**မြေအောက်ရေညစ်ညမ်းမှု**

ပလတ်စတစ်အမှိုက်များ မြေဆီလွှာအတွင်းဝင်ရောက်ကာ မြေအောက်သို့ယိုစိမ့်မှုများ ဖြစ်ပွားခြင်းကြောင့် ကမ္ဘာ့မြေအောက်ရေကို အန္တရာယ်ဖြစ်စေသည်။ သောက်သုံးရေချိုအဖြစ် အသုံးပြုနေသော မြေအောက်ရေများထဲသို့ အမှိုက်ပုံများမှ အဆိပ်အတောက်များ စိမ့်ဝင်သွားသည်။

**မြေထုညစ်ညမ်းမှု**

ပလတ်စတစ်များသည် ရေနှင့်ဓာတ်ပြုပြီး အန္တရာယ်ရှိသောဓာတုပစ္စည်းများကို ဖြစ်ပေါ်စေသည်။ ဓာတုပစ္စည်းများသည် မြေအောက်သို့ စိမ့်ဝင်သောအခါ ရေအရည်အသွေးကို ကျဆင်းစေသည်။ လေသည် ပလတ်စတစ်များကို တစ်နေရာမှတစ်နေရာသို့ သယ်ဆောင်သွားပြီး အမှိုက်သရိုက်များကိုတိုးပွားစေသည်။ ဤသို့ဖြင့် လေနှင့်ရေတို့၏သယ်ဆောင်မှုများကြောင့် ပလတ်စတစ်အမှိုက်များသည် ပတ်ဝန်းကျင်တွင် နေရာအနှံ့ပျံ့နှံ့ကုန်ပြီး ဟိုတစ်စသည်တစ်စ အမှိုက်များကို မျက်စိတစ်ဆုံးမြင်တွေ့နိုင်မည်ဖြစ်ပေသည်။

**လေထုညစ်ညမ်းမှု**

ပလတ်စတစ်များကိုမီးရှို့ခြင်းမှ အဆိပ်ရှိသောဓာတုပစ္စည်းများထွက်လာခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းစေသည်။ ညစ်ညမ်းသောလေကို လူနှင့်တိရစ္ဆာန်များ ရှူသွင်းလိုက်သောအခါတွင် ၎င်းတို့၏ကျန်းမာရေးကို ထိခိုက်စေပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကို ဖြစ်စေနိုင်သည်။ ပလတ်စတစ်ညစ်ညမ်းမှုသည် ကမ္ဘာ့ဂေဟစနစ်ကို များစွာထိခိုက်စေသည်။ ထို့ပြင် လေထုညစ်ညမ်းမှုလွန်ကဲမှုကြောင့် ထိခိုက်မှုရှိသောဒေသများတွင် ခရီးသွားလာမှုလျော့နည်းသွားခြင်းသည် ထိုနိုင်ငံ၏စီးပွားရေးကို သိသိသာသာထိခိုက်စေသည်။

**ပလတ်စတစ်ညစ်ညမ်းမှုအတွက် ထိရောက်သောဖြေရှင်းနည်းများ**

ပလတ်စတစ်ညစ်ညမ်းမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်သည့် တစ်ခုတည်းသောနည်းလမ်းမှာ ကမ္ဘာတစ်ဝန်းရှိ လူတစ်ဦးချင်းစီမှစပြီး ကုမ္ပဏီကြီးများထိ လုပ်ဆောင်မှုလုပ်ငန်းစဉ်အဆင့်တိုင်းတွင် အမှိုက်လျှော့ချသည့် အလေ့အကျင့်များကို အကောင်အထည်ဖော်ရန်ဖြစ်သည်။ ပလတ်စတစ်အမှိုက် လျှော့ချရန်အတွက် ပလတ်စတစ်အိတ်များသည် တစ်ချိန်က ခေတ်မီအဆင်ပြေသော်လည်း ပြန်လည်အသုံးပြုနိုင်သောအိတ်များဖြင့်သာ အစားထိုးအသုံးပြုသင့်သည်။ ပြန်လည်အသုံးပြုနိုင်သော အိတ်အများစုမှာ အလွယ်တကူသယ်ဆောင်ရန် ခေါက်ထားနိုင်သည်။ ထို့ပြင် လူသားတို့သည် တစ်နေ့ကို ရေများများသောက်ခြင်းသည် အကောင်းဆုံးကျန်းမာရေးကို ဆောင်ကြဉ်းပေးနိုင်သော်လည်း ပြန်သုံး၍ရသော ပုလင်းကို ဆောင်ထားသင့်သည်။ ယနေ့ခေတ်တွင် လူသုံးကုန်ပစ္စည်းများ ပိုများလာသောကြောင့် အမှိုက်ပုံးထဲသို့မထည့်မီ အရာအားလုံးကို ခွဲပြီးစစ်ဆေးသင့်သည်။ ပလတ်စတစ်သည် အလွယ်တကူ မပြိုကွဲနိုင်သောကြောင့် ပြန်လည်အသုံးပြုရမည်။ ကျွန်ုပ်တို့၏ နေ့စဉ်ဘဝတွင် ၉၀ ရာခိုင်နှုန်းခန့်သောပစ္စည်းများသည် ပလတ်စတစ်ပစ္စည်းများဖြစ်သည်။ ဥပမာဆိုရလျှင် ကုန်ခြောက်အိတ်များ၊ ပလတ်စတစ်ထုပ်ပိုးခြင်း၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ကော်ဖီခွက်အဖုံးများကဲ့သို့သော ပလတ်စတစ်ပစ္စည်းများကို နေ့စဉ်နှင့်အမျှသုံးနေကြသည်။ ထို့ကြောင့် ကမ္ဘာကြီးသာယာလှပရန်အတွက် ပလတ်စတစ်မပါသော နေ့စဉ်ဘဝကို ကြိုးစားပြီး တည်ဆောက်ကြရမည်ဖြစ်ကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

- Causes, Effects and Incredible Solutions to Plastic Pollutio

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## ကိုယ်ပြုသည့်ကံ ကိုယ်သာရ၏


မင်္ဂလာပါ သားသားမီးမီးတို့ရေ။ ဦးဦး ဒီတစ်ပတ် ပြောပြမဲ့ ပုံပြင်လေးကတော့ "ကိုယ်ပြုသည့်ကံ ကိုယ်သာရ၏"လို့ အမည်ရတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက တောရွာတစ်ရွာမှာ တိရစ္ဆာန်တွေ ဖမ်းဆီးသတ်ဖြတ်ပြီး ဝမ်းစာရှာဖွေစားသောက်တဲ့ မုဆိုးကြီးရှိသတဲ့ကွယ်။ မုဆိုးကြီးမှာ အလွန်လိမ္မာတဲ့ ဇနီးလဲရှိတယ်ကွဲ့။ မုဆိုးကြီးဟာ တစ်ပတ်ကို တစ်ခါ ရွာအစပ်က တောအတွင်းကို သားကောင်လိုက်ဖို့သွားသတဲ့။ ရရှိလာတဲ့သားကောင်တွေကို ကိုယ်တိုင်သတ်ဖြတ်ပြီး ဇနီးကိုရောင်းခိုင်းသတဲ့ကွယ်။ ဇနီးသည်ကလဲ မြို့ထဲကဈေးကိုသွားပြီး တိရစ္ဆာန်လေးတွေရဲ့အသားကို ရောင်းရတာပေါ့။ ရရှိလာတဲ့ ငွေအသပြာရဲ့ သုံးပုံတစ်ပုံကို သေရည်ဝယ်ပြီး မုဆိုးကြီးကိုတိုက်ရသတဲ့။ မုဆိုးကြီးကလဲ သေရည်သောက်လိုက်၊ တိရစ္ဆာန်အသားတွေမြည်းလိုက်နဲ့ ဇိမ်ခံနေတာပေါ့။

ဒီလိုနဲ့ နောက်တစ်နေ့ကိုရောက်တဲ့အခါ မုဆိုးကြီးလဲ တောထဲကို သားကောင်ပစ်ရအောင် ဒူးလေးကိုကိုင် ခါးမှာဓားမြှောင်ကိုထိုးပြီး ထွက်လာသတဲ့ကွယ်။ တစ်နေ့လုံး သားကောင်ကိုမတွေ့တော့ အိမ်ကိုမပြန်ဘဲ ညဘက်မှာပါ သားကောင်ကိုဆက်ရှာသတဲ့။ တစ်ညလုံးရှာတာတောင် သားကောင်ကမရဘူးတဲ့ကွယ်။ ဒါကြောင့် စိတ်ပျက်ပျက်နဲ့ အိမ်ကိုပြန်လာတာပေါ့။ ကံကောင်းချင်တော့ အိမ်ပြန်တဲ့လမ်းမှာ သမင်တစ်ကောင် မြက်တွေစားနေတာကို တွေ့သွားသတဲ့။ တစ်နေ့လုံး၊ တစ်ညလုံးရှာနေတာမတွေ့ဘဲ အိမ်ပြန်ခါနီးမှတွေ့တော့ သမင်လေးကိုရအောင် ဒူးလေးနဲ့ချိန်ပြီး ပစ်လိုက်သတဲ့ကွယ်။ မုဆိုးကြီးပစ်လိုက်တဲ့မြားဟာ သမင်လေးရဲ့ လည်ပင်းကိုစိုက်ဝင်သွားပြီး မြက်စားနေတဲ့သမင်လေး သေသွားတယ်ကွယ်။ မုဆိုးကြီးဟာ သေသွားတဲ့သမင်ကိုထမ်းပြီး အိမ်ကိုပြန်ခဲ့တယ်ကွယ်။ အိမ်ကိုရောက်တော့ သမင်ကိုဖျက်ပြီး ဇနီးကိုရောင်းဖို့ ပေးလိုက်သတဲ့။ ပြီးတော့ ဇနီးသည်ကို-

"မိန်းမရေ ငါ့အတွက် သမင်ရဲ့လျှာကိုပြုတ်ပြီး သေရည်နဲ့မြည်းရအောင် သုပ်ပေးပါ။ ကျန်တာတွေတော့ရောင်းလိုက်ကွာ"လို့ပြောပြီး သေရည်ဆိုင်ကို ထွက်ခဲ့သတဲ့ကွယ်။

ဇနီးသည်ကလဲ တောရွာကလေးရဲ့အနီးက ဈေးထဲမှာ သမင်သားတွေကို ကုန်အောင်ရောင်းပြီး အိမ်ကိုပြန်ခဲ့တယ်။ အိမ်ရောက်တော့ မုဆိုးကြီးပြောတဲ့အတိုင်း သမင်ရဲ့လျှာကိုပြုတ်ပြီး သုပ်ထားလိုက်တယ်။




အဲဒီအချိန်မှာ ရဟန်းတစ်ပါးက ဆွမ်းခံကြွလာတယ်ကွယ်။ မုဆိုးကြီးရဲ့ဇနီးသည်ဟာ သဒ္ဓါကြည်ညိုစိတ်တွေပေါက်ပြီး မုဆိုးကြီးစားချင်တဲ့ သမင်လျှာအသုပ်ကို လောင်းလှူလိုက်သတဲ့။ ခဏကြာတော့ မုဆိုးကြီးဟာ သေရည်ပုလင်းကိုလက်ကကိုင်ပြီး အိမ်ကိုပြန်ရောက်လာတယ်။ ပြီးတော့ ဇနီးသည်ကို သေရည်နဲ့မြည်းဖို့ သမင်လျှာသုပ်ပေးပါလို့ တောင်းသတဲ့။ ဇနီးသည်က မုဆိုးကြီးစားချင်တဲ့ သမင်လျှာသုပ်ကို ဆွမ်းခံကြွလာတဲ့ ရဟန်းတစ်ပါးကို လှူလိုက်ကြောင်း ပြောသတဲ့ကွယ်။ ဒါကြောင့် အဲဒီအလှူ မုဆိုးကြီးကိုပေးပါကြောင်း သာဓုခေါ်ပါ မုဆိုးကြီးလို့ ပြောပြန်သတဲ့။ မုဆိုးကြီးကလဲ နေ့ကောညကောရှာထားတဲ့သမင်သားကို မစားရပေမဲ့ ဇနီးသည်ကိုစိတ်မဆိုးဘဲ သေရည်သောက်ပြီး အိပ်ပျော်သွားသတဲ့ကွယ်။

နောက်တစ်နေ့ရောက်တဲ့အခါ မုဆိုးကြီးအိမ်ရှေ့ကို ရဟန်းတစ်ပါး ဆွမ်းခံကြွလာပြန်သတဲ့။ မုဆိုးကြီးရဲ့ဇနီးသည်လဲ ဆွမ်းဟင်းကိုခူးခပ်ပြီး မုဆိုးကြီးကို ကိုယ်တိုင်လှူဖို့ပြောသတဲ့။ အဲဒီအချိန်မှာ မုဆိုးကြီးက ဇနီးသည်ကို-

"မိန်းမရေ ငါ့ခန္ဓာကိုယ်မှာ ချွေးတွေနဲ့ညစ်ပတ်ပြီး သားကောင်တွေရဲ့ ညှီနံ့တွေကနံနေတာ ငါကိုယ်တိုင်မလှူချင်ဘူး မင်းပဲလှူလိုက်ပါ"လို့ မိမိကိုယ်တိုင်မလှူဘဲ ငြင်းလိုက်သတဲ့။ ဒီလိုနဲ့ နောက်တစ်နေ့ရောက်ပြန်တော့ မုဆိုးကြီးရဲ့ဇနီးက မုဆိုးကြီးကို ရေမိုးချိုးခိုင်းထားသတဲ့။ မုဆိုးကြီးလဲ ရေချိုးပြီးအဝတ်စားတွေဝတ်ပြီးတဲ့အချိန် ရဟန်းက ဆွမ်းခံကြွလာသတဲ့ကွယ်။ အဲဒီအချိန်မှာ မုဆိုးကြီးရဲ့ဇနီးက-

"မုဆိုးကြီး ရှင်ရေလဲချိုးပြီးပြီ။ ဒီနေ့တော့ ရဟန်းကို ကိုယ်တိုင်လှူပါ"လို့ ပြောပြန်တယ်ကွယ်။ မုဆိုးကြီးက-

"မိန်းမရာ မင်းပဲသွားလှူလိုက်ပါ။ မင်းလှူရင် ငါလဲရတာပဲ အလှူအကျိုးက ငါတို့ဇနီးမောင်နှံ နှစ်ယောက်ပဲရတာ"လို့ ဆွမ်းလောင်းဖို့ကို ငြင်းပြန်သတဲ့ကွယ်။ မုဆိုးကြီးလဲ နောက်နေ့ကစပြီး ဆွမ်းလောင်းချိန်ကိုမှန်းပြီး တောထဲကို သားကောင်ရှာဖို့ထွက်သွားသတဲ့ကွယ်။

မုဆိုးကြီးရဲ့ဇနီးသည်ကတော့ နေ့စဉ်နေ့တိုင်း တာဝန်မပျက် ရဟန်းကို ဆွမ်းနဲ့ ဆွမ်းဟင်းတွေ လောင်းလှူသတဲ့ကွယ်။

ဒီလိုနဲ့ အသက်အတိုင်းနေကြရင်း မုဆိုးကြီးနဲ့ ဇနီးသည်တို့ သေလွန်သွားတဲ့အခါ မုဆိုးကြီးဟာ နေ့စဉ်နေ့တိုင်း တိရစ္ဆာန်လေးတွေကိုသတ်တဲ့ အကုသိုလ်အကျိုးကြောင့် ငရဲပြည်မှာ ငရဲခံရသတဲ့ကွယ်။ မုဆိုးကြီးရဲ့ဇနီးကတော့ နေ့စဉ်နေ့တိုင်းလောင်းလှူတဲ့ဆွမ်းနဲ့ ဆွမ်းဟင်းအကျိုးကြောင့် နတ်ပြည်မှာ စိန်ရွှေငွေစီခြယ်ထားတဲ့ ဗိမာန်နန်းမှာ အခြွေအရံများစွာနဲ့ နတ်စည်းစိမ်ကိုခံစားရသတဲ့ကွယ်။

ပုံပြင်လေးကတော့ ဒါပါပဲ သားသားမီးမီးတို့ရေ။ ဦးဦး အခုပြောပြခဲ့တဲ့ပုံပြင်ထဲကလို ဇနီးသည်အလှူလုပ်ရင် ငါလဲရမယ်လို့တွေးခဲ့တဲ့ မုဆိုးကြီးဟာ ကောင်းမှုတွေမလုပ်ခဲ့ဘူး။ ဒါကြောင့် ကောင်းမှုကုသိုလ်ကိုယ်တိုင်မလုပ်ခဲ့တာရယ်၊ တိရစ္ဆာန်လေးတွေရဲ့ အသက်ကိုသတ်တဲ့အကုသိုလ်ရယ်ကြောင့် သေတဲ့အခါ ငရဲကိုရောက်သွားသတဲ့ကွယ်။ ကုသိုလ်ကောင်းမှုကို ကိုယ်တိုင်လုပ်တဲ့ မုဆိုးကြီးရဲ့ဇနီးသည်ကတော့ နတ်ပြည်ကိုရောက်သွားတယ်။ ဒါကြောင့် သားသားမီးမီးတို့လဲ ကုသိုလ်ကောင်းမှုအကျိုးကိုရရှိနိုင်ဖို့ အခုအချိန်ကစပြီး ကုသိုလ်ကောင်းမှုတွေကို ကိုယ်တိုင်လုပ်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်ကွယ်။

**မောင်ပုည(ဟင်္သာတမြေ)**

## ပါးကွက်ခြယ်သ သမီးအလှ

♦ သမီးလေး မလှချင်
သနပ်ခါးသွေးဖို့ပြင်
ကျောက်ပြင်ပေါ်မှာ တစ်ခြစ်ခြစ်သွေး
ပါးကွက်ဝိုင်းဝိုင်းလေး
ရနံ့ထုံသင်းမွှေး။

**ပြေအေးသက်**




## ဝါးလက်ခုပ်လေး

♦ ဝါးလက်ခုပ်လေး အသံညီ
စည်းဝါးကိုက်အောင်မြည်၊
တူရိယာသည် ဘယ်ကစ
စည်းနဲ့ဝါးကဗျ။

♦ ခြေလက်ခေါင်းက အစသင်
ဂီတသမားစဉ်၊
တွဲလျက်ယှဉ်လို့ ဘယ်ညာအုပ်
မြန်မာ့ဝါးလက်ခုပ်။

**သာလွန်(နတ်မောက်)**



# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလနှင့် မေလအတွင်း ပြည်ပသို့ တစ်သျှူးငှက်ပျောတန်ချိန် ၃၉၀၀၀ ကျော် တင်ပို့ရောင်းချခဲ့



**နေပြည်တော် ဇွန် ၃**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလနှင့် မေလ နှစ်လတာကာလ အတွင်း ပြည်ပသို့ တစ်သျှူးငှက်ပျော တန်ချိန် ၃၉၀၀၀ ကျော် တင်ပို့ ရောင်းချခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ သိရသည်။

တစ်သျှူးငှက်ပျောကို ကချင် ပြည်နယ်တွင် အများဆုံးစိုက်ပျိုး ပြီး ကံပိုင်တည်နယ်စပ်ကုန်သွယ် ရေးစခန်းမှ ပြည်ပသို့ တင်ပို့ရောင်း ချနေကြောင်း၊ ပြည်ပဈေးကွက် များတွင် မေလမှ ဇွန်လထိ မြန်မာ နိုင်ငံမှ တစ်သျှူးငှက်ပျောတစ်တန် လျှင် တရုတ်နိုင်ငံသုံးငွေ ယွမ် ၂၄၅၀ ထိ ဈေးနှုန်းရရှိကြောင်း၊ ထို့ကြောင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာ နှစ် ဧပြီလနှင့် မေလ နှစ်လတာ ကာလအတွင်းတွင် ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ် နိုင်ငံသုံးငွေယွမ် ၉ ဒသမ ၆၅၃ သန်းတန်ဖိုးရှိ တစ်သျှူးငှက်ပျော တန်ချိန် ၃၉၄၀၀ တင်ပို့ရောင်းချ ခဲ့ရကြောင်း သိရသည်။

အဆိုပါ နှစ်လတာကာလ အတွင်းတွင် တစ်သျှူးငှက်ပျော တင်ပို့မှုများပြားနေသဖြင့် တစ်သျှူး ငှက်ပျော ထုပ်ပိုးပစ္စည်းများကို ယာယီစနစ်ဖြင့် တင်သွင်းခွင့်ပြုပေး ခဲ့ရာ နှစ်လတာကာလအတွင်း တစ်သျှူးငှက်ပျော ထုပ်ပိုးပစ္စည်း တန်ချိန် ၃၆၃၄ တန် တင်သွင်းခဲ့ရ ကြောင်း သိရသည်။

တစ်သျှူးငှက်ပျောများကို ကချင်ပြည်နယ် မိုးမောက်မြို့နယ်၊ မံစီမြို့နယ်နှင့် ရွှေကူမြို့နယ်တို့တွင် အများဆုံးစိုက်ပျိုးကာ ပြည်ပ ကုန်သည်များက ပင်ရင်းဈေးကွက် များထိ လာရောက်၍ ငှက်ပျော ကွင်းပြတ်(ခြံပြတ်) ဝယ်ယူနေပြီး ကြိုတင်ဝယ်ယူမှုများလည်းရှိနေ ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် တစ်သျှူးငှက် ပျောကို ၂၀၀၆ ခုနှစ်မှ စတင်ကာ ဘိန်းအစားထိုးသီးနှံအဖြစ် ကချင် ပြည်နယ်အတွင်း စိုက်ပျိုးခဲ့ခြင်းဖြစ် ပြီး နယ်စပ်လမ်းကြောင်းမှ ပြည်ပ သို့ တင်ပို့ရောင်းချပေးနေခြင်းဖြစ် ကြောင်း သိရသည်။

ကိုဗစ်ကာလအတွင်းက ကုန် သွယ်မှုများ နှောင့်နှေးခဲ့၍ ကချင် ပြည်နယ်အတွင်း တစ်သျှူးငှက်ပျော စိုက်ပျိုးမှု ထက်ဝက်ကျော် ကျဆင်းသွားခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့တွင် နယ်စပ်ဂိတ်များ ပုံမှန်ပြန်လည် လည်ပတ်ခဲ့ပြီးနောက် တစ်သျှူး ငှက်ပျောဈေးကွက် ပြန်လည် ကောင်းမွန်လာသဖြင့် ကချင် ပြည်နယ်အတွင်း တစ်သျှူးငှက်ပျော စိုက်ပျိုးမှု ပုံမှန်ပြန်ဖြစ်လာကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနမှ သိရသည်။

SKL

# ဒိုက်ဦးမြို့နယ် ဆင်ဇလုပ်ကျေးရွာ၌ ကျေးရွာတွင်းလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဒိုက်ဦး ဇွန် ၃**

ပဲခူးတိုင်းဒေသကြီး ညောင် လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေဖြင့် ဆင်ဇလုပ်ကျေးရွာ ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်း ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက် ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ဒိုက်ဦးမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာတွင်းလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ဆင် ဇလုပ်ကျေးရွာ၌ ကျေးရွာတွင်း လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီး မှူးက ကျေးရွာရပ်မိရပ်ဖများ၊ လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များ နှင့်တွေ့ဆုံကာ သတ်မှတ်ကာလ အတွင်း စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်း အတာပြည့်မီရေးတို့ကို အလေး ထားဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

ဒိုက်ဦးမြို့နယ် ဆင်ဇလုပ်ကျေး ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေမှ ငွေကျပ်သိန်း ၁၂၀ ကို အသုံးပြုပြီး အရှည်ပေ ၁၈၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက် လက်မရှိသော ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းကို ဒိုက်ဦး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ အင်ဂျင် နီယာဝန်ထမ်းများ၏ နည်းပညာ ပံ့ပိုးကူညီမှုဖြင့် ကျေးရွာပြည်သူ လူထုကိုယ်တိုင် ယခုနှစ် မေ ၂၆ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်း ၏ ၆၀ ရာခိုင်နှုန်းကျော်ဆောင်ရွက် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၆၂ အိမ်မှ လူဦးရေ ၁၆၄၀ ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှု ရေးကိစ္စရပ်များအတွက် သွားလာမှု လွယ်ကူစေမည်ဖြစ်ကြောင်း ဒိုက်ဦး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ကိုညို

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၆-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၂၅ | ၁၉၇၅ | ၁၉၆၅ | ၁၉၃၅ | ၁၉၇၀ | ၁၉၉၅ | ၁၉၈၀ | ၁၉၆၀ | ၂၀၅၅ | ၂၀၇၀ | ၁၉၆၅ | ၁၉၇၅ | ၂၀၁၀ | ၂၀၁၀ | ၂၀၁၅ | ၂၂၄၀ | ၂၇၀၀ |
| 95 Ron | ၂၀၃၅ | ၂၀၈၅ | ၂၀၈၀ | ၂၀၄၀ | ၂၀၈၀ | ၂၁၀၅ | ၂၀၉၀ | ၂၀၆၅ | ၂၁၆၅ | ၂၁၈၀ | ၂၀၇၀ | ၂၀၉၀ | ၂၁၂၀ | ၂၁၂၀ | ၂၁၂၀ | ၂၃၅၀ | ၂၈၀၅ |
| HSD (500 ppm) | ၁၈၄၀ | ၁၈၉၀ | ၁၈၈၅ | ၁၈၅၀ | ၁၈၉၀ | ၁၉၁၀ | ၁၉၁၀ | ၁၈၇၅ | ၁၉၉၅ | ၁၉၉၀ | ၁၈၈၀ | ၁၈၉၅ | ၁၉၂၅ | ၁၉၃၀ | ၁၉၃၀ | ၂၁၆၀ | ၂၈၀၅ |
| HSD (50 ppm) | ၁၉၂၀ | ၁၉၇၀ | ၁၉၆၅ | ၁၉၃၀ | ၁၉၇၀ | ၁၉၉၀ | ၁၉၉၀ | ၁၉၅၅ | ၂၀၇၅ | ၂၀၇၀ | ၁၉၆၀ | ၁၉၇၅ | ၂၀၀၅ | ၂၀၁၀ | ၂၀၁၀ | ၂၂၄၀ | ၂၈၆၅ |
| HSD (10 ppm) | ၁၉၂၀ | ၁၉၇၀ | ၁၉၆၅ | ၁၉၃၀ | ၁၉၇၀ | ၁၉၉၀ | ၁၉၉၀ | ၁၉၅၅ | ၂၀၇၅ | ၂၀၇၀ | ၁၉၆၀ | ၁၉၇၅ | ၂၀၀၅ | ၂၀၁၀ | ၂၀၁၀ | ၂၂၄၀ | ၂၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၂၂ | ၁၈၉၂ |
| 95 Ron | ၁၉၂၇ | ၁၉၉၉ |
| HSD (500 ppm) | ၁၇၄၆ | ၁၈၁၀ |
| HSD (50 ppm) | ၁၈၁၉ | ၁၈၈၅ |
| HSD (10 ppm) | ၁၈၁၉ | ၁၈၈၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ







"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစီစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှုက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက် (၅၉၀/၁)၊ မြေကွက်အမှတ်(၂-က)၊ (၂-ခ)၊ ဧရိယာစုစုပေါင်း(၅. ၅၃၃)ဧရိယာသည် ဦးလှမင်းသိမ်း (၁၂/မရက(နိုင်)၁၂၆၆၄၆) ပိုင်ဆိုင်သော Garden City Apartment Complex အတွင်းရှိ တိုက်အမှတ်(၁၂)၊ (၂)လွှာ၊ အခန်းအမှတ်(၂)၏ ပိုင်ဆိုင်မှုကတ်ပြားအမှတ်(0184) ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှမင်းသိမ်း**
**(၁၂/မရက(နိုင်)၁၂၆၆၄၆)**
**၀၉-၂၀၅၈၆၇၉**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➢ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ

## ဝန်ထမ်းအလိုရှိသည်

၁။ နေ့လုံခြုံရေး(အမျိုးသား)
အသက်(၂၀)နှစ်မှ(၄၅)နှစ်ထိ
မူးယစ်သောက်စားကင်းရှင်းသူဖြစ်ရမည်၊
လမ်း၈၀၊၃၀x၃၁လမ်းကြား၊ မန္တလေးမြို့
09-402600781
02-4066366
မြနန္ဒာ စက္ကူ

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ (၃)ရပ်ကွက်၊ အုန်းချောကျေးရွာနေ (အဘ) ဦးတင်အောင်၏ သမီး ဒေါ်ကြူကြူ(ခ)ဒေါ်ကြူကြူဝင်း(၉/အမရ(နိုင်)၀၉၉၄၂၈) မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ကြူကြူ(ခ)ဒေါ်ကြူကြူဝင်း**
**(၉/အမရ(နိုင်)၀၉၉၄၂၈)**

## အမည်ပြောင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ယာဉ်ပုံရပ်နေ မောင်လင်းလက်နိုင် (ဘ) ဦးတင်နိုင်ကိုကို (၉/ခအဇ(နိုင်)၀၇၀၀၃၀)အား မောင်လင်းနိုင်ကြည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်လင်းနိုင်ကြည်**

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂)နေ ဒေါ်စောမေအောင် (ဘ) ဦးအိုက်ချမ်း(၉/ပဥလ(နိုင်)၁၀၇၉၀၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-311897)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၇၇၇၂၈၈၂

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အုံးဖုံးကျေးရွာအုပ်စု၊ ဇရပ်ကွင်းကျေးရွာ၊ အမှတ်(၆)ရပ်ကွက်နေ မနှင်းဖြူဖြူမြင့် (ဘ) ဦးမြင့်အောင်(၉/သပက(နိုင်)၀၄၉၅၆၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-27808)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၃၁၈၉၃၃၅

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုကင်းစင်စွာဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံအကျိုးစီးပွားကိုမလိုလားဘဲ ငြိမ်းချမ်းရေးကို ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်နေကြသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏အန္တရာယ်ကို အထူးသတိပြုကြရန် တိုက်တွန်းလိုပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျရောက်သည့် (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

**သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ**

စာမျက်နှာ - ၁၉





**ဆိုင်ကလုန်းမုန်တိုင်းမိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့်ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်**

စာမျက်နှာ - ၂၂

## ပန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၏ အန္တိမအဂ္ဂိရှာပနအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ပန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၏ အန္တိမအဂ္ဂိရှာပနအခမ်းအနားကို ဇွန် ၆ ရက် မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ သရီရဓာတုပဝိဟနပူဇာအရိုးဓာတ်ပြာတော်များ ရေမျှောပူဇော်သဘင်အခမ်းအနားကို ဇွန် ၇ ရက် နံနက် ၅ နာရီခွဲတွင်လည်းကောင်း MRTV HD Channel၊ MWD HD Channel နှင့် MWD Variety HD Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

# အက်ဖ်အေဖလားဗိုလ်လုပွဲတွင် မန်ယူအသင်းကို အနိုင်ရရှိခဲ့ပြီး မန်စီးတီးအသင်း ချန်ပီယံဆုဆွတ်ခူး

**မန်ချက်စတာ ဇွန် ၃**

ယခုနှစ်ဘောလုံးရာသီ အက်ဖ်အေဖလားဗိုလ်လုပွဲစဉ်အဖြစ် မန်ချက်စတာမြို့ခံပြိုင်ဘက်နှစ်သင်းဖြစ်သည့် မန်ယူနှင့် မန်စီးတီးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်စီးတီးအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကာ တစ်ရာသီအတွင်း အဓိကဆုဖလားသုံးလုံးရရှိခဲ့သည့်မန်ယူအသင်း၏စံချိန်ကို လိုက်မီနိုင်ရန်အတွက် ပိုမိုနီးစပ်လာခဲ့သည်ဟု The Guardian သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။




အဆိုပါပွဲစဉ်တွင် မန်စီးတီးအသင်းက မန်ယူအသင်းကို ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲအစ တစ်မိနစ်မပြည့်မီမှာပင် ဂန်ဒိုဂမ်က အဝေးကန်ချက်ဖြင့် မန်စီးတီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၃၃ မိနစ်တွင် မန်စီးတီးကစားသမား ဂရီးလစ်ချ်က ပင်နယ်တီဧရိယာအတွင်း လက်ထိခဲ့သည့်အတွက် မန်ယူအသင်းက **စာမျက်နှာ ၂၂ ကော်လံ ၁** ❖

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉ ၂၅၄၇၈၀၀၆၀၊ ၀၉ ၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉ ၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ဥသိမ်သူ Online Easy Ticket, Go - Auto Ticket

ရန်ကုန်
- နေပြည်တော်
- တောင်ကြီး
- မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
- ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
- ပုဂံ (ညောင်ဦး) - ပခုက္ကူ
- မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
- မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
- တောင်ငူ - ဆွာ - ရေနီ
- ဥသိမ်




ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု